
http://www.cherrythitsar.org



# ဖြစ်တည်ခြင်းပဓာနဝါဒ နှင့် လူသားပဓာနဝါဒ

ဆန်းလွင်

မြန်မာပြန်သည်

# EXISTENTIALISM and HUMANISM

Jean-Paul Sartre

http://www.cherrythitsar.org

**အားမာန်သစ်စာပေ**
အမှတ် (၅၁)၊ မန္တလေးလမ်း၊
ကန်တော်လေး၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

# ဖြစ်တည်ခြင်းပဓာနဝါဒ
# နှင့်
# လူသားပဓာနဝါဒ

ယန်းပေါ်ဆားတ်

## ဆန်းလွင်

မြန်မာပြန်သည်

# EXISTENTIALISM
AND
# HUMANNISM

Jean - Paul Sartre

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၄၇၁/ ၂၀၀၃ (၅)

မျက်နှာဖုံးခွင့်ပြုချက် – ၇၇၆/ ၂၀၀၃ (၉)

ထုတ်ဝေသူ – ဦးသန်းမြင့် (၀၁၀၄၀)
လင်းလင်းစာပေ၊
အမှတ် ၄/ ၂၉၊ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်းကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ – ဒေါ်ခင်နွဲ့ (နွေမိုးဆောင်း)
အမှတ် ၈၇၊ အထက်ကြည့်မြင့်တိုင်လမ်း
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ် – ဦးတိုးဝင်း (၀၂၄၃၁)
နေလရောင်အော့ဖ်ဆက်
(၉၆/ ခ)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ – သန်းမြင့်အောင်

ထုတ်ဝေသည့်လ – ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ၊

အုပ်ရေ – ၁၀၀၀

စာအုပ်ချုပ် – ပပစိုးနှင့်အဖွဲ့

တန်ဖိုး – ၈၀၀ ကျပ်

# ဘုံစဉ်စံ ဒဿန စခဲ့တဲ့စိတ်ကူး

## (ဘာသာပြန်သူရဲ့အမှာစကား)

၁။ ဘုံစဉ်စံ ဒဿနစာအုပ်ထွက်လာတော့ အကျွန်ုပ် စိတ်ထဲမှာ အားမလို အားမရဖြစ်မိတယ်။ ဘာကို အားမရတာလဲဆိုတော့ အဲဒီစာအုပ်မှာ ဖော်ပြထားတဲ့ 'ဖြစ်တည်ခြင်းပဓာနဝါဒ' နဲ့ ပတ်သက်ပြီး အားမရတာ။ ဘာကြောင့်အားမရသလဲဆိုတော့ 'ဖြစ်တည်ခြင်းပဓာနဝါဒ'ကို အပေါ်ရံရုပ်ကြည့်ပြီး မပီမပြင် တစ်စွန်းတစ်စပြောသလို ဖြစ်နေလို့ပါ။ ဖြစ်တည်ခြင်း ပဓာနဝါဒရဲ့ ရုပ်ပုံလွှာမပေါ်ဘူး၊ မပီပြင်ဘူး။ အဲဒါကို အားမရဖြစ်မိတယ်။

၂။ ဘုံစဉ်စံဒဿနကို လွန်ခဲ့တဲ့ (၁၀) နှစ်လောက်က ရေးခဲ့တာ၊ အဲဒီတုန်းက မြန်မာစာဖတ်ပရိသတ်ကြားမှာ 'ဖြစ်တည်ခြင်းပဓာနဝါဒ'ဟာ ရေပန်းစားစတော့ ပြုနေပါပြီ။ ဒါပေမယ့် ဘယ်သူမှန်မှန်ကန်ကန် ချွတ်ချွတ် မသိသေးဘူး။ ကမ္ဘာမှာ လူကြိုက်များ ရေပန်းစားတဲ့မျက်မှောက်ခေတ်၊ ၂၀ရာစုဒဿန တစ်ခုဖြစ်နေတာရယ်၊ ဒီဝါဒဟာ ရသစာပေ၊ ဂီတ၊ အနုပညာနယ်တွေအထိ ကျယ်ပြန့်နေလို့ လူသိရှင် ကြားများတာပဲ ရှိတယ်။ မြန်မာနိုင်ငံမှာ ဒီဝါဒ အကြောင်းကို ဂဃနဏ သိတဲ့လူတော့ မရှိဘူး။

http://www.cherrythitsar.org



၃။ လောက်လောက်လားလား ပြောစရာဆိုလို့ အဲလ ဗယ်ကမူးရဲ့ 'စည်းပြင်ဘက်ကလူ' The Stranger ဝတ္ထုဘာသာပြန်တစ်အုပ်ပဲ ရှိသေးတယ်။ ကာယကံရှင်ဒဿနဆရာကြီး Jean-Paill Sartre (ယန်းပေါ ဆားတ်)ရေးတဲ့ဒဿနစာတို့၊ ရသစာတို့ ဝေဖန်ရေးစာတို့ ဘာဆိုဘာမှ မရှိသေးဘူး။ (ခုထိလည်း မရှိသေးဘူး)။ အစကတော့ ဘယ်သူများဒီဒဿန အမြင်ကို မြန်မာစာပေထဲရောက်အောင်ပို့နိုင်မလဲ ဆိုပြီး စောင့်ကြည့်ခဲ့တယ်။ ကိုအေးကျော်(မောင်ကြည်သစ်) တစ်ယောက်တော့ အနည်းအကျဉ်း စွမ်းခဲ့ပါရဲ့။ ဒါပေမယ့် သူလည်း မူရင်းဒဿနစာတွေကို မကိုင်နိုင်ဘူး။ သူများပြောတဲ့ 'ဖြစ်တည်ခြင်းပဓာနဝါဒ'သဘောအချို့ကိုပဲ တစ်စွန်းတစ်စ ပြောပြနိုင်တယ်။ ထိုက်ထိုက်တန်တန် အားမထုတ်နိုင်ဘူး။

၄။ ဒါနဲ့ နောက်ဆုံးတော့ ဒီလုပ်ငန်းကြီးကို မိမိကိုယ်တိုင်လုပ်မှ ဖြစ်တော့မယ်ဆိုပြီး စိတ်ကူးရလာတယ်။

၅။ လုပ်မယ်ကြံတော့ ဒီကိစ္စကို ဒဿနပညာအခြေခံ ကောင်းကောင်းမရှိတဲ့ စာဖတ်ပရိသတ်ကို ပြောရင် နားဝေးနေဦးမယ်ဆိုတာ သိမြင်လာတယ်။ ဒါဘာကြောင့် ပြောရသလဲဆိုတော့ အောက်ပါ အကြောင်းတွေကြောင့် ပြောရတာပါ။

၆။ (က) အကျွန်ုပ် မှတ်မိသလောက် ၁၉၆၀ခုနှစ်

http://www.cherrythitsar.org



ဦးပိုင်းလောက်တုန်းက စာရေးသူ ဝိဇ္ဇာတန်း နောက်ဆုံးနှစ်လောက်မှာ အမေရိကန်ပြည် ဆေးတက္ကသိုလ်က ဆရာမကြီး ဒေါ်ခင် ဆက်ရီ ရန်ကုန်တက္ကသိုလ်ကို ပြန်ရောက် လာတယ်။ သူနဲ့အတူ 'ဖြစ်တည်ခြင်း ပဓာနဝါဒ' ပါလာတယ်လို့ ဆိုနိုင်တယ်။ ဆရာမကြီးက ဒီဝါဒကို တော်တော်စိတ်ဝင် စားဟန်တူတယ်။ သူ့မှာ စာအုပ်စာတမ်း တွေလည်း ပြည့်ပြည့်စုံစုံပါလာတယ်။ ဒီမတိုင်ခင်ကတော့ မြန်မာစာရေးဆရာတွေ ထဲမှာတောင် ရသစာပေအနေနဲ့ 'ဖြစ်တည် ခြင်းပဓာနဝါဒ'ကို လူသိရှင်ကြားမဖြစ်သေး ပါဘူး။

(ခ) အကျွန်ုပ် မဟာဝိဇ္ဇာတန်းရောက်တော့ MORTON WHITE (မော်တန်ဝိုက်) စုစည်း တင်ပြတဲ့ THE AGE OF ANALYSIS (ဝါအဖွဒဿနခေတ်)ဆိုတဲ့စာအုပ်ကို သင် ကြရတယ်။ အဲဒီအထဲမှာ 'ဖြစ်တည်ခြင်း ပဓာနဝါဒ'ခေါ်တဲ့ (EXISTENTIALISM) ပါတယ်။ ပီပီပြင်ပြင် မဟုတ်ပါဘူး။ ကောက် နုတ်ချက်ကလေးပဲ။ ဒါပေမယ့် စုစည်းတင် ပြသူ မော်တန်ဝိုက်က ဒီဝါဒပေါ်ပေါက်လာပုံ နောက်ခံဒဿနသမိုင်းကြောင်းကိုဖော်ပြပြီး

http://www.cherrythitsar.org



သူ့ရှေ့က သူ့ကိုလမ်းခင်းပေးခဲ့တဲ့ ကီးကဲဂတ်၊ ဟိုက်ဒဂ္ဂါးမာဆဲလ်တို့ရဲ့ ဒဿနအမြင်တွေကိုပါပြထားလို့၊ ဒီဝါဒရဲ့သဘောကို ခန့်မှန်းရရုံလောက်တော့ ကျေးဇူးများတယ်။

(ဂ) ဒါပေမယ့် မော်တင်ဂိုက်က အရေးအကြီးဆုံးအချက်တစ်ချက်ကို ပမာဒဖြစ်သွားသလား မသိ၊ ချန်ထားခဲ့တာတွေ့ရတယ်။ အဲဒါကတော့ တခြားမဟုတ်ဘူး။ ပြင်သစ်ဒဿနဆရာများရဲ့ ဖခင်ကြီးလို့ ကမ္ဘာက အသိအမှတ်ပြုထားရတဲ့ ဒဿနဆရာကြီး 'ဒေးကား'[၁]ရဲ့ Cogeto သဘောတရား "I think, therefore I am" အကြောင်းမပါလာဘူး။ ဒါပါမလာတော့ ယန်းပေါ်ဆားတ်ရဲ့ ဒဿနအမြင်မှာ အခြေခံအုတ်မြစ်မပါသလိုဖြစ်နေတယ်။ ဘာကြောင့် ဒီလိုပြောရသလဲဆိုတော့ ယန်းပေါ်ဆားတ်ရဲ့ ဖြစ်တည်ခြင်းပဓာနဝါဒဟာ ဒီ Cogeto သဘောတရားကို ဘုရားဟောတရားလောက်မက မှန်တဲ့ သစ္စာတရား Truth လို့ ယူဆပြီး နက်နက်နဲနဲ ခံယူထားလို့ပဲ ဖြစ်တယ်။

(ဃ) ထပ်ပြီးဆင့်ကဲ ပြောသင့်တာက ဒီ Cogeto သဘောတရားကို ယန်းပေါ်ဆားတ်လို ထူးထူးခြားခြား ထွင်းဖောက်ပြီး ရှုမြင်နိုင်သူ

(၁) ဆန်းလွင် – ကမ္ဘာ့တွေးခေါ်ပညာရှင်ကြီးများမှာကြည့်ပါ။

http://www.cherrythitsar.org



ကမ္ဘာ့ဒဿနသမိုင်းမှာ ဘယ်သူမှ မရှိဘူး။ ဘာထရန်ရပ်ဆယ်လ်လည်း သူ့လိုမသိဘူး။ ယန်းပေါ်ဆားတ်ကတော့ တကယ့်ကိုပဲ နှိုက်နှိုက်ချွတ်ချွတ် ထိုးထိုးထွင်းထွင်း သိမြင်သူဖြစ်တယ်။ ဒါကြောင့် ဒီ Cogeto သဘောတရားကို သူမြင်သလိုမမြင်တတ်ရင် အဲဒီအမြင်ပေါ်မှာ အခြေခံထားတဲ့ သူ့ရဲ့ဖြစ်တည်ခြင်းပဓာနဝါဒထဲက –မိမိကိုယ်မိမိဖြစ်တည်ခြင်းကို သိနားလည်ခြင်း (Self-awareness)သဘောကိုလည်း နားမလည်နိုင်ဘူး။ လူမှာ အာရုံသိစိတ် ဝိညာဉ်ဖြစ်ပေါ်ပုံ 'စိတ္တုပ္ပါဒ'ကိုလည်း သူနားလည်သလို နားမလည်နိုင်ဘူး။ ပြီးတော့ လူသားရဲ့ဖြစ်တည်မှုဟာ လွတ်လပ်စွာ ရွေးချယ်မှုအပေါ်မှာ လုံးလုံးလျားလျား တည်နေတယ်ဆိုတာကိုပြတဲ့၊ လွတ်လပ်ခွင့်ကို နားလည်ခြင်း (awareness of freedom) ကိုလည်း နား မလည်နိုင်ဘူး၊ လူရဲ့ ဖြစ်တည်ခြင်းမှာ မလွှဲသာမရှောင်သာ ပါဝင်နေတဲ့၊ ဆင်းရဲခြင်းဒုက္ခရောက်ခြင်း (anguish) သဘောတရား၊ ဖြစ်တည်ခြင်းဆိုတာ 'ကံ'အားလုံးပဲဆိုတဲ့ သဘောတရားတွေကို နားလည်ဖို့ သိပ်ခက်တယ်။

http://www.cherrythitsar.org



(င) သူ့ရဲ့ ဒဿနအမြင်ဟာ သူ့အရင်က ပေါ်ပေါက်ခဲ့တဲ့ ဘယ်ဒဿနအမြင်နဲ့မှ မတူဘူး။ သူက လူ့ဘဝဖြစ်တည်နေခြင်းကိုသာ ထိုးထွင်းပြီး လူတွေခံစားနေရတဲ့ ဆင်းရဲဒုက္ခတွေက သက်သာရာရကြောင်းကို ပဓာနထားပြီး ရသစာပေ၊ အနုပညာ၊ နည်းပေါင်းစုံနဲ့ ဖော်ပြတာ ဖြစ်တယ်။

၇။ ဒီအချက်တွေအားလုံးကို အကျွန်ုပ် ခေါင်းထဲထည့်ပြီး စဉ်းစားလိုက်တယ်။ ဒီအယူဝါဒဟာ တချို့ကိစ္စတွေမှာ ဗုဒ္ဓဘာသာဝါဒနဲ့ အတော် နီးစပ်နေတယ်။ လူ့ဘဝကိုအခြေခံပြီး လူသားရဲ့ဆင်းရဲဒုက္ခသဘောတွေကို ရှုမြင်တာတွေ၊ ဆင်းရဲကင်းအောင်ဘယ်လိုလုပ်သင့်တယ်ဆိုတဲ့ ပြဿနာတွေကိုစဉ်းစားတာ (ဗုဒ္ဓဝါဒနဲ့ အဖြေမတူသော်လည်း) မြတ်ဗုဒ္ဓ စဉ်းစားခဲ့တဲ့ပြဿနာတွေကို သူက သူ့နည်းနဲ့သူ စဉ်းစားတယ်။ တစ်ခုပဲရှိတယ်။ သူက မြတ်ဗုဒ္ဓရဲ့ 'စိတ္တုပ္ပါဒ' သဘောတရားတွေ၊ ပဋိစ္စသမုပ္ပါဒ်တရားတွေ၊ ကမ္မနိယာမအမြင်တွေကို နားမလည်ခဲ့လို့သာ တလွဲတချော်ဖြစ်သွားတာဖြစ်တယ်။ ဒါတွေကို မြန်မာပညာရှင်တွေ၊ ပရိယတ္တိဖက်က အားသန်ကြတဲ့ သံဃာတော်တွေ သိမြင်စေချင်တယ်။ ဒါမှသာ ဒီဝါဒ ဘယ်နေရာမှာ မှန်ပြီး၊ ဘယ်နေရာမှာ မှားသွားသလဲဆိုတာကို သိမြင်ကြမယ်။

http://www.cherrythitsar.org



၈။ ပိုပြီး အရေးတကြီး သိစေချင်တာက ဖြစ်တည်ခြင်း ပဓာနဝါဒရဲ့ လူ့ဘဝကိုချဉ်းကပ်ပုံပဲ ဖြစ်တယ်။ ဒါကြောင့်လည်း ဒီဝါဒဟာ တောမီးလောင်သလို ကမ္ဘာပေါ်မှာ ဩဇာကြီးမားစွာ ပြန့်နှံ့သွားတာ ဖြစ်တယ်။ ဗုဒ္ဓဘာသာမြန်မာများအနေနဲ့ ကိုယ့်ဘာသာ ကိုယ့်အယူဝါဒဟာ ဖြစ်တည်ခြင်း ပဓာနဝါဒထက် လူ့ပြဿနာတွေကို ဖြေရှင်းရာမှာ ပိုပြီး ထိရောက်ပါလျက် ဘာကြောင့် ကမ္ဘာပေါ်မှာ အကြီးအကျယ် မပြန့်နှံ့ဘဲ ပွဲမတိုးဖြစ်နေရတာလဲ ဆိုတာတွေကိုပါ သိစေချင်တယ်။

၉။ ဒီစကားကို ဘာကြောင့် ပြောရသလဲဆိုတော့ ယန်းပေါ်ဆားတ်ရဲ့ အဓိကကျတဲ့ 'ဖြစ်တည်ခြင်း ပဓာနဝါဒ' ကျမ်းဟာ 'ဖြစ်တည်ခြင်းနဲ့အနတ္တ' Being and Nothingess ကျမ်း ဖြစ်နေတာကြောင့်ပါ။ ဒီကနေ့ မျက်မှောက်ကာလကမ္ဘာပေါ်မှာ ထေရဝါဒကို ခေတ်စားအောင်လုပ်ချင်ရင်၊ ဘာတွေကို ထည့်သွင်းစဉ်းစားရမလဲ၊ ဘယ်လိုချဉ်းကပ်ပုံနဲ့ ချဉ်း ကပ်ရမလဲ ဆိုတာတွေကို မြန်မာလူမျိုးပညာရှင် တွေ စဉ်းစားမိကြအောင်လို့ ဒီ 'ဖြစ်တည်ခြင်းပဓါနဝါဒ' ရဲ့မူရင်းသဘောတရားတွေကို မြန်မာစာပေထဲ ရောက်အောင် အကျဉ်းချုပ်အနေနဲ့ ဆက်လက်ကြိုးပမ်း သင့်သေးတယ်လို့စိတ်ကူးရလာပါတယ်။

၁၀။ ဒါကြောင့် ဒီဝါဒကို မူရင်းအတိုင်း မြန်မာစာပေနယ်ထဲ

http://www.cherrythitsar.org



ကိုပို့ဆောင်မယ်ဆိုရင် ဘယ်စာအုပ်ကစပြီး ဘာသာပြန်သင့်သလဲဆိုတာ စဉ်းစားရပြန်တယ်။ 'ဖြစ်တည်ခြင်းနဲ့အနတ္တာ'ကို ချက်ချင်းဘာသာပြန်လို့ မဖြစ်ဘူး။ အခြေခံသဘောတရားတွေကို မြန်မာပရိသတ်မသိကြသေးဘူး။ ဒါကြောင့် ယန်းပေါ်ဆားတ်ဟောတဲ့ ခု ဒီစာအုပ်ကို ပထမဘာသာပြန်တာက ပိုပြီး ခရီးရောက်လိမ့်မယ် တွေးမိခဲ့ပါတယ်။

၁၁။ 'ဖြစ်တည်ခြင်းပဓါနဝါဒ' နဲ့ပတ်သက်ပြီး ဝတ္ထုရသစာပေအဖွဲ့ကတော့ များပါတယ်။ ဒါပေမယ့် ကျမ်းစာအနေနဲ့ကတော့ ယန်းပေါ်ဆားတ် ကိုယ်တိုင်ရေးတွေပဲရှိတယ်။ သူ့အရင်ကတော့ ဖန်ဆင်းရှင် ရှိတယ်ဆိုတဲ့ ခရစ်ယာန်အရိုးစွဲဝါဒအပေါ် အခြေခံတဲ့ 'ဖြစ်တည်ခြင်းပဓါနဝါဒ' ကျမ်းတွေတော့ရှိတယ်။ ဒါတွေကမြန်မာပရိသတ်နဲ့မအပ်စပ်ပါဘူး။ ယန်းပေါ်ဆားတ်ကတော့ မြတ်ဗုဒ္ဓအတိုင်းပဲ ဖန်ဆင်းရှင်ဘုရားသခင်ရှိတယ်ဆိုတာကို လုံးဝလက်မခံဘူး။ မယုံကြည်ဘူး။ ဒါကြောင့် သူ့အတွေးအခေါ်တွေဟာ ဗုဒ္ဓရဲ့အတွေးအခေါ်တွေနဲ့ အတော်နီးစပ်ပါတယ်။ အဓိပ္ပါယ်ဖွင့်ဆိုပုံမတူလို့ ကွဲပြားခြားနားရတယ် ထင်ရပေမယ့် အနှစ်အရသာတူနေတာတွေကို တွေ့ရတယ်။ အမှန်ကတော့ သူဟာ သဗ္ဗညုတဉာဏ်ရထားတဲ့ ဒေသနဆရာ မဟုတ်လို့ သူ့အမြင်တွေဟာ အကန့်အသတ်ရှိနေတာ၊ လုံးလုံးလျားလျားသစ္စာ မဆိုက်

http://www.cherrythitsar.org



သေးတာပဲ ဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် ခု ဘာသာပြန် လိုက်တဲ့ ကျမ်းစာကလေးကို ဖတ်ပြီးရင် သူဟာ ဘယ်ကိစ္စတွေမှာ အားနည်းနေတယ် ဆိုတာ၊ ပညာရှင်စာဖတ်ပရိတ်သတ် သိမြင်သဘောပေါက်လာ ပါလိမ့်မယ်။

အကျွန်ုပ်သည် ယခုအခါ လူ့ဘောင်ကို စွန့်ခွာပြီး ရဟန်းဘဝကို ရောက်နေတာကြောင့်၊ ရဟန်းကိစ္စ တွေကို ဦးစားပေးလုပ်နေရပါတယ်။ ဒါပေမယ့်ရတဲ့ အချိန်ကလေးမှာ (အသက်မသေခင်) မြန်မာစာပေ နယ် ကျယ်ပြန့်ရေးအတွက် ဒဿနစာပေကဏ္ဍ အတွက်လည်း စွမ်းနိုင်သလောက် လုပ်ထားခဲ့ဖို့ ဆုံးဖြတ်ထားပါတယ်။ တတ်နိုင်သမျှပေါ့။

မြန်မာစာဖတ်ပရိတ်သတ်များ နှစ်သက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဘာသာပြန်သူ**

http://www.cherrythitsar.org



# မိတ်ဆက်စကား

ဖြစ်တည်ခြင်းပဓာနဝါဒ လှုပ်ရှားမှုသည် ပြင်သစ်နိုင်ငံတွင် အလွန်လူကြိုက်များသော အောင်မြင်မှုမျိုး ရခဲ့စေကာမူ အမှန်မှာ ဤလှုပ်ရှားမှုကား ထို့ထက်ပို၍ အောင်မြင်ခေတ်စားသော အတွေးအခေါ်ပိုင်းဆိုင်ရာ ဟန်ပန်အမူအရာ (Fashion) တစ်ခု ဖြစ်ခဲ့ပါသည်။ ဤလှုပ်ရှားမှု မတိုင်မီ အနှစ်တစ်ရာကျော် သမိုင်းကာလတစ်လျှောက်တွင် ဤအတွေးအခေါ်လှုပ်ရှားမှုသည် ဒဿနပညာနယ်တွင် အလွန်အကျွံစနစ်ပုံ ဖန်တီးသော အစဉ်အလာကြီးတစ်ခုလုံးကို ပုန်ကန်ခြားနားသော အတွေးအခေါ်တစ်ခု ဖြစ်သည်ဟု သတ်မှတ်လိုလျှင်လည်း သတ်မှတ်၍ ရကောင်းပါမည်။ ဤသို့သော အတွေးအခေါ် ပုန်ကန်ခြားနားမှုမျိုးသည် အနောက်တိုင်း ဒဿနသမိုင်းတလျှောက်တွင် အခါအားလျော်စွာ ပေါ်ပေါက်ဖူးပြီးလည်းဖြစ်ပါ၏။ မကြာခဏ ဘဝဖြစ်တည်ခြင်းပဓာနဝါဒကို သမိုင်းကြောင်း ဆန့်ကျင်ဘက်အမြင်ဟု ဖော်ပြကြသော်လည်း သဘောအမြင်တစ်ရပ်အရ ကြည့်မည်ဆိုပါက ဤဝါဒသည်လည်း သူ့ရှေ့က ဖြစ်ပေါ်ခဲ့သော သမိုင်းကြောင်းအပေါ်မှာ စိတ်ဝင်စားမှု မကင်းကြောင်း ဖော်ပြနေပါ၏။ ယန်းပေါဆားတ်ကိုယ်တိုင် ဟောကြားခဲ့သော ဟောကြားချက်ကို ဘာသာပြန်၍ တင်ပြသော ဤစာတမ်းကို နောက်ဆက်တွဲအားဖြင့် ဆွေးနွေး

http://www.cherrythitsar.org



သုံးသပ်ချက်များ ပါရှိပေရာ ထိုဆွေးနွေးချက်များပါ အတွေး အခေါ်ဂိုဏ်းများ အကြောင်းကိုပါ ဤတွင် အမှာစကား အကျဉ်းအားဖြင့် ပါးရလျှင် အသုံးဝင်မည် ထင်ပါ၏။

အမှန်မှာ ဖြစ်တည်ခြင်းပဓာနဝါဒ၏ ပထမ အဓိက ကျသော အကြောင်းအရာများသည် ဟေဂယ်၏ ဒိုင်ယာ လက်တစ်သဘောတရားတွင် အခေါင်အထွတ်သို့ ရောက်ခဲ့ သော ဂျာမန်အတွေးအခေါ်များထဲတွင် ပါဝင်နေပြီး ဖြစ်ကြောင်း တွေ့ရသည်။ ထိုလူများ လက်ခံလာအောင် ပြဌာန်းခြင်းရှိသော ခမ်းနားကြီးကျယ်သည့် အတွေးအခေါ် သည် နောင်လာမည့် လူမျိုးနွယ်စု၏ ကစဥ့်ကလျား ဖြစ်နေ မည့် လူ့စိတ်သဘောထားအပေါ်၌ လွှမ်းမိုးရန် ဖြစ်ပေါ်လာ ခဲ့ရာ၌ အထီးကျန် ဒိန်းမတ်တွေးခေါ်ရှင် ဆိုရင်းကီးကဲဂတ်ကို လှုံ့ဆော်သမှု ပြုနိုင်ခဲ့လေသည်။ ရှင်းရှင်းလင်းလင်း ဖော်ပြ ထားသော သူ၏ ပဋိပက္ခအဖြစ် စာအုပ်ကြီးများကို ဖြစ်ပေါ် လာအောင်လည်း လမ်းခင်းပေးခဲ့ပါ၏။ ဖြစ်တည်ခြင်း ဝါဒီ အမည်ခံသူတိုင်းက သူ့ကျေးဇူးမကင်းကြောင်း ဝန်ခံကြရ သည့် ဤမှတ်လောက်သားလောက်အောင် ထင်ရှားသော ပုဂ္ဂိုလ်၏ ဘဝသည်ကား အပြင်ပန်းအားဖြင့် အော့(ဗ်) လိုဟော့လို မှတ်သားလောက်အောင် အဖြစ်အပျက် မများ လှစေကာမူ၊ အတွင်း အဇ္ဈတ္တအားဖြင့်မူကား အလွန်စိတ် လှုပ်ရှားစရာကောင်းလှသော ဖြစ်ရပ်များ ပြည့်နှက်နေသည် ဟု ဆိုနိုင်ပါ၏။ သူ့လောက် အတိဒုက္ခများသော စိတ် ဝိဉာဉ်မျိုး၊ သူ့ထက်ပို၍ ရှင်းလင်းပြီးလျင်မြန်ထက်မြက်

http://www.cherrythitsar.org



သော ဉာဏ်မျိုး ဘယ်တုန်းကမျှ မပေါ်ပေါက်ခဲ့ဖူးပေ။ သူ့ဉာဏ်သည် အသိပညာကြွယ်သူများ၏ ဉာဏ်အလားကို ရှာဖွေပြီး ၎င်းတို့သည် ဘာမျှတန်ဖိုးမရှိကြောင်း ငြင်းပယ်ရန် ဖြစ်ပေါ်လာသော ဉာဏ်မျိုးဖြစ်သည်။ သူသည် ရှေးကကြီးကျယ်ခဲ့သော ဒဿနစနစ်ကြီးများကို တည်ဆောက်ခဲ့ကြသူများ၏ အမြင်များကို အဆက်မပြတ် ငြင်းချက်ထုတ်နေခဲ့လေသည်။ သူ့အမြင်များသည် ပင်ကိုယ်အားဖြင့် သူ၏ မူရင်းအယူအဆများသာ ဖြစ်ကြသည့် ဟာသဉာဏ်ကလည်း လင်းလက်နေသည်။ သရုပ်ဖော်တင်ပြချက်တွေ ပုံဝတ္ထုသာဓကများကလည်း သစ်ဆန်းသလောက် နက်နဲလှပါ၏။

သူက အတွေးအမြင် အတော်များများသည် အသိအလိမ္မာ ဉာဏ်ပညာမပါ၊ အချက်အလက်နောက်က ပါသော အသိပညာများ မဟုတ်ကြဘဲ၊ အသိဉာဏ်ပညာနောက်က ပညာမျိုးချည်းသာ ဖြစ်နေကြသောကြောင့် တကယ့်ဖြစ်ရပ်နှင့် ဘာမျှမဆိုင်သလို ဖြစ်နေကြသည်ဟု ရှုမြင်လေသည်။ ဂျပန်တွေးခေါ်ရှင် ကန့်(Kant)၏ခွဲခြမ်းစိတ်ဖြာ (ဝိဘဇ္ဇဒဿန)သည် လည်းကောင်း၊ ဟေဂယ် (Hegal)၏ အတွေးအခေါ်နှင့် သမိုင်း၏ ဆင့်ကဲဖြစ်စဉ်သဘောတရားသည်လည်းကောင်း လူသားတစ်ယောက်၏ ဘဝနှင့် စပ်ဆိုင်သော တကယ့်ဖြစ်ရပ်အပေါ် တည်သော ဆုံးဖြတ်ချက်ချရမည့်ကိစ္စမျိုးတွင် ဘာမှ အထောက်အကူမပေးနိုင်ကြောင်း သုံးသပ်ပြခဲ့သည်။ ဟုတ်ပါ၏။

http://www.cherrythitsar.org



အတွေးအမြင် ဖွံ့ဖြိုးမှုဆိုသည်မှာလည်း လူသား၏ တကယ့် ဘဝ ပြဿနာကို ဖြေရှင်းရာမှာ ဘာအကူအညီမျှ မပေး နိုင်ကြောင်း သူ ရှုမြင်နိုင်ခဲ့ပါ၏။ အတွေးအခေါ်သန့် သန့်၊ သံယောဇဉ်ကင်းသော အတွေးအခေါ်ဆိုတာသည် အရေးပါသော ကိစ္စများ မှီခိုနိုင်ခြင်းမရှိသည့် အတွက် အရေးမပါသော ဆုံးဖြတ်ချက်မျိုးသာ ဖြစ်ရပေမည်။ လူသားတစ်ဦး၏ ဘဝတွင် ကြုံရသော ဘေးကျပ်နံကျပ် တကယ့် ဖြစ်ရပ်နှင့်တော့ အလှမ်းကွာဝေးနေမည်သာ ဖြစ်၏။ ကီးကဲဂတ်အမြင်မှာတော့ ပုဂ္ဂလိက လူသား တစ်ယောက်၏ ဘဝသာလျှင် အစစ်အမှန်ဘဝဟု ခံယူထား လေသည်။ ထိုဘဝ ပြဿနာအကျပ်အတည်းများကို ဘယ်ဉာဏ်ပညာသက်သက် စူးစမ်းမှုမျိုးနှင့် ဘယ်တွေးခေါ် မှု နိယာမများကို ရှာဖွေစူးစမ်းနေခြင်းမျိုးကမှ ဖြေရှင်းပေးနိုင် မည်မဟုတ်ဟု သူ ယုံကြည်ထားလေသည်။ ဝိဉာဉ်ပိုင်း ဆိုင်ရာ ဆူညံဟစ်ကြွေးသံများ ပဋိပက္ခများဖြစ်သော သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဥပါယာသများနှင့် အဝိဇ္ဇာနယ်ထဲသို့ သက်ဝင်သွားသော အန္တရာယ်များလှ သည့် ယုံကြည်သက်ဝင်မှုများကို ကျော်ဖြတ်နိုင်မှသာ သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ချက်များ ပေါ်ထွက်လာနိုင်သည်။ ထို့ကြောင့် လူသားတစ်ဦးချင်း၏ ဘဝဖြစ်တည်မှုအစစ် အမှန်သည် ထိုသူ၏ အဇ္ဈတ္တသန္တာန်မှသာ စတင် ဖြစ်ပေါ် လာနိုင်သည်။ စိတ်က ပြဋ္ဌာန်းပေးနိုင်သော ဥပဒေစည်းကမ်း များထဲက ပေါ်ထွက်မလာနိုင်ပေ။ ဓမ္မဓိဋ္ဌာန်ကျ ဖန်တီးထား

http://www.cherrythitsar.org



သော အသိပညာသည် အစဉ်သဖြင့် သစ္စာအမြင်နှင့် တစ်နည်းမဟုတ် တစ်နည်း အလှမ်းကွာဝေးနေမည်သာ ဖြစ်၏ဟု ကီးကဲဂတ်က ဆိုထားသည်။ သူ့အမြင်မှာ 'သစ္စာတရားသည် ပုဂ္ဂလဓိဋ္ဌာန်သဘောသာ ဖြစ်သည်'

ဤကဲ့သို့ ပုဂ္ဂလဓိဋ္ဌာန်သဘောအားဖြင့်သာ လူတစ်ယောက်နှင့်တစ်ယောက် အတွင်းအဇ္ဈတ္တက ဆက်နွယ်မှုအားဖြင့်သာ လူတစ်ယောက်သည် ထာဝရ ဘုရားသခင်နှင့် အဆက်အသွယ်ပြု၍ ရနိုင်ပေသည်။ ဉာဏ်ပညာထွန်းကားသော ခေတ် (The age of Enlightenment)တစ်လျှောက်လုံး၊ ထာဝရဘုရားအယူအဆသည် ဒဿနပညာနယ်ကို လွှမ်းမိုးဆဲ ရှိသေးသည်။ သို့သော် ထာဝရဘုရားကို ပုဂ္ဂိုလ်သဘောမဟုတ်ဘဲ အနန္တဝိဉာဉ်တော်အဖြစ် လက်ခံထားကြသေးသည်။ ထိုအမြင်သည် ကီးကဲဂတ်၏ အတွေးအခေါ်ကိုလည်း အုပ်စိုးလျက်ရှိသည်။ ပြီးတော့ ဒဿနပညာရှင်များကိုယ်တိုင်ကလည်း ခရစ်ယာန်များ ဖြစ်နေကြလေသည်။ အများအားဖြင့် ထာဝရဘုရားကို ကြည်ညိုစိတ်သန်နေကြသူများ ဖြစ်ကြသည်။ ခေတ်ပြိုင်အားဖြင့်လည်း အတွေးအခေါ်ပညာရှင်များနှင့် သိပ္ပံပညာရှင်များ၏ ဆောင်ရွက်ချက်များမှာ ထာဝရဘုရားအပေါ် သက်ဝင်ယုံကြည်မှုမှ ခွာပြေးသော လူများ၏ လုပ်ရပ်များလည်း အရှိန်မြင့်စွာ ဖြစ်ပေါ်လာနေပြီ ဖြစ်၏။

ဤ ကြီးကျယ်သော အတွေးအခေါ်ပညာရှင်ကြီး၏ စာပေ ကျမ်းဂန်များသည် ဒဿနထက် ပို၍ ဘာသာ

http://www.cherrythitsar.org



ကိုးကွယ်ရေး ဓမ္မရေးဆန်နေကြသည်။ ထိုခေတ်က လူအများ လက်ခံထားကြသော အမြင်များအတိုင်းပင် ဖြစ်နေကြသေးသည်။ သို့သော် ကီးကဲဂတ်သည် တက္ကိက အမြင်သန်နေဆဲ ဖြစ်သည်ကိုလည်း မငြင်းသာပေ။ ကီးကဲဂတ်၏ အပြုသဘောစွမ်းဆောင်မှုများကို၊ ရသပညာပိုင်း၊ ကိုယ်ကျင့် ပညာပိုင်းနှင့် ဝိဉာဉ်၏ စိတ်ပညာဟုခေါ်သော အပိုင်းတွင် ပို၍ များများ တွေ့ရသည်။ ကီးကဲဂတ်သည် ဂမ္ဘီရအမြင်များကိုရော စိတ္တဇသဘောဖြင့် တရားကိုထုတ်စဉ်းစားတွေးခေါ်ပုံ ဒဿနည်းကိုလည်းကောင်း မနှစ်သက်ပေ။ သူ့အယူအဆအားလုံးကို ပုဂ္ဂလိက လူသားဘဝမှာ အခြေစိုက်ထားသည်။ သက်ရှိ မျက်မှောက်ဘဝထဲက လူသား၏ တဏှာလောဘ၊ သောက ပရိဒေဝမီးများအပေါ်မှာ အခြေစိုက်ထားသည်။ သူ့ဆင်ခြေများကိုလည်း သူ၏ အတွေ့အကြုံများပေါ်မှာသာ အခြေပြုသည်။ သူ့ဘဝ၏ အကျဉ်းအကျပ် ပြဿနာများပေါ်မှာ အခြေခံထားသည်။ သူ့ဘဝဆိုတာကလည်း အပေါ်ယံအားဖြင့် သူလိုငါလို သာမန်လူသား၏ဘဝမျိုးပင် ဖြစ်သည်။ သူက လူသားကို ချမ်းသာသုခအတွက် ရမ္မက်ပြင်းထန်နေသူအဖြစ် ရေးသားဖော်ပြသည်။ ထာဝရ ချမ်းသာကို လိုလားသူဟု သူ ရှုမြင်သည်။ ရမ္မက်ကြောင့်ဖြစ်ပေါ်လာသော ပြဿနာသုံးမျိုး ရှိပုံကို သူ စူးစမ်းထားသည်။ ရသပြဿနာ၊ ဓရကာ ပြဿနာနှင့် ဓမ္မပြဿနာများ ဖြစ်သည်ဟု သူဆိုသည်။ သူ၏ လုပ်ဆောင်ချက်အားလုံးအတွက် ညီညွတ်မှုနှင့် ပုံပန်း

http://www.cherrythitsar.org



သဏ္ဌာန်ကျနအောင် အပြည့်အဝ စနစ်တကျ ဖော်ပြနိုင်ခဲ့လေသည်။

အလွန်အဆင့်မြင့်သော ကီးကဲဂတ်၏ အများလက်ခံထားသော ခရစ်ယာန်အယူနှင့် မတူသော ရေးသားပုံရေးသားနည်းသည် စိတ်လှုပ်ရှားမှုကို ဖြစ်ပေါ်စေကာမူအတိုင်းအတာ နက်ရှိုင်းသော ဘုရားတရားကြည်ညိုခြင်းမှသည် စကားလုံးဖွာသော ကလက်တက်တက် ဣန္ဒြေမဲ့ပြောဆိုခြင်းအတိအကျပြောရကား သူ၏အများလက်ခံသောခရစ်ယာန်အယူမှန်ဝါဒနှင့် မတူမှုထက် လွန်ကဲနေသည့်အတွက် တိတိကျကျ အပ်ကျမတ်ကျ ပြောဖို့ သူ့ကိုဘာသာရေး စာပေသမားတစ်ဦးအဖြစ် အများက လက်ခံထားမှုအတိုင်း ဖော်ပြဖို့ပင် မလွယ်ကူပါ။ သို့ရာတွင် သူသည် ဘာသာရေးစာပေရေးသားသူတစ်ဦးမှုနှင့် သူ၏ပရိုတက်စတင့် ဘုရားကျောင်း အယူဝါဒကို ပုန်ကန်ရေးသားမှု၊ တစ်ကြိမ်က သူသည် ဓမ္မတရားဟော ဆရာတစ်ဦးဖြစ်ခဲ့မှုများအရ သူ၏အဓိက ရည်မှန်းချက်မှာ အစဉ်အလာရိုးရာ အယူဝါဒများကို ပြန်လည်ရှာဖွေဖော်ထုတ်ပြီး ထိုအယူများ၏ မှန်ကန်မှုကို လျှောက်လဲချက်ပေးဖို့ပင်ဖြစ်လေသည်။ သူ၏နောက်ဆုံး နောက်ဆက်တွဲကျမ်းတွင်သူက သူ၏အရေးအသား အားလုံးတွင် အကျုံးဝင်လျက်ရှိသော သူ၏ ရည်ရွယ်ချက် သဘောထားကို ဖော်ပြခဲ့လေသည်။ 'မူရင်းကျမ်းစာ သက်သက်ကိုသာ ဖတ်ကြဖို့ပုဂ္ဂလိက လူသား၏ ဖြစ်တည်မှုနှင့် ရေးကျမ်းဂန်များ

http://www.cherrythitsar.org



အကြား ဆက်နွယ်မှုကို လေ့လာကြဖို့ ဆရာစဉ်ဆက် လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြသော အနုဗောဓ ဉာဏ်ကို နားလည်ရေးအတွက် စိတ်ပါလက်ပါ လေ့လာကြဖို့' တိုက်တွန်းထားလေသည်။

ကီးကဲဂတ် နောက် ယခု အနှစ်တစ်ရာကျော်လာသည့်တိုင်အောင် 'သဲလိုက်အူပါ' ဆိုသော စကားသည် သူနှင့်သူ့စာဖတ်ပရိတ်သတ်အကြားတွင် အလွန်ရင်းနှီးသော ပုဂ္ဂိုလ်ရေး ဆက်နွယ်မှုအတွက် ထူးထူးခြားခြား အင်အားကောင်းသော စကားလုံးဖြစ်နေသေးသည်။ ကီးကဲဂတ်သည် ကြာမြင့်လှစွာကတည်းက ပထမဆုံးသော ဖြစ်တည်မှု ပဓာနဝါဒီကြီးအဖြစ် ရပ်တည်လာနိုင်ခဲ့၏။ သို့ရာတွင် သူကွယ်လွန်သောအခါ သူ၏ လုပ်ဆောင်ချက်များ၊ အရေးအသားများကို အကြီးအကျယ် လျစ်လျူရှုခြင်း ခံခဲ့ရလေသည်။ ဂျာမနီပြည်တွင် လူအနည်းအကျဉ်းလောက်ကသာ သူ့စာပေများကို စိတ်ဝင်တစား လေ့လာခဲ့ကြသည်။ သူ့ကို သူ့မွေးရပ်မြေကလွဲပြီး၊ နိုင်ငံရပ်ခြားတွင် သိသူမရှိခဲ့သလောက်ပင်ဖြစ်သည်။ မျက်မှောက်ခေတ်ကျမှ သူ့စာများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ကြသည့်အတွက် လူသိများလာခဲ့ပါသည်။

ကမ္ဘာစစ်ကြီး နှစ်ခုစပ်ကြား ကာလတစ်လျှောက် ဉာဏ်ပညာကမောက်ကမ ဖြစ်နေစဉ်ကမှုကီးကဲဂတ်၏ ဩဇာသက်ရောက်မှုကို ဂျမနီပြည်သူများအပြင်းအထန် ခံစားခဲ့ကြရသည်။ သူ့အတွေးအခေါ်အယူအဆများကို

http://www.cherrythitsar.org



နီရှေး၏ နှောင်းခေတ် အတွေးအခေါ်များနှင့် ပေါင်းစပ်ခဲ့ကြလေသည်။ နီရှေးကတော့ ကီးကဲဂတ်အကြောင်းကို ကြားသိခဲ့ဟန် မတူပါ။ ကီးကဲဂတ်ကို ရမ္မက်၊ သောက၊ ပရိဒေဝနှင့် လူပုဂ္ဂိုလ်အလိုက် ဆုံးဖြတ်ချက်ချမှု စသည့်သဘောတရားများအပေါ် အဓိကထား၍ စဉ်းစားတွေးခေါ်ခဲ့သော စိတ်ကူးယဉ်ဖြစ်တည်ခြင်း ပဓာနဝါဒီတစ်ယောက်အဖြစ် သိခဲ့ပုံမပေါ်ပါ။ နီရှေးနှင့် ကီးကဲဂတ်တို့သည် သီးခြားရှိနေခဲ့ကြသော တွေးခေါ်ရှင်ကြီး နှစ်ဦးဖြစ်ပုံရသည်။ တစ်ယောက်နှင့်တစ်ယောက်မှာ ဝင်ရိုးစွန်းခြားနေကြသူများဖြစ်ကြသည်။ သို့ရာတွင် သူတို့နှစ်ဦး၏ အတွေးအခေါ်ကမ္ဘာလောကကြီးကတော့ တစ်ခုတည်းပင် ဖြစ်ကြောင်းသိသာထင်ရှားသည်။ နီရှေးကတော့ ခရစ်ယာန်ဝါဒကို လုံးဝဆန့်ကျင်သူ ဖြစ်သည်။ ထိုအချက်သည် လူသား၏ပုဂ္ဂလိကအပြည့်အဝ ရပ်တည်ခြင်းသဘောတရားကို ဆန့်ကျင်ဘက်သဘောဖြင့် ဖော်ပြချက် ဖြစ်သည်။ ထိုအချက်တွင် ကီးကဲဂတ်၏ ခရစ်ယန်ကျောင်းတော်ဝါဒ၊ ဘုန်းကြီးဆန့်ကျင်ရေးအမြင်နှင့် ဆက်စပ်မှုရှိသည်ဟု ဆိုနိုင်သည်။

နီရှေး၏ ဥတ္တမပုရိသ ( Super man )အယူအဆနှင့် ကီးကဲဂတ်၏ ယုံကြည်မှု သူရဲကောင်း (Knight of faith)အယူအဆ နှစ်ခုစလုံးသည် ဣန္ဒြေရင့်ကျက်အောင်ကျင့်ကြံအားထုတ်ခြင်းဖြင့် တက်လှမ်းရသော တဏှာလွန်ဝိတက်လွန် အယူအဆများဖြစ်ကြသည်။ နီရှေး၏ စူပါမင်းခေါ် ဥတ္တမပုရိသအမြင်က ဣန္ဒြေကို ရင့်ကျက်အောင်

http://www.cherrythitsar.org



လေ့ကျင့်ပြီးမှ တက်ရသောအဆင့်ဖြစ်သည်။ ကီးကဲဂတ်၏ ယုံကြည်မှုသူရဲကောင်းအယူက ကိုင်းရှိုင်းမှုဖြင့် တက်ရသော သိဒ္ဓိခြေ ရင့်ကျက်အောင် အားထုတ်ရသော သဘောဖြစ်သည်။ နှစ်ခုစလုံးသည် စိတ်ပိုင်းဆိုင်ရာ အလေ့အကျင့်ချည်း ဖြစ်ကြရာ၌ တူညီသည်ဟု ဆိုသင့်သည်။ ကာယကံရှင် နှစ်ဦးစလုံး သေပြီးမှ ပေါက်ဖွားလာသော အထက်ပါ ကွဲပြားသော အမြင်အယူအဆနှစ်ခု၏ ရိုင်းပင်းမှုသည် ဖြစ်တည်ခြင်းပဓာနဝါဒခေါ်သော အယူအဆ၌ ရှုပ်ထွေးမှုတစ်ရပ် ဖြစ်နေသည်။ တန်ဖိုးများကို အကဲဖြတ်ရာ၌ ပုဂ္ဂလိက ဆန္ဒစွဲခံထားမှုသည် ယဉ်ကျေးမှုပြဿနာများ နိုင်ငံရေးအယူအဆများနှင့် လူမှုရေးသဘောထားများကို အကဲဖြတ်ရာ၌ ဖြစ်စေ၊ သမိုင်းအခြေခံဖြင့် စဉ်းစားဆင်ခြင်ရာ၌ ဖြစ်စေ၊ ဆုံးဖြတ်ချက်များကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ချရာတွင် အသုံးချရာ၌ အားနည်းလှသည်။ အလွန်ကျဉ်းမြောင်းသော ဝိညာဉ်ပိုင်းဆိုင်ရာ စိတ်ပညာ၏ အပြင်အပကျသော ဖြစ်တည်ခြင်း ပဓာနဝါဒ၏ ပုဂ္ဂလိကအနက် ကောက်ယူမှုသည် ဘယ်ကိုရွေ့ရှုနေပါသနည်း။ ဤကိစ္စတွင် ဖြစ်တည်ခြင်းပဓာနဝါဒ၌ ဆန့်ကျင်ဘက် အမြင်အယူအဆ နှစ်ခု ကွဲပြားသွားသည်။ တစ်ခုက ဘာသာရေး ဒဿနအမြင် ဖြစ်ပြီး၊ တစ်ခုက လောကီရေး အမြင်ဖြစ်သွားသည်။ လောကီအမြင်သည် ဘာသာရေးနှင့်ဆန့်ကျင်ဘက်အမြင် ဖြစ်လာသည်။ ခေတ်သစ် ပရိတက်စတင့် ဘာသာရေး အယူဝါဒ ဖွံ့ဖြိုး တိုးတက်မှု၏

http://www.cherrythitsar.org



အရေးအကြီးဆုံးအချက်မှာ အများအားဖြင့် ဖြစ်တည်ခြင်း ပဓာနကိစ္စကို အစပြုပြီး ဖြစ်ပေါ်တိုးတက်ခြင်းဖြစ်သည်။ ထိုကိစ္စတွင် ဘားသ်(Barth)နှင့် ဘရန်းနား (Branner) တို့သည် ထင်ရှားသော အမည်များ ဖြစ်ကြသည်။ ဖြစ်တည် ခြင်း ပဓာနဝါဒ၏ လောကီရေးအမြင်သည် ဟိုက်ဒဂ္ဂါး၏ အတွေးအခေါ်တွင် အပြည့်အစုံပါဝင်လာသည်။ ထိုဝါဒ သည် မျက်မှောက်ခေတ် ပြင်သစ် ဖြစ်တည်ခြင်း ပဓာနဝါဒ (French Existen tialism)၏ ပဓာနကျသော အစမူလဖြစ် လာသည်။ ယခုမျက်မှောက် ကာလကျတော့ ထိုကွဲပြား ခြားနားမှုသည် ပြေလည်သွားပုံပေါ်သည်။ ဘာသာရေး အမြင်နှင့် လောကီရေးအမြင် ခြားနားမှုသည်လည်း ပိုပြီး အလှမ်းကွာဝေးစွာ ကွဲမသွားဘဲ၊ အချိန်ကာလ၏ သဲသောင်ပြင်တွင် မြစ်ခွဲများ ထပ်မံဖြစ်ပေါ်ခြင်း မရှိဘဲ၊ နစ်မြုပ်ပျောက်ကွယ် သွားလေသည်။ အကယ်၍ ထိုအမြင် ကွဲပြားမှုသည် ဆက်လက်ရှိနေသည် ဆိုစေဦးတော့၊ ဖြစ်တည်ခြင်းပဓာနဝါဒက ဘာသာရေး၊ ဆင်ခြင်တုံတရား အမြင်နှင့်ရုပ်ဝါဒ ဒဿနအမြင်များ အားလုံးကို စိန်ခေါ်ချက် သည် အကျိုးမဲ့ မဖြစ်သွားနိုင်တော့ပေ။ နီးကပ်သော အနာဂတ်ကာလဝယ် ဤဖြစ်တည်ခြင်း ပဓာနဝါဒ အတွေး အခေါ်လှုပ်ရှားမှုသည် အကွဲကွဲအပြားပြား ဖြစ်သွားဖို့ထက် ရှင်သန်ကြီးထွားလာဖို့က ပိုပြီး ဖြစ်နိုင်ချေ ရှိနေပါပြီ။

ဒဿနအမြင်ကွဲပြား ထွေပြားလာမှု အားလုံးကို လူမှုပတ်ဝန်းကျင် အခြေအနေ၊ သမိုင်းကြောင်းအခြေအနေ

http://www.cherrythitsar.org



များပေါ် မူတည်၍ ရှင်းပြရန် မဖြစ်နိုင်ပါ။ ထိုအချက်အလက်များသည် အတွေးအခေါ်တစ်ရပ်ကို ပြည့်ပြည့်စုံစုံ နားလည်ရေးကိစ္စတွင်မူ အရေးပါ အရာရောက်ပါ၏။ အဘယ်ကြောင့်ဆိုသော် အတွေးအခေါ် အယူအဆများသည် ပထဝီဝင် နယ်နိမိတ်နှင့် အချိန်ကာလ အကန့်အသတ်များကို ကျော်ဖြတ်ပြီး ပျံ့နှံ့သွားတတ်သောကြောင့် ဖြစ်ပါ၏။ ထိုအယူဝါဒများသည် ၎င်းတို့ကို ပေါက်ဖွားစေလိုမှု ဆန္ဒရှိသူများနှင့် တွေ့ရသောအခါ ကျရာ ကြုံရာအရပ်တွင် အစို့အညှောက်သစ်များ ပေါက်ပြီး ရှင်သန်ကြီးပွားလာနိုင်သောကြောင့် ဖြစ်ပါ၏။ သို့သော် ၁၉၂၀ ခုနှစ် ပတ်ဝန်းကျင်လောက်က စစ်ရှုံးပြီး ဂျာမနီနိုင်ငံနှင့် ဗဟိုဥရောပ နိုင်ငံများ၏ လူမှုပတ်ဝန်းကျင် အခြေအနေသည် ဖြစ်တည်ခြင်း ပဓာနဝါဒ အစေ့ကျ ရှင်သန်ပေါက်ဖွားကြီးထွားလာရန် ရေခံမြေခံကောင်းများ ဖြစ်ခဲ့ကြပါသည်။ ဤအချက်ကို သံသယ ဖြစ်ဖွယ် မရှိပါ။ အစက လူသားတို့အကြီးအကျယ် မှီခိုအားထားခဲ့ကြသည့် နိုင်ငံရေးနှင့် လူမှုရေးစနစ်များအပေါ်တွင်မိမိတို့ထင်ထားသလို ဖြစ်မလာခြင်းအတွက် အကြီးအကျယ် စိတ်ပျက်အားငယ်နေကြစဉ်ထို့ပြင် ဓမ္မဓိဋ္ဌာန်သဘော အမြင်အပေါ် အစွဲအလမ်းကြီးမှုကိုးကွယ်မှု၏အပေါ် အယုံအကြည် ကင်းမဲ့လာမှုကလည်း ကျယ်ပြန့်လာခဲ့လေသည်။ ထိုအခြေအနေမျိုးနှင့် ကြုံနေသောကာလဝယ် လူများသည် လူ့ဘဝအတွက် ပို၍ ယုံကြည်စိတ်ချရသော အခြေခံဇစ်မြစ်ကို သိလိုသောအသိ

http://www.cherrythitsar.org



ပညာရှာလိုမှု သဘောဆီသို့ ပြန်ရောက်သွားတတ်လေသည်။ ဘာသာယုံကြည် ကိုးကွယ်မှုများနှင့် သူတို့ပတ်ဝန်းကျင်မှာရှိသော မူဝါဒအဆောက်အအုံများအပေါ် ယုံကြည်စိတ်ချရမှုနှင့် ပတ်သက်သော ကိစ္စများကို ပြဿနာတက်လာတတ်ကြသည်။ သစ္စာတရားကို စိတ်ပိုင်းဆိုင်ရာ နယ်ပယ်နှင့် ပုဂ္ဂလိက ဆန္ဒများအပေါ် အခြေခံ၍သာ ရှာဖွေလိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်လာတတ်ကြပါသည်။

ပတ်ဝန်းကျင် အခြေအနေ မလုံခြုံမှုအပေါ် စိုးရိမ်ထိတ်လန့်မှု၊ ထိုကဲ့သို့ အန္တရာယ် ကျရောက်တော့မည်ကို ထိတ်ထိတ်လန့်လန့်နှင့် ခံစားနေမှုများ၏ အကြောင်းရင်းကို ရှာဖွေလိုသော သဘောအမြင်များသည် ကားလ်ဂျက်စပါ၏ ဖြစ်တည်ခြင်း ပဓာနသဘောထားများကို ဖော်ပြထားသော အတွေးအခေါ် ရေးသားချက်များတွင် ပါဝင်လာလေသည်။ ဂျက်စပါသည် ဟိုက်ဒယ်လ်ဘတ် မြို့က ဒဿနိကဗေဒ ဌာနပါမောက္ခဖြစ်ပါသည်။ ဂျာမန် ဖြစ်တည်ခြင်း ပဓာနဝါဒ အတွေးအခေါ်ပညာရှင် နှစ်ဦးအနက် ထင်ရှားသူတစ်ဦးဖြစ်၏။ သူရေးသားခဲ့သော ခေတ်သစ်ထဲက လူသား ( Man in the Modern Age)စာအုပ်သည် အလွန်စွမ်းအားကြီးသော ခေတ်သစ် (မျက်မှောက်ခေတ်) နည်းပညာ ယဉ်ကျေးမှုအပေါ် စွဲချက်တင်ခြင်းဖြစ်သည်။ ခေတ်သစ်နည်းပညာ တိုးတက်မှုကို သူက လူမှုရေး ရောဂန္တရကပ်ဆိုက်မှုကြီးအဖြစ် ရှုမြင်သုံးသပ်လေသည်။ စက်မှုနည်းပညာ၏ ဓမ္မဓိဋ္ဌာန်ကျမှုကို အခြေခံအားထား

http://www.cherrythitsar.org



ပြီး တွေးခေါ်မှုက၊ လူသား၏ ပကတိ သဘာဝအပေါ် သိမြင်မှုကို အဝိဇ္ဇာဖုံးလွှမ်းမိုးမှု နက်ရှိုင်းစေသည်။ လူ့ဘဝ ဖြစ်တည်မှု သဘောအမှန်ကို နားမလည်နိုင်အောင် စက်မှု နည်းပညာက ဖုံးလွှမ်းထားသည်။ စပင်ဂလာ ( Spengler) က အနောက်တိုင်းကမ္ဘာကြီး ကျဆုံးတော့မည်ကို ဝမ်းနည်း ကြေကွဲဖွယ် ရှုမြင်ခဲ့သလို ဂျက်စပါကလည်း အနောက် တိုင်း ယဉ်ကျေးမှု ကျဆုံးမှုကို ကြေကွဲဖွယ် ကြိုတင် သုံးသပ်ခဲ့လေသည်။ ဂျက်စပါက ဤယဉ်ကျေးမှုထဲတွင် ပုဂ္ဂလိက လူသား၏စိတ်ကို သက်ရောက်မှုရှိသော အဖျက် သဘောပါဝင်နေသည်ကို ရှုမြင်ခဲ့သည်။ ပတ်ဝန်းကျင် လောကတစ်ခုလုံးမှာ ဓမ္မဓိဋ္ဌာန်ကျ၊ စက်ယန္တရားပုံစံဖြင့် တွေးခေါ်ပုံစနစ် ထွန်းကားလျက်ရှိသည်ကို ရှုမြင်ခဲ့သည်။ လူသား၏ ဆန္ဒသည် မွန်းကျပ်စွာ ဖုံးဖိပိတ်ဆို့ခြင်းခံနေရ သည်ဟု သူရှုမြင်ခဲ့လေသည်။ ဆင်ခြင်တုံဝါဒနှင့် နည်း ပညာများက လူသားများအား တိုးတက်မှုဆိုသော ခံစား ချက်ကို ပေးပြီး နှစ်သိမ့်စေသည်။ ဤနည်းအားဖြင့် လူသား အား သူ၏ အဇ္ဈတ္တဘဝအခြေခံ စွမ်းအားများကို ငြင်း ပယ်ထားစေသည်။ ထိုစွမ်းအားများက အဖျက်စွမ်းအား များအဖြစ် ပြောင်းလဲ ဖြစ်ပေါ်လာကြသည်။ 'ဓမ္မဓိဋ္ဌာန် သဘော ကိုယ်တွင်းအင်္ဂါများ မာကျောလာမှုရောဂါ (Sclerosis)သည် ဘဝဖြစ်တည်ခြင်းကို ချုပ်ငြိမ်း စေခြင်းဖြစ်သည်' ဆိုသော ဂျစ်စပါ၏ စာတမ်းသည် စက်မှုနည်းပညာ တိုးတက်မှုက ကမ္ဘာပေါ်မှာ လူသား၏

http://www.cherrythitsar.org



ဘဝဖြစ်တည်မှုကို ပျက်စီးခြင်းသို့ ဆိုက်ရောက်စေနိုင်ပုံကို ဖော်ပြပြီး ယခုအခါ ထိုဖျက်အားကို တားဆီးနိုင်မည့် အင်အားများ လုံးဝမရှိဘဲ ဖြစ်နေပုံကို ဖော်ပြခဲ့လေသည်။ ထိုအချက်သည် သူ ထိုစာတမ်းကို ရေးသားခဲ့သောအချိန်ကထက် ယခုအခါ ပိုပြီး ကြောက်မက်ဖွယ်ရာ ကြုံနေကြရလေပြီ။ သူသည် ကက်သလစ်ဘာသာကို အရိုးစွဲ ယုံကြည်သူ ဖြစ်သည်။ သူက လူသားသည် မိမိသည် လွတ်လပ်သော သက်ရှိသတ္တဝါတစ်ကောင်ဖြစ်ပြီး ဘယ်သောအခါမှလည်း ကိုယ့်ဘဝကို ကိုယ်တိုင်ပြည့်စုံဖူလုံအောင် လုပ်နိုင်ခြင်းမရှိ ဆိုသော အချက်၊ သူသည် မိမိဘဝကို လွတ်လပ်စွာ ဖွင့်နိုင်သူကားဖြစ်၏။ သို့သော် ဆင်းရဲဒုက္ခနှင့်တော့ မကင်းနိုင်ဆိုသော အချက်။ သက်ရှိထင်ရှား ထာဝရ ဘုရားသခင်၏ အာနုဘော်တော်ဖြင့်လွတ်လပ်စွာ မိမိဘဝကို ဖန်တီးနိုင်သူဖြစ်သလို အတိတ်ဖြင့် ထိုထာဝရဘုရားသခင်ကို ငြင်းပယ် ပုန်ကန်သူလည်း ဖြစ်သွားနိုင်သည်ဟု ရှုမြင်ထားသည်။ လူသားသည် ထိုကဲ့သို့ မိမိဘဝဖြစ်တည်နေပုံကို မသိသမျှ ကာလပတ်လုံး လူသားသည် ကျွန်ုပ်တို့ ယဉ်ကျေးမှု၏ လက်တုန့်ပြန်၍ အပြစ်ဒဏ်ခပ်ခံရခြင်းမှ မလွတ်ကင်းနိုင်ဟု ရှုမြင်ခဲ့လေသည်။ ဤသို့ဖြစ်ရကား၊ ဂျက်စပါ၏ ဒဿနအမြင် ဆင်ခြေသည် ဘာသာရေး ဒဿနအမြင်တွင် အထွတ်အထိပ်သို့ ရောက်သွားလေသည်။ ထို့ကြောင့် ဂျက်စပါ၏ ဒဿနအမြင်သည် ကီးကဲဂတ်၏ ခရစ်ဘာသာထုံးတန်းစဉ်လာ

http://www.cherrythitsar.org



များကို လက်ခံရာ၌ သဘောချင်း ထပ်တူဖြစ်သွားရလေသည်။ သို့ရာတွင် ကီးကဲဂတ်၏ စက်ယန္တရား တပ်ဆင်ထားသော ခရစ်ယာန်ကမ္ဘာကြီး ပြိုကွဲပျက်စီးတော့မှာပဲဟု ကြိုတင်ခံစား သိမြင်မှုသည် အထိတ်တလန့်ဖြစ်စရာ အတိအကျ ဖြစ်ခဲ့ပါ၏။ ၁၉ ရာစုအတွင်း ဥရောပ၏ ကြွယ်ဝခြင်း ဖြစ်ပေါ်လာမှုသည် အနာဂတ်တွင် သူ့အပြစ်ဒဏ်ကို သူခံရတော့မည့် အဖြစ်သို့ ရောက်လာခဲ့လေသည်။ ဂျက်စပါရှုမြင်ထားသော လောက၏ ကြမ္မာသည် ထိုအချက်ကို ကျော်လွှန်နိုင်ခဲ့ပြီး၊ လူသား၏လောကီဘဝ အခြေအနေများကို လေ့လာမှုအများအပြားလည်း သူ့လုပ်ဆောင်ချက်များထဲမှာ ပါဝင်လာခဲ့လေသည်။ သူ၏ ပုဂ္ဂလိကဆန္ဒသဘောထား အမြင် လျှောက်လဲချက်သည် ထိုအချက်ကို ပစ်ပယ်ထားခဲ့မှု၏ လောကီအကျိုးသက်ရောက်မှု ဖြစ်ကြောင်း သရုပ်ပြချက်တစ်ခု ဖြစ်လာလေသည်။

သို့သော် ဂျက်စပါ၏ ခေတ်ပြိုင် ဒဿနဆရာ ဖရိုက်ဗေးမြို့က မာတင်ဟိုက်ဒဂ္ဂါးကမူ လူသား၏ဘဝပြဿနာများကို လူသားကလွဲ၍ လူသား၏အပြင်ဘက်မှာ ဖြေရှင်းပေးနိုင်သူ ဘယ်သူမှမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဟိုက်ဒဂ္ဂါးသည် အရေးပါသော ဒဿနပညာရှင်တစ်ဦးဖြစ်၏။ ဒဿနပညာအတွက် သူ၏ စွမ်းဆောင်ချက်များကလည်း မှတ်လောက်သားလောက်ရှိပါ၏။ သူလည်း ဖြစ်တည်ခြင်း ပဓာနဝါဒီ တွေးခေါ်ရှင်တစ်ဦးပင် ဖြစ်၏။ သူသည် ကြွက်ကြွက် ညံစီနေသော

http://www.cherrythitsar.org



ဥရောပ၏ အသိပညာ ဥဒ္ဒံကွဲထဲက တစ်ဘာသာ ခွဲထွက်လာသူ ဖြစ်သည်။ သူသည် စိတ်ပညာကိုရော၊ စိတ်ခွဲပညာကိုရော သူ့ခေတ်က တွေးခေါ်မြော်မြင်မှု ပညာကိုရော နှံ့စပ်သူ ဖြစ်သည်။ ထိုခေတ်ကပညာရှင်အများသည် လူသား၏ဘဝင်စိတ်ထဲအထိ ထိုးထွင်းပြီး ပြဒါးရှင်လုံး အသစ်ကို စူးစမ်းရှာဖွေနေခဲ့ကြလေသည်။

ထိုကာလ၌ အတွေးအခေါ်ပိုင်း လှုပ်ရှားမှု အမျိုးစုံပေါ်ပေါက်ခဲ့သည်။ ထိုအချိန်တွင် ဝိညာဉ်စိတ်၏ အတွေ့အကြုံများကို ထိုးထွင်း လေ့လာသော 'ဖီနိုမီနိုလိုဂျီ' သဘောအမြင်များ စတင် ပေါ်ပေါက်လာသည်။ ထိုဖီနိုမီနိုလိုဂျီ ဂိုဏ်းသားများအနက် အက်ဒမန်ဆဲလ်သည် အဓိက ဦးဆောင်သူ ဖြစ်ခဲ့သည်။ သူသည် ဟိုက်ဒဂ္ဂါး၏ ဆရာဖြစ်သည်။ ဖီနိုမီနိုလိုဂျီ (Phenomenology)သည် သိပ္ပံနည်းကျ စိတ်ပညာ၏ ဂိုဏ်းခွဲတစ်ခုဖြစ်သည်။ စိတ်၏ထိရောက်မှုနှင့် လှုပ်ရှားမှု (ဝေဒနာ)ပိုင်းကို အထူးလေ့လာသော ပညာရပ်ဖြစ်သည်။ သို့သော်လက်တွေ့စမ်းသပ်မှုအပေါ် ကျယ်ပြန့်စွာ အခြေခံထားခဲ့ကြသည်။ ဥပမာအားဖြင့် ဖော်ပြပါပုံကို ကြည့်ပါ။

ဤပုံကိုကြည့်လျှင် ပန်းတစ်ပွင့်လိုလည်း မြင်နိုင်သည်။ (အဖြူကိုကြည့်ပါ) ၊အနက် ကိုကြည့်လျှင် ကြက်ခြေ

ခတ်ပုံသဏ္ဍာန်တစ်ခုကို မြင်ရသည်။ နှစ်မျိုးစလုံးကိုတော့ တစ်ပြိုင်နက် မမြင်နိုင်ပါ။ ဥယျာဉ်မှူးတစ်ယောက်ကြည့်လျှင် သူ့စိတ်ထဲ စပယ်တစ်ပွင့်လား ထင်မှားနိုင်သည်။ သို့သော် စစ်သားတစ်ဦးကြည့်လျှင်တော့ ကြက်ခြေသဏ္ဍာန် (လက်ဝါးကပ်တိုင်) တစ်ခုကို မြင်ရမည် ဖြစ်သည်။ အာရုံသိ သဘောသည် ကြိုတင်ဖြည့်တည်နေမှုထဲက ရွေးချယ်ခွင့်အပေါ် မူတည်၍ ဖြစ်လာရကြောင်းပြသည်။ လူသားများ၏ ဝိဉာဏ်သိ (အာရုံသိ) သည် အမှန်တကယ်ဖြစ်တည်နေသော ယထာဓမ္မကို ရောင်ပြန်ဟပ်သည့်သဘောစိတ်က မိတ္တူကူးယူသည့်သဘော မဟုတ်ကြောင်း ပြသည်။ ထိုအာရုံသိခေါ် ဝိဉာဉ်သိသည့် အာရုံဝတ္ထုတစ်ခုသာ ဖြစ်သည်။ ထိုအချက်သည် အရာဝတ္ထုတစ်ခု၊ အာရုံခံဝတ္ထုနှင့် ၎င်းအပေါ် အာရုံပြုသူ၏ စိတ်အားထက်သန်မှု သဘောထားမှုများနှင့်လည်း သက်ဆိုင်သည်ဟု ဆိုသည်။ (ဤအချက်နှင့် စိတ်ခွဲပညာနှင့် ဆက်စပ်မှုကို ဖရွိုက်၏ စိတ်ပညာမှာထက် အက်ဒလာ၏ စိတ်ပညာတွင် ပို၍ လွယ်ကူစွာ တွေ့နိုင်သည်။) ထို့ကြောင့် ဓမ္မဓိဋ္ဌာန်သဘောဟူသည် ဘယ်မှာမှ မရှိနိုင်ပါ။ သို့မဟုတ် ရှိသည် ဆိုငြားအံ့၊ ထိုသဘောသည် သိမှု ဝိဉာဏ်စိတ်၏ ဖြစ်နိုင်ချေရှိသော အသိပညာနယ်ပယ်ထဲမှာပဲ တည်နေပေသည်။

ကီးကဲဂတ်ကဲ့သို့ပင် ဟိုက်ဒဂ္ဂါးကလည်း လူသား၏ သောကပြင်းပြမှုသည် သူ့ဘဝမှာ ဖြစ်တည်နေမှုကို သိနေခြင်းအပေါ်မှာ တည်နေသည်ဟု ယူဆသည်။ ဘဝ

http://www.cherrythitsar.org



ဖြစ်တည်နေလို့ သောကတွေဖြစ်နေရတာ၊ ဒုက္ခရောက်နေကြရတာဆိုသော အချက်သည် ရေသောက်မြစ်ဖြစ်သည်။

'ဖီနိုမီနိုလိုဂျီ'က သရုပ်ပြသလို အကယ်၍ အကျွန်ုပ် တို့သည် ယထာဓမ္မကို မသိနိုင်။ မိမိတို့သည် ကတ္တား သဘော ဖြစ်ကြောင်းကိုလည်း မသိနိုင်။ အစဉ် ဖောက်ပြန် ပြောင်းလဲနေသော သင်္ခါရ အနိစ္စတရားတို့ကိုသာ သိနေ ရသည်။ ၎င်းသင်္ခါရတရားတို့သည်လည်း မသိနိုင်သော အကြောင်းတရားနှစ်ခုကို မှီ၍ ဖြစ်ပွားလာသော အရာများသာ ဖြစ်ကြသည်။ ဤဘဝထဲသို့ လူသားအဖြစ် မွေးဖွားလာခြင်းသည် ကိုယ့်ကိုယ်ကို (ကိုယ့်ဖြစ်တည်မှု)ကို သင်္ခါရတရားနယ်ထဲသို့ ပစ်ချခံရခြင်းဖြစ်ကြောင်း သိအောင် လုပ်ဖို့ဖြစ်သည်။ ဖြစ်တည်ခြင်းအတွက် တာဝန်ရှိလာပုံကို သိဖို့၊ ပိုပြီး ရှင်းရှင်းလင်းလင်း မိမိတို့၏စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်မှုကို သိခြင်းဖြင့်၊ ဖြစ်တည်ခြင်း၏ အဓိပ္ပါယ်မဲ့သဘောကို သိဖို့ပင် ဖြစ်သည်။ (ဤသဘောများနှင့်ဤ အသုံးအနှုန်းများကို ယန်းပေါလ်ဆားတ်၏ ယခုဟောပြောချက်တွင် ပါဝင်နေသည်ကို တွေ့ရပေမည်။)

ဟိုက်ဒဂ္ဂါးတင်ပြသော တစ်ခုတည်းသော ကုစားရန်ဆေးမှာ နီရှေးယူဆပုံအတိုင်းပင် ဖြစ်သည်။ လူသားအဖို့ တစ်ခုတည်းသော မျှော်လင့်ချက်မှာ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟု အမှန်အတိုင်း သိမြင်နားလည်ပြီး ကျေကျေနပ်နပ် လက်ခံနိုင်ဖို့ပင်ဖြစ်သည်။ သူ့ဘဝဖြစ်တည်

http://www.cherrythitsar.org



ခြင်း အစစ်အမှန်သည် ပျက်စီးခြင်းသို့ရောက်ဖို့ပင် ဖြစ်စေ ကာမူ သူ့အနေနှင့် ရည်မှန်းချက်တွေ၊ စီမံချက်တွေ ချမှတ်ပြီး ထိုပျက်စီးခြင်းကို ရင်ဆိုင်အနိုင်ယူတတ်ဖို့ပင် ဖြစ်သည်။ ထိုရည်မှန်းချက်၊ စီမံချက်များက သူ့ကိုရော သူဖြစ်တည်ရာ လောကကိုရော အဓိပ္ပာယ်များ ပေးမည် ဖြစ်ပေသည်။ မဟုတ်ပါက အားလုံးသည် အဓိပ္ပာယ်မဲ့ ဖြစ်ကုန်ကြပေရော့မည်။ လူတစ်ယောက်အနေနှင့်ဒါတွေကို ဘာကြောင့်လုပ်သင့်သလဲဆိုသော အကြောင်းတစ်စုံတစ်ရာ မရှိချေ။ လူတွေလုပ်ခဲ့လို့လည်း ကြော် ငါ လူသားအဖြစ် ဖြစ်တည်ခဲ့ဖူးပါသလားဆိုသော အသိဉာဏ်ရတာကလွဲလို့ ဘာမျှ အပိုရစရာလည်း မရှိပါ။ ထိုဖြစ်တည်ခြင်းကို သိခြင်းသဘောသည်ပင် သူ၏ ကြီးကျယ်မှု၊ လောကီနယ်ကို ကျော်လွန်သော လိုအင်ဆန္ဒပင် ဖြစ်ပါသည်။ လူတိုင်း (လူအများအပြား) သည် မိမိ၏ ဘဝဖြစ်တည်ခြင်းကို အခိုင်အမာ သက်သေပြခြင်း ပြုနိုင်စွမ်းရှိကြသည် မဟုတ်ပေ။ လူအများကမူ တစ်နေ့ထက်တစ်နေ့ သေခြင်းနှင့်နီးကပ်သည်ထက် နီးကပ်လာနေသည့် မိမိတို့၏ ဖြစ်တည်နေပုံကို စဉ်းစားမိပြီး သိမြင်နိုင်စွမ်းက နည်းကြသည်။ ကိုယ့်ကိုယ်ကို တစ်ဖန် စိတ်ချစွာ နေနိုင်အောင်သာ မြတ်နိုးရာရာ၊ စွဲလမ်းရာရာ၊ လူမှုရေးအမြင်၊ သိပ္ပံပညာနှင့်ထာဝရဘုရား စသည်တို့ကိုကိုးကွယ် ဆည်းကပ်နေကြတော့သည်။

ဤအကြောင်နှာ ကင်းမဲ့သော ဘုရားမဲ့ဝါဒသည် ပြင်သစ်ဖြစ်တည်ခြင်း ပဓာနဝါဒီ ယန်းပေါလ်ဆားတ်၏ဓမ္မ

http://www.cherrythitsar.org



ကျမ်းစာဝါဒ ဖြစ်လာခဲ့သည်။ သို့သော် ပြင်သစ်ပြည်တွင် အခြားသော ဖြစ်တည်ခြင်း ပဓာနဝါဒကို ထောက်ခံအားပေး သူများလည်း ရှိသေးသည်။ ထိုသူများထဲတွင် ဒဿန ပညာရှင် ပြဇာတ်ရေးဆရာ ဂါဗရီယယ်မာဆဲလ် လည်း ပါဝင်သည်။ သူသည် ဖြစ်တည်ခြင်း ပဓာနဝါဒီဖြစ်ကြောင်း ကို သူ၏ရိုမင်ကက်သစ် ကွန်မျူနီယံ (ဘုရင်ကျီ သွေး သားနှီးနှောပွဲ) အယူအဆကို ပြောဆိုရာ၌ ထင်ရှားစွာတွေ့ ရသည်။ အမှန်မှာ မာဆဲလ်သည် နီရှေး၏ ကျေးဇူးခံ ဖြစ်သည်။ ဟိုက်ဒဂ္ဂါးထက် နီရှေးက သူ့အပေါ် ပိုပြီး လွှမ်းမိုးမှု ရှိခဲ့သည်။ တိုက်ရိုက်အားဖြင့် ပိုပြီး ကီးကဲဂတ် နှင့် သက်ဆိုင်သည်။ ပြင်သစ်ဖြစ်တည်ခြင်း ပဓာနဝါဒီများ သည် နေရာအနှံ့အပြား မြစ်ခွဲများစွာက ဖြစ်ပေါ်လာကြ သဖြင့် ဖောင်းပွလာသည်။ ချက်(စ)တော့(ဗ)၊ ဘာဒီအိုင် ယက်(ဖ်)နှင့် ကာ့(ဖ်)ကာတို့လည်း ဖြစ်တည်ခြင်း ပဓာန ဝါဒီစာပေတွေထဲ ပါလာကြသည်။ ဤနည်းအားဖြင့် အမျိုး မျိုးသော အထောက်အထားများက ဖြစ်တည်ခြင်း ပဓာန ဝါဒ လှုပ်ရှားမှုသည် မျက်မှောက်ခေတ် ဥရောပတစ်ခွင် ဝယ် အလိုအလျောက် ဖြစ်ပေါ်လာသော အတွေးအခေါ် လှုပ်ရှားမှုအသွင်ကို ဆောင်လာစေသည်။ ဥရောပ၏ နိုင်ငံ ရေးနှင့် ဘာသာရေး အရှုပ်အထွေးများကိုတော့ အများ အစား ရှင်းလင်းပေးနိုင်ခြင်း မရှိခဲ့ပါ။ သို့သော် ဤဝါဒ၏ အတိအကျ အဆုံးအဖြတ်မပေးသည့် သဘောကပင် ဖြစ်တည်ခြင်း ပဓာနဝါဒသည် ဘာသာရေး၊ လောကီရေး

http://www.cherrythitsar.org



နှင့် ဘာသာဆန့်ကျင်ရေး အမြင်ရှိသူအားလုံး ဆုံတွေ့ပြီး အရေးပါသောလူ့ဘဝပြဿနာများကို ခေါင်းချင်းဆိုင် ဆွေးနွေးရာ ရပ်ဝန်းစင်မြင့် ဖြစ်လာစေခဲ့လေသည်။ ဤကိစ္စကို စွမ်းဆောင်နိုင်မှုကို ဖြစ်တည်ခြင်း ပဓာနဝါဒ နည်းလမ်းပါ ပုဂ္ဂိုလ်စွဲ ဝါဒပြင်းထန်မှုက ဆားတ်က ဤဝါဒကို လူသား ပဓာနဝါဒဖြစ်ကြောင်း ကာကွယ်ပြောဆိုမှုကို ဖြစ်ပေါ်စေခဲ့လေသည်။ အမှန်စင်စစ်၊ ဤဝါဒသည် လူသားပဓာနဝါဒ အဖြစ် အတွေးအခေါ် ပြုပြင်ပြောင်းလဲမှု တစ်ရပ်ပင် ဖြစ်ပါသည်။ ဤအယူအဆကို စတင်ဟောကြားသူများက လူသားသည် မွေးဖွားစဉ်က ကောင်းမှု ကုသိုလ်စိတ်ဖြင့် မွေးဖွားလာကြသည်ဟု ယူဆကြသည်။ အဆုံးအားဖြင့် အဗျာကတစိတ်ဖြင့် မွေးဖွားခဲ့ကြသည်။ နောက်မှ ဖောက်ပြန်သော အတွေးအခေါ် အယူအဆများ၊ တရားမမျှတမှုများက သူ့စိတ်သဘောထားများ ဖောက်ပြန်ပြောင်းလဲသွားအောင် လုပ်ခဲ့ကြသည်။ ထိုအယူအဆို ဓါတ်ခွဲပညာ ထွန်းကားသော ခေတ်တွင် လက်မခံနိုင် ဖြစ်ခဲ့လေသည်။ ကီးကဲဂတ်၊ နီရှေး၊ ဟိုက်ဒဂ္ဂါးတို့ကလည်း စဉ်းစား၍မရသော အယူအဆဖြစ်ကြောင်း လက်ခံခဲ့ကြသည်။ မျက်မှောက်ခေတ် ဖြစ်တည်ခြင်း ပဓာနဝါဒပါ လူသားပဓာန အမြင်သည် မျှော်မှန်းသလို ဖြစ်မလာသည့်အတွက် စိတ်ပျက်စရာ ဖြစ်ခဲ့ရရုံမျှမက ကိုယ်ကျင့်တရားဆိုင်ရာ လေး နက်သောတင်းမာမှုကိုပင် ဖြစ်စေခဲ့လေသည်။ ဆားတ်၏ ကမ္ဘဆိုင်ရာ သီလသဘောသည် ကန့်၏ အယူအဆ

http://www.cherrythitsar.org



ပင်ဖြစ်သည်။ ထိုအမြင်နှင့် ဆားတ်၏ ကိုယ်ကျင့်တရား မဟုတ်သည့် သဘောကို ဆုံးဖြတ်သည်းခံခြင်းသည်လည်း ဘာသာရေးအမြင်ထဲက အပြစ်ဒုစရိုက်အမြင် (Sin)နှင့် နီးစပ်စွာ တူနေပေသည်။ အကျင့်သီလကင်းသော အပြု အမူ ကံသည် ကိုယ့်ကိုယ်ကို ဆန့်ကျင်ဘက် ဝိရောမိ ဖြစ်စေသော အချက်အပေါ်မှာ မူတည်သည်။ ထိုသဘောကို သူက 'ပါပသစ္စာ' (Bad Faith- manvasiefoi) ဟုခေါ်လေသည်။ ဤအချက်တွင် လောကီရေး ဝိဉာဏဝါဒနှင့် ဘာသာရေး ထုံးတမ်းစဉ်လာများသည် အခိုက်အတန့်အားဖြင့်တော့ စိတ်ခွဲပညာက သဘောထားချင်း နီးစပ်မှု ရှိအောင် ဆောင်ယူနိုင်ခဲ့ပါသည်။ သူတို့၏ အာရုံသိမှု ဝိဉာဏ် ဖြစ်ပေါ်မှု အမြင်အရ လူသားဘဝတွင် သူ၏ လိပ်ပြာမသန့်ဖြစ်မှုလောက် ပုဂ္ဂလိကဆန်သော ခံစားချက်မျိုး ဘာမျှမရှိကြောင်း လက်ခံထားကြသည်။

သို့ရာတွင် အကယ်၍သာ ပုဂ္ဂလိက (ဝါ) ပုဂ္ဂလမိဋ္ဌာန် အကျုံးကိစ္စသည် ယေဘုယျအကျုံး ကိစ္စဖြစ်ပြီး၊ အလျှို့ဝှက်ဆုံး ကိစ္စတစ်ရပ်လည်း ဖြစ်သည်ဆိုပါလျှင် အဘယ်သို့လျှင် ဖြစ်တည်ခြင်း ပဓာနဝါဒ ဒဿနသည် ၎င်း၏အရေးပါသော အကြောင်းခြင်းရာများကို ဘယ်နည်းနှင့် ရရှိနိုင်ပါသနည်း။ ဤအကြောင်းအရာများကို လေ့လာရန် အစီအစဉ်ချခြင်းအားဖြင့်သာ ဖြစ်တည်ခြင်း ပဓာနဝါဒသည် လက်တွေ့ဘဝပြဿနာများကို ဖြေရှင်းပေးသော ဒဿနအဖြစ် ပြင်သစ်ပြည်တွင် ပထမဆုံး

http://www.cherrythitsar.org



အကြိမ် ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ ပြင်သစ်ပြည်သား လူပုဂ္ဂိုလ်တစ်စုတစ်ဖွဲ့က ဤအယူဝါဒအတိုင်း လိုက်နာပြီး နေထိုင်ကြသည့်သဘော မဟုတ်ဘဲ၊ ပြင်သစ်ပြည်သားများသည် အနုပညာဆန်သူများ ဖြစ်ကြသဖြင့် ၎င်းတို့သည် ဤဝါဒပါ အကြောင်းအရာများကို ဝတ္ထုဇာတ်အိမ်ဖွဲ့၍ ပေးနိုင်စွမ်းရှိကြသူများ ဖြစ်ကြပါသည်။ လူပုဂ္ဂိုလ်၏ ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒသဘောထားအပေါ် အခြေခံထားသော သူ၏ဖြစ်တည်ခြင်းက သူ၏ အနှစ်အရသာထက် အရင်ဖြစ်သည်ဟု ရှုမြင်ထားကြသူများသည် သူတို့၏ စိတ်ဆန္ဒများကို သူတို့၏ ရည်မှန်းချက်များအဖြစ် သရုပ်ပုံပေါ်အောင် ဖော်ပြဖို့ လိုလားကြသည်။ ထို့ကြောင့် ကီးကဲဂတ်အတွက်မူ အနုပညာသည်သာ ပဓာနကိစ္စ ဖြစ်လာသည်။ သူက ဘာသာရေး မကိုင်းရှိုင်းတတ်သူ အနုပညာမခံစားတတ်သူ ပုထုဇဉ်သည် အရူးပင် ဖြစ်ရမည်ဟု ဆိုလေသည်။ ဤတွင် ကီးကဲဂတ်အနေနှင့် အနုပညာရှင်များကို လူသား၏ ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒသဘောထားများကို ယုံကြည်စိတ်ချစွာ ပံ့ပိုးပေးနိုင်သူအဖြစ် ဘယ်လောက်အထိ ယုံကြည်အားကိုးထားသလဲဆိုသော ကိစ္စမှာ တခြားဖြစ်သည်။ သို့သော် အလားတူ ထိုးထွင်းသိမြင်မှု ပဋိဘာန်ဉာဏ်နှင့် ကြံစည်စိတ်ကူးနိုင်စွမ်းရှိမှုမျိုးကို ပြင်သစ်ပြည်တွင် စိတ်ချရမှုသဘောအရ ဘယ်လိုပင်ရှိရှိ၊ အပြောက်အမြားပေါ်ပေါက်စေခဲ့နိုင်ကြောင်းမှာ ထင်ရှားပါသည်။ ထို့အပြင် ဖြစ်တည်ခြင်း ပဓာနဝါဒအပြင် ရုတ်တရက် ကျယ်ပြန့်လွှမ်းမိုးသွား

http://www.cherrythitsar.org



အောင်လည်း စွမ်းဆောင်နိုင်ခဲ့ကြပါသည်။

ပြင်သစ် ဖြစ်တည်ခြင်း ပဓာနဝါဒ သဘောတရား အမြင်များသည် စာပေအနုပညာရှင်၏ ရသစာပေများနှင့် ဤဝါဒ ဒဿနကို ကိုယ်တိုင်ဖွင့်ဆိုချက်များကြောင့် ပုံပေါ် လာခဲ့ရခြင်း ဖြစ်သည်။ သူ၏ ဒဿနအမြင်များကို သူ၏ စာပေစွမ်းဆောင်မှုများနှင့် ခွဲခြား၍ မရပါ။

ဤလှုပ်ရှားမှုမျိုးထံက ဘယ်လိုရလာဒ်မျိုးများ ထွက်ပေါ်လာနိုင်မည် ဆိုသည်ကိုမူ မည်သူမျှ ကြိုတင် ခန့်မှန်းပြောဆိုနိုင်မည် မဟုတ်ပါ။ ဤဝါဒက ပြင်းထန် သော ဆန့်ကျင်ဘက်အတိုက်အခံများ ပေါ်ပေါက်အောင် လှုံ့ဆော်နိုင်ခဲ့သည်ပင်။ ဤဝါဒ၏ ရှင်သန်လှုပ်ရှားမှုကို ဖော်ပြသော နိမိတ်ပုံရိပ် အချို့ပင် ဖြစ်ပါ၏။ အတိုက်အခံ အယူအဆများတွင် ဒဿနတန်ဖိုးရော၊ ဝေဖန်ရေးတန်ဖိုး များရော ပါပါသည်။ ထိုအချက်ကို သိလိုလျှင် တစ် ယောက်ယောက်က စတင်၍ ၎င်း၏မူလအစနှင့်တကွ တုန့်ပြန်ဖြစ်ပေါ်လာပုံများကို စူးစမ်းလေ့လာသင့်ပါသည်။ သို့မှသာ မကြာမီက ပေါ်ပေါက်ခဲ့သော ဥရောပယဉ်ကျေးမှု သမိုင်းတွင် ဤဝါဒဘယ်လောက်အထိ နက်ရှိုင်းစွာ အမြစ် စွဲနေကြောင်းကို သိမြင်လာနိုင်ပါသည်။

ယခုဖော်ပြမည့် ဟောပြောဆွေးနွေးချက်တွင် အနောက်တိုင်း တွေးခေါ်မှုတွင် မကြာမီက ဖြစ်ပေါ်ခဲ့သော အနှောင့်အယှက်များကို ဂရုတစိုက်လေ့လာသော စာဖတ် သူသည် တွေ့မြင်ပြီး သတိပြုမိလာပါလိမ့်မည်။ သိပ္ပံပညာ

http://www.cherrythitsar.org



အပေါ် အကျိုးသက်ရောက်ခဲ့သော အနေကာဝါဒ၊ စိတ်ပညာတွင် ပေါ်ပေါက်လာသော ဝိတဇ္ဇအမြင်၊ သမိုင်းအမြင်အပေါ် သံသယဖြစ်မှု၊ ဒဿနအပေါ် သင်္ခါရဓမ္မအမြင်[၁] များသည် သိသာထင်ရှားအောင် ဤအပြောင်းလဲကြီးပြောင်းလဲသော ဤဝါဒ၏ သရုပ်မှန်တွေးခေါ်ပုံ၏ မီးမောင်းထိုးပြချက်များပင် ဖြစ်၏။ ဤဝါဒ၏ လုံးဝခေတ်ဆန်ခြင်းသဘောနှင့် ကိုယ်စားပြုလက္ခဏာ နှစ်ခုစလုံးကို ဘာမျှ သံသယဖြစ်ဖွယ် မရှိပါ။ ၎င်း၏အနာဂတ်ကိုမူ သတိကြီးကြီးနှင့် စောင့်ကြည့်နေရပါသည်။ မျှော်လင့်ချက်ရှိမလား၊ မရှိဘူးလားဆိုသည်ကိုတော့ သတိရှိသော မျက်လုံးများဖြင့် ထိုလှုပ်ရှားမှုကို ဒေါက်ထောက်၍ ကြည့်ကြရမည်ဖြစ်ပါသည်။

အားလုံးမဟုတ်စေကာမူ အများအပြားကတော့ လူမှုရေးအကြိုက်အတွေ့မှုကြောင့် ပြင်သစ်ပြည်မှာသာမက တခြားအရပ်ဒေသများမှာပါ တဖြည်းဖြည်းပျောက်ကွယ်သွားကြမည် ဖြစ်ပါသည်။ ဤကိစ္စသည် သိပ်မကြာမီမှာပင်ဖြစ်နိုင်ကြောင်း ဆုံးဖြတ်ချက်ချနိုင်သော အကြောင်းယုတ္တိများရှိပါ၏။ 'ရွေးချယ်ခွင့်'ကို ပုဂ္ဂလိကခံစားချက်၏ အကြပ်အတည်းအဖြစ် လွှမ်းမိုးနေသော ဒဿနအမြင်တစ်ခုသည် သဘောထားပြောင်းစေသော ဒဿနအမြင်မျိုးသာ ဖြစ်ပါ၏။ အတွင်းသဘောအရ ကြည့်မည်ဆိုလျှင် ပဓာနအားဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ဆန္ဒအပေါ် အခြေစိုက်မှုသည် စင်ကြယ်သည့် အရောအနှောမရှိဟု ထင်ရစေကာ

(၁) Phenomenology

http://www.cherrythitsar.org



အပြင်ဘက်က ကြည့်လျှင်တော့ ထောက်ခံနေသူများသည် ပင် တစ်စုံတစ်ခုအတွက် ဟောပြောနေကြသူများသာ ဖြစ်ကြရာ ထိုသူတို့၏ ဩဇာသက်ရောက်မှုကြောင့် ဖြစ် ပေါ်လာသော အယူဝါဒ ပြောင်းလဲမှုသည် ဓမ္မဓိဋ္ဌာန်ဟု ဖြစ်ပေါ်လာပေတော့သည်။ ထိုသူများမှာ ဖြစ်တည်ခြင်း ပဓာနသဘောကို လက်မခံသူများ ဖြစ်လာနိုင်ပါသည်။ ဤအချက်သည် မစစ်မှန်သော နောက်လိုက်ထောက်ခံခဲ့ သူများက သူတို့၏ ဖြစ်တည်ခြင်း ပဓာနဝါဒကို ပိုပြီးတိကျ သောသူတို့၏ ဘာသာအယူဝါဒပြောင်း လက္ခဏာကို ပုံဖော် သည့် လက်နက်တစ်ခုအဖြစ် ဖန်တီးလာကြပေတော့မည်။ သို့ရာတွင် ထိုကိစ္စတွင် ပြဿနာကို ပိုပြီး ရှုပ်ထွေးသွား အောင်ပြုလုပ်ခြင်းမျိုးသာ ဖြစ်သွားနိုင်သည်။ ထိုကိစ္စကိုဖြစ် တည်ခြင်း ပဓာနဝါဒ စစ်စစ်ကလည်း ဖြေရှင်းနိုင်သည် မဟုတ်တော့ချေ။ တကယ်ပင် ဖြေရှင်းရခက်သော ကိစ္စ တစ်ခု ဖြစ်ပါလိမ့်မည်။

ယန်းပေါ်ဆားတ်(တ်)၏ဟောပြောချက်ပါ 'အယူဝါဒ ပြောင်းလိုခြင်း' သဘောထားသည် နိုင်ငံရေးလုပ်ဆောင် ချက်သို့ ရည်မှန်းချက်တစ်ခု ဖြစ်သည်။ ထိုအချက်သည် တခြားလူများ၏ အမြင်တွင် (သူ၏ ဘက်တော်သားတစ် ဦးဖြစ်သူ နာဗီးလ်၏ အမြင်မှာပင်) သူစွဲကိုင်ထားသော ပဓာနကျသော တန်ဖိုးထားမှုများနှင့် လိုက်လျောညီထွေ မရှိကြောင်း ဝေဖန်ကြသည်။ သူ့အမြင်အရဆိုလျှင် 'လွတ် လပ်ခြင်း' သည် တန်ဖိုးကာလတို့တွင် တန်ဖိုးအားလုံးထက်

http://www.cherrythitsar.org



မြတ်သော တန်ဖိုးဖြစ်သည်။ ဒဿနပညာရှင်တစ်ဦးအဖြစ် ဆားတ်၏ အကျိုးပြုလုပ်ငန်းများ၏ လွတ်လပ်မှုဒဿန ဆရာ၏အဖြစ်ကို ထူးခြားပြောင်းမြောက်စေမည့် အချက်ဖြစ်သည်။ သို့သော် သူ့ပြည်တွင်းမှာရော၊ ပြင်ပကမ္ဘာမှာပါ တောက်ပြောင်သော အလွန်ဉာဏ် ထက်မြက်သော ဖြစ်တည်ခြင်း ပဓာနဝါဒီအဖြစ် ဂုဏ်တင်ကြရသော အချက်ဖြစ်သည်။ အကြွင်းမဲ့ လွတ်လပ်ခွင့်ဆိုင်ရာ ဒဿနအဖြစ်နှင့် ဆက်စပ်ပြီး နိုင်ငံရေးအယူအဆကို သူမဖော်ထုတ်မီက သူ့ကို ကမ္ဘာ့ပညာတတ် အသိုင်းအဝိုင်းက လေးစားကြည်ညိုခဲ့ရသော အချက်ဖြစ်သည်။ ဤအချက်သည် ဤခေတ်လူအများကြောင့်ကြစိုက်လျက်ရှိသော ပြဿနာကိုသူ ဖော်ထုတ်နိုင်ခဲ့ကြောင်း ထင်ရှားပါသည်။

**ဖိလစ်မိုင်ရက်**

(ပြင်သစ်ဘာသာမှ အင်္ဂလိပ်ဘာသာပြန်သူ)

http://www.cherrythitsar.org

# ဖြစ်တည်ခြင်းပဓာနဝါဒ

# နှင့်

# လူသားပဓာနဝါဒ

ယန်းပေါ်ဆားတ်

ယခု ဒီနေရာမှာ ထားရှိတဲ့ အကျွန်ုပ်ရဲ့ ရည်ရွယ်ချက်ကိုပြောရရင် ဖြစ်တည်ခြင်းပဓာနဝါဒကို အမျိုးမျိုးပြောဆိုဝေဖန် ပုတ်ခတ်နေကြတာတွေကို ခုခံကာကွယ်ဖို့ပဲ ဖြစ်တယ်။

ပထမအချက်က ဖြစ်တည်ခြင်း ပဓာနဝါဒဟာ လူတွေကို စိတော့ ဒီလို စိတ်ကိုတည်ငြိမ်စွာထားပြီး သမာဓိရှိရှိနဲ့ စဉ်းစား တဲ့ အတွေးအခေါ်ဆိုတာကလည်း ဖိမ်ခံပစ္စည်းတစ်ခုပဲ ဖြစ်နေတော့ ဒါဟာလည်း တခြားသော ဘူဇွာ (အရင်းရှင် ငွေရှင်) အတွေးအခေါ်တစ်ခုပဲ ဖြစ်ဦးမှာပဲ။ ဒါက ဖြစ်တည် ခြင်း ပဓာနဝါဒကို ကွန်မြူနစ်တွေဘက်က ပုတ်ခတ်ပြော ဆိုကြတဲ့အသံပါ။

နောက်တစ်ဘက်က ပုတ်ခတ်ပြောဆိုလာကြတာကမူ ကျွန်ုပ်တို့က လူ့ဘဝအခြေအနေထဲက ကျက်သရေယုတ်တဲ့ စက်ဆုပ်ဖွယ်ကောင်းတဲ့ ကိုယ်ကျင့်သီလ အချက်အလက်တွေပဲ အလေးအနက်ထားပြီး တင်ပြတယ်။ ယုတ်

http://www.cherrythitsar.org



တော့ ဒီလို စိတ်ကိုတည်ငြိမ်စွာထားပြီး သမာဓိရှိရှိနဲ့ စဉ်းစားတဲ့ အတွေးအခေါ်ဆိုတာကလည်း ဖိမ်ခံပစ္စည်းတစ်ခုပဲ ဖြစ်နေတော့ ဒါဟာလည်း တခြားသော ဘူဇွာ (အရင်းရှင်ငွေရှင်) အတွေးအခေါ်တစ်ခုပဲ ဖြစ်ဦးမှာပဲ။ ဒါက ဖြစ်တည်ခြင်း ပဓာနဝါဒကို ကွန်မြူနစ်တွေဘက်က ပုတ်ခတ်ပြောဆိုကြတဲ့အသံပါ။

နောက်တစ်ဘက်က ပုတ်ခတ်ပြောဆိုလာကြတာကမူ ကျွန်ုပ်တို့က လူ့ဘဝအခြေအနေထဲက ကျက်သရေယုတ်တဲ့ စက်ဆုပ်ဖွယ်ကောင်းတဲ့ ကိုယ်ကျင့်သီလ အချက်အလက်တွေပဲ အလေးအနက်ထားပြီး တင်ပြတယ်။ ယုတ်ညံ့တဲ့သဘောတွေ၊ ညစ်ညမ်းတဲ့သဘောတွေ၊ သိမ်ငယ်တဲ့သဘောတွေ၊ ယုတ်မာတဲ့သဘောတွေကိုပဲ အရေးထားပြီး ပီပြင်အောင် သရုပ်သကန်ပေါ်အောင် ဖော်ပြနေပြီး လှပတဲ့ ကျက်သရေရှိတဲ့ တပ်မက်စွဲလမ်းစရာတွေ၊ လူ့သဘာဝရဲ့ တောက်ပတဲ့ဘက်က ကောင်းမြတ်တဲ့သဘောတွေကိုကျတော့ လျစ်လျူရှု မျက်ကွယ်ပြုထားကြတယ်ဆိုပြီး ကဲ့ရဲ့သင်္ကြိုဟ် စကားတင်းဆိုနေကြတယ်။ ဥပမာ ဘရင်ဂျီဘာသာ ကက်သလစ်ဝေဖန်ရေးဆရာ မီလီမာစီယာ (Mlle. Mereier) ကဆို အကျွန်ုပ်တို့ဟာ လူမမယ်ပုခက်တွင်း သားကလေးငယ်ရဲ့အပြုံးကို ဘယ်လိုများ သူပြုံးတာပါလိမ့်ဆိုတာကျတော့ မေ့ထားကြတယ်တဲ့။ ဒီကွန်မြူနစ်တွေနဲ့ ခရစ်ယာန်ကက်သလစ်တွေ နှစ်ဖက်စလုံးသာမက တခြားဝေဖန်ပုတ်ခတ်ပြောဆိုနေကြတာတွေလည်း ရှိပါသေးတယ်။

http://www.cherrythitsar.org



အကျွန်ုပ်တို့ဟာ လူသားအကြောင်းကို စဉ်းစားတဲ့အခါ လူ့သဘောကို တသီးတခြားကွက်ပြီးပဲ စဉ်းစားတယ်။ လူသားများရဲ့ စည်းလုံးညီညွတ်ရေး ခိုင်မာမှုမျိုးကိုတော့ ထည့်မစဉ်းစားဘဲ ဘေးဖယ်ထားတယ်လို့ ဆိုကြပါတယ်။ ကွန်မြူနစ်တွေဘက်က ဒီလို ပြောကြတာကတော့ အကျွန်ုပ် တို့က မိမိတို့ရဲ့ အယူဝါဒကို ပုဂ္ဂလိကဆန္ဒသက်သက် အပေါ်မှာ အခြေခံပြီး စဉ်းစားလို့ဖြစ်ပါတယ်။ အကျွန်ုပ်တို့ရဲ့ ဖြစ်တည်ခြင်းပဓာနဝါဒကို ဒေးကားရဲ့ 'ငါ စဉ်းစားနေတယ်၊ ဒါကြောင့် ငါရှိနေတယ်၊ ငါ ဖြစ်တည်နေတယ်' ဆိုတဲ့ အခြေခံမှုပေါ်မှာ တည်ပြီးတည်ဆောက်ထားလို့ ဖြစ်ပါတယ်။ ဒီရေးကြီးခွင်ကျယ် အခြေခံသဘောတရားထဲမှာက လူသားရဲ့ အထီးကျန်ဖြစ်မှုအခြေအနေကို လူသားဟာ သူကိုယ်တိုင်ဆိုက်ရောက်သွားတယ်။ အဲဒီနေရာဟာ ဒီလူသားရဲ့ ဗဟိဒ္ဓမှာ ဖြစ်တည်နေတဲ့ တခြားလူတွေနဲ့ အတူတကွ တစ်ကိုယ်တည်း အထီးကျန်ဘဝအခြေအနေကို ပြန်ပြီး မရောက်နိုင်တော့ပါဘူး။

'ငါဖြစ်တည်မှု' (Ego) သဘောကို ငါစဉ်းစားနေခြင်း (Cogito) အားဖြင့် ပြန်ပြီးမရောက်နိုင်တော့ပါဘူး။

ခရစ်ယာန်တွေဘက်ကကျတော့ အကျွန်ုပ်တို့ဟာ လူသားတွေရဲ့အရေးကိစ္စများရဲ့ စစ်မှန်မှုနဲ့ အရေးပါမှုသဘောတွေကို ငြင်းပယ်ထားတယ်လို့ ဝေဖန်ပုတ်ခတ်ပြောဆိုကြပါတယ်။ ဘာဖြစ်လို့ ဒီလိုဝေဖန်ကြသလဲဆိုတော့ အကျွန်ုပ်တို့က သူတို့ပြောတဲ့ ထာဝရဘုရားသခင်ရဲ့ ပညတ်တော်

http://www.cherrythitsar.org



ဆယ်ပါးဆိုတာတွေ၊ တန်ဖိုးတွေဟာ ထာဝရတည်ရှိနေတယ်ဆိုတာတွေကို လျစ်လျူရှုပစ်လိုက်လို့ ဘာမှမကျန်တော့လို့ပါ။ ဒါပေမယ့် တကယ်ရှိနေတာတွေက ကိုယ့်အလိုဆန္ဒအတိုင်းချည်းပဲ ဖြစ်နေကြရတယ်ဆိုတာက သေချာပေါက်ဖြစ်နေတာပါပဲ။ လူတိုင်းက သူကြိုက်တာ သူလုပ်နိုင်တယ်။ ဒါကြောင့် ဒီရှုထောင့်ကကြည့်ရင် သူများလည်း သူတို့ကြိုက်လို့ သူတို့လုပ်နေကြတာကို ထင်မြင်ယူဆနေကြတာတွေကို ကိုယ်က ဘာမှချိုးနှိမ်ပုတ်ခတ်လို့မရပါဘူး။

အဲဒီ ဝေဖန်ပုတ်ခတ်ပြောဆိုနေကြတာတွေကို ဒီနေ့ပြန်လည်ချေပဖို့အတွက် အကျွန်ုပ် အားထုတ်လိုခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီဟောပြောပို့ချချက်အကျဉ်းကို အကျွန်ုပ်က 'ဖြစ်တည်ခြင်း ပဓာနဝါဒနှင့် လူသားပဓာနဝါဒ'လို့ ခေါင်းစဉ်တပ်ထားပါတယ်။ ဒီကိစ္စမှာ 'လူသားပဓာနဝါဒ'ကို ထည့်သွင်းဖော်ပြလို့ အံ့ဩမိကြတော့ လူတွေအတော်များကောင်းများမယ်ထင်ပါတယ်။ ဒါပေမယ့် 'လူသားပဓာနဝါဒ' ဆိုတာကို အကျွန်ုပ်တို့က ဘယ်ပုံဘယ်နည်း နားလည်သဘောပေါက်တယ်ဆိုတာကို အားထုတ်ပြီး ကြည့်ကြရအောင်ပါ။

ဘယ်ဘက်ကပဲ ကြည့်ကြည့် ဖြစ်တည်ခြင်းပဓာနဝါဒဟာ အကျွန်ုပ်တို့ရဲ့ ဝါဒသဘောထားအရကတော့ လူသားရဲ့ဘဝဖြစ်တည်မှုကို လက်ခံတဲ့ လူသားရဲ့ပုဂ္ဂလိကဆန္ဒသဘောအရရော လူရဲ့ပတ်ဝန်းကျင်လောက သဘောအရရော၊ သစ္စာတရား အားလုံး၊ ကံတရား အားလုံးကို

http://www.cherrythitsar.org



ဖြစ်တည်နေကြောင်း အသိအမှတ်ပြုလက်ခံထားတဲ့ ဝါဒ ဖြစ်ပါတယ်။ အထူးသဖြင့် အကျွန်ုပ်တို့အပေါ် စွပ်စွဲပြော ဆိုကြတာကတော့ အကျွန်ုပ်တို့က လူ့ဘဝရဲ့မကောင်းတဲ့ ယုတ်ညံ့တဲ့ဘက်အခြမ်းကို အလွန်အကျွံအလေးအနက် ထားပြီး ဖော်ပြကြလို့ပဲ ဖြစ်တယ်။ အမျိုးသမီးကြီးတစ်ဦးက အကျွန်ုပ်ကို မကြာခင်ကပဲ ပြောတာက သူ့ပါးစပ်က အယုတ္တာ အနတ္တာကစကားတွေ၊ ယုတ်ညံ့သိမ်ဖျင်းတဲ့ စကား လုံးတွေ ပြောမိတဲ့အခါတိုင်း သူ့ကိုယ်သူပြောမိတယ်တဲ့။ 'အင်း ‥‥ ငါလည်း ဖြစ်တည်ခြင်းပဓာနဝါဒီတစ်ယောက် ဖြစ်နေပြီနဲ့တူတယ်' လို့တဲ့။ ဒါက ဘာကိုပြသလဲဆိုတော့ ဖြစ်တည်ခြင်းပဓာနဝါဒကို အကျည်းတန်အရုပ်ဆိုးတဲ့ သဘောမျိုး ရှုမြင်နေကြတာပဲဖြစ်တယ်။ မကောင်းမှုမှန်သမျှ ဖြစ်တည်ခြင်းပဓာနဝါဒဆိုတဲ့ သဘောမျိုးဖြစ်နေကြတာ ပေါ်ပါတယ်။ ဒါကြောင့် တချို့လူတွေကကျတော့ အကျွန်ုပ် တို့ကို 'သဘာဝသမား' တွေတဲ့။ တကယ်လို့သာ အကျွန်ုပ် တို့ဟာ သဘာဝသမားတွေဖြစ်ကြလို့ရှိရင် အကျွန်ုပ်တို့က ဘယ်လောက်တောင် သူတို့ကို အသရေပျက်အောင် ယုတ်ယုတ်မာမာ ကြမ်းကြမ်းတမ်းတမ်း ခက်ခက်ထန်ထန် ပြုလုပ်နေကြရာကျနေလို့ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ခုခေတ် ခုကာလမှာ သဘာဝဝါဒီဆိုပြီးခေါ်လို့ လူတွေစိတ်ထဲမှာ ဒီလောက်ကြီး အထိတ်တလန့်ဖြစ်စေတဲ့ ရှုတ်ချတဲ့ အသ ရေပျက်အောင်လုပ်တဲ့ စကားလို့ မထင်ကြလို့ပဲ ဖြစ်ပါ တယ်။ ဇိုလာရေးတဲ့ La Terre ကို ချီးချီးနှိမ်နှိမ် ပြောနေတဲ့

http://www.cherrythitsar.org



လူဟာ ဖြစ်တည်ခြင်းပဓာနဝါဒီတစ်ယောက်ရေးတဲ့ ဝတ္ထုတို ဖတ်ရရင်တော့ ချက်ချင်းဖျားသွားမှာပဲ။ လူသားတွေရဲ့ဝမ်းနည်းဖွယ်ဉာဏ်ပညာကို လိုလားတောင့်တကြတဲ့လူတွေဟာ အကျွန်ုပ်တို့ရဲ့ ဉာဏ်ပညာကိုဆိုရင် ပိုပြီးဝမ်းနည်းတောင် ဝမ်းနည်းစရာမှတ်ကြမှာပဲ။ ပြီးတော့ 'ဒါနဟာ အိပ်မက်ထဲကစတယ်'ဆိုတဲ့ စကားမျိုးတွေ 'ရာဇဝတ်သားလူဆိုးကို မပြောက်စားနဲ့ သင့်ကိုပျက်စီးအောင် တရားစွဲလိမ့်မယ်၊ သူ့ကိုချိုးနှိမ်ပစ်ပါ။ ဒါမှ သင့်ကို သူက ကိုးကွယ်ဆည်းကပ်လိမ့်မယ်' ဆိုတဲ့ စကားတွေဟာ ဘယ်လောက်စိတ်ပျက်ဖို့ကောင်းလိုက်ပါသလဲ။ ဒီလိုဆိုရိုးစကားမျိုးတွေဘယ်လောက်များသလဲဆိုတာ လူတကာသိပါတယ်။ ဒီစကားတွေဟာလည်း သဘောချင်း အတူတူချည်းပါပဲ။ အာဃာကို မလွန်ဆန်နဲ့၊ အားကောင်းတဲ့ အင်အားစုကို မဆန့်ကျင်နဲ့၊ မတိုက်ခိုက်နဲ့ဆိုတဲ့ သဘောမျိုးချည်းပါပဲ။ ကိုယ်နှင့်မဆိုင်တဲ့ကိစ္စထဲ မပါချင်နဲ့ဆိုတာတွေ ပြီးတော့ထုံးတမ်းစဉ်လာနဲ့မကိုက်ညီတဲ့ အပြုအမူကိုလည်း စိတ်ကူးယဉ်ဝါဒဖြစ်တယ်၊ လူတွေတွေ့ကြုံနေကျ လက်ခံထားပြီး အတွေ့အကြုံအရ ထောက်ခံချက်မရတဲ့ အပြုအမူဟာ အရှက်တကွဲအကျိုးနည်းဖြစ်ရမှာပဲဆိုတာတွေ၊ လူတွေကို မကောင်းမှုဘက်ကို ယိမ်းယိုင်တဲ့ကိစ္စလို့ သိမြင်စေတဲ့ အတွေ့အကြုံကို ထိန်းချုပ်ဖို့ ခိုင်မာတဲ့ စည်းမျဉ်းဥပဒေစည်းကမ်းတွေ ရှိနေတယ်။ ဒီလိုမှ မရှိလို့ရှိရင် မင်းမဲ့စရိုက်တွေ ဖြစ်ပေါ်လာမှာပဲဆိုတာတွေ။ ဒါက လူတွေ ပါးစပ်ထဲ

http://www.cherrythitsar.org



ဒလစပ် ပြောနေကျစကားတွေပါ။ အတော်အတန် ယုတ်ရင်း ကြမ်းတမ်းငြီးငွေ့စရာ အပြုအမူတွေအကြောင်း ပြောကြတဲ့ အခါ 'လူသဘာဝကလည်းကွာ' ဆိုပြီး ငြီးတတ်ကြတယ်။ ဒီလူသားတွေပဲ အခါခပ်သိမ်း သရုပ်မှန်ဝါဒကိုပဲ အမြဲပြော ဆိုနေကြတယ်။ သူတို့က ဖြစ်တည်ခြင်းဝါဒဟာ သိပ်ပြီး စိတ်ညစ်စရာကောင်းတဲ့အမြင်မျိုး ဖြစ်သတဲ့။ အမှန်မှာ သူတို့ရဲ့ အလွန်အကျွံကန့်ကွက်မှုက အကျွန်ုပ်ကို သံသယ ဖြစ်စေပါတယ်။ သူတို့ကို စိတ်ဆိုးအောင် စိတ်ဆင်းရဲအောင် လုပ်တာက အကျွန်ုပ်တို့ရဲ့ ဘဝအဆိုးမြင်ဝါဒ မဟုတ်ပါ ဘူး။ ဒါပေမယ့် ဖြစ်နိုင်ချေရှိတာက အကျွန်ုပ်တို့ရဲ့ ဘဝ အကောင်းမြင်ဝါဒကြောင့်ပဲ ဖြစ်ဖို့များပါတယ်။ အောက်ဆုံး အနေနဲ့ ခုအထိတ်တလန့်ဖြစ်ကြရတာဟာ အကျွန်ုပ်ရှင်းပြ တော့မည့်ကိစ္စအတွက်ပဲ မဟုတ်ပါလား။ ဒါက အကျွန်ုပ် တို့ရဲ့ လူသားမှာ ရွေးချယ်ခွင့်ရှိတယ်ဆိုတာကို လူသား အနေနဲ့ ရင်ဆိုင်ရမှာမို့ ထိတ်လန့်တာပါ။ ဒါကို စိစစ်ဖို့ အတွက် အကျွန်ုပ်တို့အနေနဲ့ ပြဿနာကို ဒဿနအမြင် သက်သက်နဲ့ ပြန်လည်သုံးသပ်ကြည့်ကြရအောင်ပါ။ ဒါဆို အကျွန်ုပ်တို့က 'ဖြစ်တည်ခြင်းပဓာနဝါဒ'လို့ ခေါ်တာဟာ ဘာများပါလိမ့်။

ဒီစကားလုံးကို သုံးနှုန်းပြောဆိုနေကြတဲ့လူတွေကို ဒီစကားရဲ့အနက်အဓိပ္ပာယ်ကို ရှင်းပြဖို့လိုတယ်လို့ ပြောလို့ ရှိရင် သူတို့ အရမ်းစိတ်ရှုပ်ထွေးသွားကြမှာပဲ။ ဘာကြောင့် လဲဆိုတော့ ဒီစကားလုံးခေတ်စားလာကတည်းက လူတွေ

http://www.cherrythitsar.org



က သူတို့ရဲ့ ဂီတကိုပဲဖြစ်ဖြစ်၊ ပန်းချီအနုပညာကိုပဲဖြစ်ဖြစ် ဖြစ်တည်ခြင်းပဓာနဝါဒီ လက်ရာဆိုပြီး ပြောနေကြတော့တာကြောင့်ပါ။ ဆောင်ပါးရေးတဲ့ လူကတောင် သူ့ကိုယ် သူ 'ဖြစ်တည်ခြင်းပဓာနဝါဒီ' ဆိုပြီး လက်မှတ်ထိုးနေပြန်တာကို ခုကျတော့ ဒီစကားလုံးကို ပေါက်လွတ်သုံးစွဲနေကြတာ နေရာတကာမှာဆိုတော့ ဒီစကားလုံးရဲ့အဓိပ္ပါယ်ဟာ ဘာမှန်းကို မသိနိုင်ကြတော့ပါဘူး။ ဒီအယူဝါဒထဲမှာက 'ဆာရီရယ်လစ်ဇင်း' ခေါ်တဲ့ အစစ်အမှန်ဘဝ ဖြစ်ရပ်လွန်ဝါဒလိုမျိုး အသစ်အဆန်း ဘာမှမပါပါဘူး။ နောက်ဆုံးပေါ်အသရေပျက် လှုပ်ရှားမှုကြီးထဲပါဝင်ဖို့ စိတ်ထက်သန်သူတွေ၊ အသစ်အဆန်းဆိုပြီး စိတ်ဝင်စားသူတွေက ဒီအယူဝါဒကို စိတ်ဝင်စားလာကြတာ။ နောက်ဆုံးတော့ သူတို့လိုချင်တာ ဘာမှမပါဘူးဆိုတာ တွေ့သွားကြတယ်။ ဘာကြောင့်လဲဆိုတော့ အမှန်က ဒီတရားက သူတစ်ပါးကို ထိခိုက်အောင် အတင်းအဖျဉ်းမပါတဲ့ သင်ကြားချက်ဖြစ်ပြီး ရိုးရိုးရှင်းရှင်းနဲ့ ဘာအဆင်တန်ဆာမှမပါတဲ့ တရားဖြစ်နေလို့ပါပဲ။ ဒီတရားက အတတ်ပညာရှင်တွေ ဒဿနပညာရှင်တွေအတွက် သက်သက်ရည်ရွယ်တဲ့တရားပါ။ ဒီအတိုင်းပဲ ဒီတရားကို လွယ်လွယ်ကူကူ အဓိပ္ပာယ် သတ်မှတ်လို့လည်း ရပါတယ်။

ဒီပြဿနာရှုပ်ထွေးနေရတာက ဖြစ်တည်ခြင်းပဓာနဝါဒီက နှစ်မျိုးကွဲပြားနေလို့ဖြစ်ပါတယ်။ တစ်ဖက်မှာ ခရစ်ယာန်ဘာသာကို ယုံကြည်တဲ့ ဖြစ်တည်ခြင်းပဓာနဝါဒီက တစ်ခု၊

http://www.cherrythitsar.org



သူတို့လို ပုဂ္ဂိုလ်ထဲမှာ အကျွန်ုပ် နာမည်နှင့်တကွဖော်ပြရရင်၊ ဂျက်စပါနဲ့ ဂါဗရီယယ်မာဆယ်လ်တို့ကို ပြရမှာပါ။ နှစ်ဦးစလုံးဟာ အရိုးစွဲ ကက်သလစ်ဘာသာဝင်တွေ ဖြစ်ကြပါတယ်။ နောက်ဖြစ်တည်ခြင်းပဓာနဝါဒီ တစ်ခုကတော့ ဘာသာကိုးကွယ်ယုံကြည်မှုမရှိတဲ့ ဘာသာမဲ့ဖြစ်တည်ခြင်းပဓာနဝါဒီများပါ။ သူတို့ထဲမှာ ဟိုက်ဒဂ္ဂါးကစပြီး ပြင်သစ်ဖြစ်တည်ခြင်းဝါဒီများ၊ အကျွန်ုပ်အပါအဝင် ဖြစ်ကြပါတယ်။ ဂိုဏ်းနှစ်ဂိုဏ်းအုပ်စုနှစ်စု ဖြစ်နေပေမယ့်၊ ဒီနှစ်စုစလုံးမှာ တူညီတဲ့အယူအဆက 'အနှစ်သာရထက် ဖြစ်တည်ခြင်းက အရင်ဖြစ်တယ်' ဆိုတဲ့ သဘောကို လက်ခံထားကြတာပါပဲ။ အင်္ဂလိပ်လိုဆိုတော့ Existence comes before essense. ဒါက သဘောတရားအရ ဘာကိုပြသလဲဆိုတော့ ဒဿနအတွေးအခေါ်မှာ အကျွန်ုပ်တို့ အနေနဲ့ (ဒေးကားပြော သလို 'ငါစဉ်းစားနေလို့ ငါရှိနေတာ' ဆိုတဲ့ သဘောအတိုင်း) ပုဂ္ဂလိက စိတ်ဝိဉာဏ်၊ ပုဂ္ဂလိက အသိဉာဏ်က စရမယ်ဆိုတဲ့ သဘောပါပဲ။ ဒါက ဘာကို အတိအကျဆိုလိုတာလဲ။

အကယ်၍ လူတွေ ဖန်တီးထုတ်လုပ်ထားတဲ့ပစ္စည်းကိရိယာတစ်ခုကို စဉ်းစားကြည့်မယ်ဆိုရင် ဥပမာ– စာအုပ်တစ်အုပ် သို့မဟုတ် စက္ကူဖြတ်တဲ့ ဓားတစ်လက်ဆိုပါစို့။ ဒါဟာ ပြုလုပ်တတ်တဲ့ လူတစ်ဦးတစ်ယောက်ရဲ့ စိတ်ကူးနဲ့ထုတ်လုပ်ထားတဲ့အရာ ဖြစ်တယ်ဆိုတာ မြင်သာပါတယ်။ ပြီးတော့ သူက ဂရုစိုက်ပြီး လေ့လာကြည့်တော့ စက္ကူဖြတ်

http://www.cherrythitsar.org



ခါးကလေးဖြစ်ပေါ်လာတာ၊ ဒီခါးကလေးဖြစ်တည်မလာ ခင်ကတည်းက ရှိနေတဲ့ ထုတ်လုပ်မှုနည်းပညာရှိလို့ ဆိုတာ သိမြင်လာနိုင်တယ်။ ဒီနည်းပညာ၊ ဒီဖော်နည်းကား (ဖော် မြူလာ) ဟာ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ရဲ့ စိတ်ကူးဉာဏ် တစ်စိတ်တစ်ပိုင်းပဲ။ ဒီနည်းအတိုင်းပဲ ဒီစက္ကူဖြတ်တဲ့ခါးက လေးဟာ နည်းပညာစိတ်ကူး တစ်စုံတစ်ရာအားဖြင့် ထုတ်လုပ်ယူရတဲ့ ပစ္စည်းကလေး ဖြစ်လာတယ်။ ဒါက တစ်ဘက်ကကြည့်ရင် သိမြင်ရတာ။ နောက်တစ်ဘက်က ကြည့်တဲ့အခါကျတော့ ဒီခါးကလေးဟာ စက္ကူဖြတ်ရာမှ အသုံးတည့်တဲ့ ရည်ရွယ်ချက်တစ်စုံတစ်ရာကို ပြီးမြောက် အောင် ဆောင်ရွက်နိုင်စွမ်းရှိတဲ့ အနှစ်သာရရှိတဲ့ ပစ္စည်းက လေးဖြစ်လာတယ်။ ဘာကြောင့်လဲဆိုတော့ ဒီခါးကလေး ကို ဘာအတွက်၊ ဘာလုပ်ဖို့အတွက် ထုတ်လုပ်ရတာလဲ ဆိုတဲ့ စိတ်ကူးဉာဏ်အရင်မရှိခဲ့ဘဲနဲ့ ကြိုတင်သိမထားဘဲနဲ့ ဒီခါးကလေးလည်း ဖြစ်တည်လာမှာမဟုတ်ပါဘူး။ ဒါဆို ခုပြောကြစို့၊ စက္ကူဖြတ်ခါးကလေးရဲ့ အနှစ်သာရသဘော ကို အဲဒီအနှစ်သာရဟာ ပထမ စိတ်ကူး၊ နည်းပညာ ဖော်မြူလာ၊ ဒီခါးထုတ်လုပ်မှုမှာ ပါဝင်တဲ့ အရည်အသွေး တွေနဲ့ ဒီခါးကလေးကို ဒါ ခါးကလေးပဲလို့ အဓိပ္ပါယ်သတ် မှတ်လို့ရတဲ့ ကိစ္စအားလုံးဟာ ဒီခါးကလေးဖြစ်တည်လာရေး ကို ရှေးရှုတည်ခဲ့ကြတယ်။ ဒီခါးကလေး သို့မဟုတ် ဒီစာ အုပ်၊ ခု အကျွန်ုပ်မျက်စိအောက်မှာ ပကတိဖြစ်တည်နေတာ ကို အဆုံးအဖြတ်ပေးခဲ့တာက ဆိုခဲ့ပြီးတဲ့ ဒီအချက်တွေက

http://www.cherrythitsar.org



ဆိုးဖြတ်တာပါ။

ခုဒီမှာ အကျွန်ုပ်တို့က လောကကို ရှုမြင်ရာမှာလည်း ဒီနည်းပညာရှုထောင့်ကပဲ ကြည့်တာပါ။ ဒါကြောင့် အကျွန်ုပ်တို့က ထုတ်လုပ်မှုက ဖြစ်တည်မှုကို ရှေ့ဆောင်တယ် (Production preeceds existence) လို့ ပြောနိုင်တာဖြစ်တယ်။

အကျွန်ုပ်တို့က ထာဝရဘုရားသခင်ကို ဖန်ဆင်းရှင်အဖြစ် စဉ်းစားကြရာမှာလည်း ဒီဘုရားကို အခါခပ်သိမ်းကောင်းကင်ဘုံနေ ဖန်ဆင်းမှုကျွမ်းကျင်သူ ပုဂ္ဂိုလ်ကြီးအဖြစ်ပဲ စဉ်းစားမှတ်ယူခဲ့ကြတယ်။ ဘယ်လို အယူဝါဒမျိုးကိုပဲ အကျွန်ုပ်တို့က စဉ်းစား စဉ်းစား၊ အဲဒီ အတွေးအခေါ်ဟာ ဒေးကားရဲ့ အတွေးအခေါ်နှင့်ပဲတူတူ၊ လိုင်ဗနိဇ်ရဲ့ အတွေးအခေါ်မျိုးပဲဖြစ်ဖြစ်၊ အကျွန်ုပ်တို့ အနေနဲ့ကတော့ အနည်းထက်အများဆိုသလို ဆန္ဒသည် နားလည်မှုကို လိုက်ဖက်ပြီးဖြစ်ပေါ်လာတာ ဖြစ်တယ်။ သို့မဟုတ် နားလည်ကျွမ်းကျင်မှုနှင့်အတူ ဆန္ဒဖြစ်ပေါ်လာရတာ ဖြစ်တယ်ဆိုတဲ့ သဘောကို အမြဲယူဆထားကြပြီးဖြစ်တယ်။ ဒါဆို ထာဝရဘုရားသခင်က ဖန်ဆင်းတယ်ဆိုရာမှာလည်း ဘုရားက သူဘာကို ဘာအတွက် ဖန်ဆင်းရသလဲဆိုတာ တိတိကျကျ သိပြီးသားဖြစ်ရမှာပေါ့။ သို့ဖြစ်ရာ လူကိုဘုရားသခင်က ဖန်ဆင်းတုန်းက သူ့ခေါင်းထဲမှာ လူနဲ့ဆိုင်တဲ့ သဘောအမြင်အားလုံးရှိရမယ်။ စက္ကူဖြတ်ဓားကို ဖန်တီးထုတ်လုပ်တဲ့ ကျွမ်းကျင်သူ ပညာရှင်ရဲ့ ခေါင်းထဲမှာ ဒီဓား

http://www.cherrythitsar.org



နဲ့ ပတ်သက်သမျှ အလုံးစုံနားလည်သိမြင်ထားပြီး ဖြစ်သလို ပဲပေါ့။ ထာဝရဘုရားသခင်က လူကို ဖန်ဆင်းရာမှာလည်း ဘာပြီး ဘာလုပ်ရမယ်ဆိုတဲ့ လုပ်ထုံးလုပ်နည်း အစီအစဉ် ရော၊ လူနဲ့ပတ်သက်သမျှ သိမြင်နားလည်ထားမှုရော ရှိရ မယ်။ စက္ကူဖြတ်ဓားကလေးကို ထုတ်လုပ်တဲ့ စက်မှုလက်မှု ပညာရှင်ရဲ့ ခေါင်းထဲမှာ သိနားလည်ထားသလိုပဲပေါ့။ ဒါကြောင့် လူပုဂ္ဂိုလ်တစ်ယောက်စီဟာ ဘုရားသခင်ရဲ့ စိတ်ထဲဉာဏ်ထဲမှာ ရှိခဲ့တဲ့ ဘုရားရဲ့နားလည်မှု (devine understanding) ကို အကောင်အထည်ဖော်တာပဲ ဖြစ်တယ်။ ၁၈ ရာစုခေတ်က ပေါ်ခဲ့တဲ့ ဘုရားမဲ့ဒဿနအမြင်မှာတော့ အဲဒီထာဝရဘုရားသခင် အယူအဆကို နှိမ်နင်းထားတယ်။ ဒါပေမယ့် အနှစ်သာရက ဖြစ်တည်ခြင်းထက် အရင်ဖြစ် တယ်။ (essense is frior to existence) ဆိုတဲ့ သဘော ကိုတော့ မနှိမ်နှင်းခဲ့ကြဘူး။ အဲဒီသဘောမျိုးကို နေရာ တကာမှာ ခုထက်ထိ တွေ့မြင်နေရဆဲပဲရှိသေးတယ်။ ဒီ အယူအဆမျိုးကို ဒီဒါရော့ထဲမှာ၊ ဗေါလ်တိုင်းယားထဲမှာ၊ ကန့်ထဲမှာတောင် တွေ့ရသေးတယ်။ လူမှာ 'လူ့သဘာဝ' ရှိတယ်။ အဲဒီသဘာဝက လူ့သဘောကို ဖြစ်ပေါ်စေတာ ဖြစ်တယ်။ လူတိုင်းထဲမှာ အဲဒီ လူ့သဘောသဘာဝကို မြင် တွေ့နိုင်တယ်။ ဒါက ဘာကိုဖော်ပြသလဲဆိုတော့ လူတစ် ဦးချင်းစီဟာ တစ်လောကလုံးနဲ့ စပ်ဆိုင်တဲ့ လူ့သဘောကို သီးခြားဖော်ဆောင်နေကြတာဖြစ်တယ်။ ကန့်အတွေးအခေါ် ထဲမှာဆို ဒီယေဘုယျ လူ့သဘော၊ လူ့သဘာဝဆိုတဲ့

http://www.cherrythitsar.org



အမြင်ဟာ ရှေးကျလှတဲ့ တောထဲက လူရိုင်းတွေအထိ တောင် ရောက်သွားသေးတယ်။ သဘာဝနိုင်ငံထဲက လူသား၊ အဲဒီအယူအဆ အဓိပ္ပါယ်သတ်မှတ်ချက်ထဲမှာ ဘူဖွာတွေတောင်ပါသေးတယ်။ ဒီမှာလည်း လူသားရဲ့ အနှစ်သာရသဘောဟာ သမိုင်းထဲက လူသားရဲ့ဖြစ်တည်မှု ရဲ့ အရင်ရှေ့ကဖြစ်နေတယ်။ အတွေ့အကြုံထဲမှာ အကျွန်ုပ် တို့က ဒါကို ရင်ဆိုင်ကြရတယ်။

အကျွန်ုပ်ကိုယ်စားပြုတဲ့ ဘုရားမဲ့ဖြစ်တည်ခြင်းဝါဒ က ကြေညာတာကတော့ ဘုရားသခင်ဖြစ်တည်ခြင်းမရှိဘူး ဆိုတာကို အခိုင်အမာပြနိုင်တာနှင့်အမျှ ဒီလောကမှာ အနှစ် သာရထက် အရင်ဖြစ်တည်ခြင်းက လာတယ်ဆိုတဲ့ သတ္တဝါ ဟာ တစ်ခုပဲရှိတော့တယ်။ ဒီ သတ္တဝါဟာ သူ ဘယ်လို သတ္တဝါမျိုးလဲဆိုတာကို အဓိပ္ပါယ် မသတ်မှတ်နိုင်ခင် ကတည်းက ဖြစ်တည်နေတဲ့ သတ္တဝါပါ။ အဲဒီသတ္တဝါ ကတော့ လူသားပါပဲ။ ဟိုက်ဒဂ္ဂါးကတော့ လူသားအစစ် အမှန်ဖြစ်မှုပဲတဲ့။ ဒါဆို 'ဖြစ်တည်ခြင်းက အနှစ်သာရထက် အရင်ဖြစ်တယ်' ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်က ဘာကို ဆိုလိုသလဲ။

အကျွန်ုပ်တို့ဆိုလိုတာက လူက ပထမအရင် ဖြစ် တည်တယ်။ သူ့ကိုယ်သူ တွေ့လာတယ်။ ပြီးတော့ တစ်ကမ္ဘာလုံးကို ပြန့်နှံ့တိုးပွားသွားတယ်။ နောက်ကျတော့ သူ့ကိုယ်သူ အဓိပ္ပါယ်သတ်မှတ်လာတယ်။ ဖြစ်တည်ခြင်း ပဓာနဝါဒီတွေ ရှုမြင်တဲ့ လူဆိုတာကတော့ အဓိပ္ပါယ်

http://www.cherrythitsar.org



သတ်မှတ်လို့ မရဘူး။ ဒါက ဘာကြောင့်လဲဆိုတော့ အဓိပ္ပါယ် စသတ်မှတ်ဖို့ကျတော့ သူက ဘာမှမဟုတ်သေးဘူး။ အစပထမမှာ သူက ဘာမှမဟုတ်ဘူး။ နောက်ကျမှ ဘာကောင်ညာကောင် ဆိုတာတွေ ဖြစ်လာတာကိုး။ သူ ဘာလဲဆိုတာ သူလုပ်တဲ့အလုပ်ပေါ် မူတည်ပြီး ဖြစ်လာတာသာဖြစ်တယ်။ လူ့သဘာဝဆိုတဲ့ အရာမျိုးလည်း မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူကို ဘယ်လိုသတ္တဝါအဖြစ်ငါဖန်ဆင်းတော်မူတယ်ဆိုတဲ့စကားကို ပြောဖို့ အဲဒီထာဝရဘုရားမှမရှိတာပဲ။ လူဟာ လူပဲ။ သူဘာလဲဆိုရင် ဘာမှမဟုတ်ဘူး လူပဲ။ သူ့ကိုယ်သူ ဘယ်လိုသဘောထားသလဲ။ ဘယ်လိုမြင်သလဲ။ အဲဒါပဲ။ သို့သော် သူဟာ သူ့ဆန္ဒရှိတဲ့အတိုင်းပဲဖြစ်တယ်။ သူ လူရယ်လို့ ဖြစ်တည်လာပြီးတဲ့အခါကျမှ သူ ဆန္ဒရှိသလို သူ့ရဲ့အနှစ်သာရသဘောတွေ၊ ဘာညာဆိုတာတွေက ဖြစ်လာရတာပဲဟာ။ လူဆိုတာ သူ့ကိုယ်သူ ဖြစ်စေချင်သလို ဖြစ်လာတာပဲ။ တခြား ဘာမှမဟုတ်ပါဘူး။ ဒါဟာ ဖြစ်တည်ခြင်း ပဓာနဝါဒရဲ့ ပထမဆုံးလက်ခံထားတဲ့ မူဝါဒပဲ။ ဒါကိုပဲ လူတွေက ဒီဝါဒကို စိတ်ဆန္ဒစွဲ၊ ပုဂ္ဂလိကဆန္ဒစွဲအယူဖြစ်တယ်ဆိုပြီး ပြောနေကြတာပါ။ ဒီစိတ်ဆန္ဒစွဲအမြင် (subjectivity) ဆိုတဲ့ စကားက အကျွန်ုပ်တို့ကို ပြစ်တင်ရှုတ်ချချင်လို့သုံးတဲ့ အသုံးအနှုန်းတစ်ခုပါ။ ဒါပေမယ့် အဲဒီစိတ်ဆန္ဒဆိုတဲ့ စကားကို အကျွန်ုပ်တို့ သုံးစွဲကြရာမှာတော့ လူဟာ ကျောက်ခဲတွေ စားပွဲတွေထက်ပိုပြီး ဂုဏ်သိက္ခာကြီးမားတဲ့ သဘောကို

http://www.cherrythitsar.org



ဖော်ပြဖို့ သုံးတဲ့စကားပါ။ အကြောင်းကတော့ အကျွန်ုပ်တို့ ဆိုလိုချင်တာကတော့ လူက ပထမ ဖြစ်တည်တာ ဖြစ်တယ်။ တခြားအရာခပ်သိမ်းတို့ထက် လူက မူလပထမ ဖြစ်တည်ခဲ့တယ်။ အနာဂတ်ဆီကို တွန်းပို့တဲ့ဦးတည်ချက် အရ မောင်းနှင်တဲ့အရာဖြစ်တယ်။ နောက်ကျတော့မှ သြော် လူဆိုတာ ဒီလိုပါကလားလို့ သိမြင်နားလည်လာကြတာပါ။ လူဆိုတာဟာ အမှန်စင်စစ်တော့ စိတ်ဆန္ဒဘဝကို ပိုင်ဆိုင်ထားတဲ့ 'ပရောဂျက်' စိတ်ကူးကြံရွယ်ချက်ကြီး တစ်ခုရယ်ပါ။ လူဟာ မှိုမှိုင်းမဟုတ်ဘူး။ ရေညှိပင် မဟုတ်ဘူး။ ဂေါ်ဖီပန်းမဟုတ်ပါဘူး။ ဒီ ကိုယ့်ကိုယ်ကို ကြံရွယ်ပုံဖော်တတ်တဲ့ အစွမ်းသတ္တိမရှိသေးခင်ကတော့ ဘာမှဖြစ်တည်ခြင်း မရှိသေးပါဘူး။ ကောင်းကင်ဘုံက အသိဉာဏ်ထဲတောင်မရှိသေးပါဘူး။ လူဟာ သူဆန္ဒပြုသလို ရည်ရွယ်သလိုဖြစ်လာတဲ့အခါကျမှ ဖြစ်တည်ခြင်းအဆင့်ကို ရောက်လာတာဖြစ်ပါတယ်။ သို့သော် သူဟာဖြစ်လာပြီးကာမှ ဆန္ဒပြုတာတော့ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ အကျွန်ုပ်တို့ အမြဲနားလည်လေ့ရှိနေကြတာက ဆန္ဒပြုတယ်။ ရည်ရွယ်တယ်ဆိုတာက အသိဉာဏ်ယှဉ်ပြီး ဆုံးဖြတ်ချက်ချတာကို ပြောနေကြတာပါ။ ကိုယ့်ကိုယ်ကို ဖြစ်အောင်လုပ်ပြီးမှ ဖြစ်ချင်တာတွေကို လုပ်ကြတာမဟုတ်ပါဘူး။ အကျွန်ုပ်အနေနဲ့ ပါတီတစ်ခုကို တက်ချင်တယ်ဆိုပါစို့။ စာတစ်အုပ်ရေးချင်တယ် သို့မဟုတ် အိမ်ထောင်ပြုချင်တယ်။ သို့သော် ဒီကိစ္စမျိုးမှာ အကျွန်ုပ်ရဲ့ စိတ်ဆန္ဒလို့ ပြောနေကြတာဟာ

http://www.cherrythitsar.org



ရေးကဖြစ်တဲ့ သူ့အလိုအလျောက်ဖြစ်ခဲ့တဲ့ ဆုံးဖြတ်ချက် အပေါ်မူတည်ပြီးမှ ဖြစ်လာတာမျိုးပါ။ အကယ်၍ ဒီအချက် သာ မှန်တယ်ဆိုရင်ဖြင့် 'ဖြစ်တည်ခြင်းက အနှစ်သာရထက် အရင်ဖြစ်တယ်'ဆိုတဲ့စကားသာ မှန်ခဲ့ရင်၊ လူသားဟာ သူလုပ်သမျှ အလုပ်အတွက် (သူပြုသမျှကံကိစ္စအားလုံး အတွက်) သူ့မှာ တာဝန်ရှိပါတော့တယ်။ ဒီလို သဘောရှိ တာကြောင့် ဖြစ်တည်ခြင်းပဓာနဝါဒရဲ့ ပထမအကျိုး သက်ရောက်မှုက လူကိုလူပီသစေတယ်။ လူကို လူ့နေရာ မှာထားတဲ့သဘော ဖြစ်တယ်။ ပြီးတော့ လူရယ်လို့ ဖြစ် တည်စဉ်မှာ သူပြုသမျှ ကိစ္စအားလုံးအတွက် ကျသင့်တဲ့ တာဝန်ဝတ္တရား အားလုံးကိုလည်း သူ့ပုခုံးပေါ်မှာပဲ တိတိ ကျကျ တင်ထားလိုက်တယ်။ အကျွန်ုပ်တို့က လူဟာ ကိုယ့် ကိုယ်ကို တာဝန်ယူရမယ်။ တာဝန်ရှိတယ်လို့ ပြောရာမှာ ကျွန်ုပ်တို့အနေနဲ့ လူသားကို သူ့တစ်ယောက်တည်း တစ် ကိုယ်တည်းအတွက်ပဲ တာဝန်ရှိတယ်လို့ ဆိုလိုတာ မဟုတ်ဘူး။ လူဟာ လူသားတစ်ရပ်လုံးအတွက် တာဝန် ရှိတယ်ဆိုတဲ့သဘောကို ပြောတာဖြစ်တယ်။

'ပုဂ္ဂလိက ဆန္ဒစွဲဝါဒအမြင်' ဆိုတဲ့ စကားကို သဘောနှစ်မျိုးအားဖြင့် နားလည်တတ်ဖို့ လိုပါတယ်။ အကျွန်ုပ်တို့အပေါ် ရန်လိုမုန်းထားသူတွေက သဘောတစ် မျိုးတည်းကိုပဲ ပြောနေကြတာပါ။ 'ပုဂ္ဂလိကဆန္ဒစွဲဝါဒ အမြင်'ဆိုတာ သဘောတစ်မျိုးအားဖြင့်ဆိုရင် လူပုဂ္ဂိုလ်တစ် ဦးတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ရှိမှု သဘောကို ပြောတာ

http://www.cherrythitsar.org



ဖြစ်တယ်။ နောက် သဘောတစ်မျိုးအရကတော့ လူဟာ လူရဲ့ စိတ်ဆန္ဒနယ်ကို ကျော်လွန်ပြီး ရှာလွန်ရှက်တိုက် လုပ်လို့တော့မရဘူးဆိုတာပါ။ ခု ဖော်ပြတဲ့ ဒုတိယသဘော အမြင်က ပိုပြီး အဓိပ္ပါယ်နက်နဲပါတယ်။ ဖြစ်တည်ခြင်း ပဓာနဝါဒရဲ့ ပိုပြီးနက်နဲတဲ့ အဓိပ္ပါယ်ကို ဆောင်စေပါတယ်။ လူသားတစ်ယောက်အနေနဲ့ သူ့ဘဝကို သူကိုယ်တိုင် ရွေး ချယ်ရတာပါလို့ ပြောတဲ့အခါ အကျွန်ုပ်တို့ ဆိုလိုတာက အကျွန်ုပ်တို့ လူသားတိုင်းဟာ ကိုယ့်ဘဝအတွက် (ကိုယ့် အတွက်ကိုယ်) ရွေးချယ်ကြရတာချည်း ဖြစ်တယ်ဆိုတဲ့ သဘောကို ဆိုတာပါ။ ဒီနေရာမှာ သဘော သက်ရောက် မှုက ကိုယ့်အတွက် ကိုယ်ရွေးကြတာ မှန်ပေမယ့် အဲဒီ ရွေးချယ်မှုဟာ လူသားတိုင်းနဲ့လည်း ပတ်သက်သွားတယ် လို့၊ လူသားတိုင်းအတွက် ရွေးချယ်လိုက်တာဖြစ်တယ် လို့ နားလည်ရမှာပါ။ ဘာဖြစ်လို့လည်းဆိုတော့ အကျိုး သက်ရောက်မှုအရ လူတစ်ယောက်ဟာ သူ ဖြစ်ချင်တဲ့ ဘဝမျိုး ဖြစ်အောင် ရွေးချယ်ပြီး လုပ်ဆောင်တဲ့အခါ၊ သူ့ကိုယ်သူ ဒီလိုလူစားဖြစ်သင့်တယ်၊ ဖြစ်ချင်တယ်လို့ သူ ယုံကြည်တဲ့အတိုင်း ဖြစ်လိုရာကို ကြံစည်ဖန်တီးရာမှာ လူ့ပုံရိပ်တစ်ခုရှိတယ်။ ဒီလူဆိုတဲ့ ပုံရိပ်တစ်ခုမရှိဘဲနဲ့ ကြံစည် ဖန်တီးမှု မဖြစ်နိုင်ပါဘူး။ ဒါကို ရွေးမလား၊ ဟိုဟာကိုရွေး မလားဆိုပြီး စဉ်းစားတာနဲ့တစ်ပြိုင်နက် တစ်ချိန်တည်းမှာ ကိုယ်ရွေးချယ်လိုက်တဲ့ အရာရဲ့ တန်ဖိုးတွေကိုလည်း ကိုယ်က လက်ခံအတည်ပြုလိုက်ရတဲ့ သဘောရှိတယ်။

http://www.cherrythitsar.org



ဘာဖြစ်လို့လဲဆိုတော့ အကျွန်ုပ်တို့အနေနဲ့ အဆိုးဆုံးကို မရွေးချယ်နိုင်လို့ပဲ ဖြစ်တယ်။ မကောင်းဆုံးကိုမှ ဘယ်သူ ရွေးချယ်နိုင်မလဲ။ ရွေးချယ်တယ်ဆိုကတည်းက ပိုကောင်း တယ်လို့ ကိုယ်ယုံကြည် တန်ဖိုးထားတာကိုပဲ ရွေးမှာပေါ့။ ဒါဆို ပိုကောင်းတာဟာ ဘာလဲ။ ဘယ်အရာမှ လူအားလုံး အတွက် မကောင်းရင် ပိုကောင်းတာ မဖြစ်နိုင်ပါဘူး။

ဒါပြင့် အကယ်၍သာ 'ဖြစ်တည်ခြင်းက အနှစ်သာရ ထက် အရင်ဖြစ်တယ်' ဆိုရင် အကျွန်ုပ်တို့က ဖြစ်တည်လို တဲ့ဆန္ဒရှိလို့ တစ်ချိန်တည်းမှာပဲ ကိုယ်ဖြစ်လိုတဲ့ပုံရိပ်ကို ပုံဖော်ရာမှာ အဲဒီပုံရိပ်ဟာဖြင့် လူတိုင်းအတွက် လက်ခံနိုင် တဲ့ တရားဝင်ပုံရိပ်ဖြစ်ရတဲ့အပြင် ကိုယ်ဖြစ်တည်ရာ ခေတ် ကာလတစ်ခုလုံးအတွက် တရားဝင်လက်ခံနိုင်တဲ့ ပုံရိပ်လည်း ဖြစ်ရတော့တာပါပဲ။ ဒါကြောင့် အကျွန်ုပ်တို့ ပြောလိုတာ ထက်တောင် အကျွန်ုပ်တို့ရဲ့ တာဝန်ခံရမှုသဘောဟာ ပိုပြီး ကြီးမားကျယ်ပြန့်ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသားတစ်ရပ်လုံးအတွက် တာဝန်ခံရလို့ပဲ ဖြစ်ပါတယ်။

အကယ်၍ အကျွန်ုပ်ဟာ ဥပမာ– အလုပ်သမား တစ်ယောက်ဖြစ်ခဲ့ရင် အကျွန်ုပ်အနေနဲ့ ခရစ်ယာန်အလုပ် သမားသမဂ္ဂကိုပဲဖြစ်ဖြစ်၊ ကွန်မြူနစ်အလုပ်သမား သမဂ္ဂ ကိုပဲဖြစ်ဖြစ်၊ ဝင်ချင်ရာဝင်ဖို့ ရွေးချယ်နိုင်တယ်။ ပြီးတော့ ဘယ်သမဂ္ဂအဖွဲ့ဝင်အလုပ်သမားပဲဖြစ်လာ ဖြစ်လာ၊ အဆုံး မတော့ အကျွန်ုပ်အနေနဲ့ မလွှဲသာလို့လက်ခံရတဲ့ အခြေ အနေကို ရွေးချယ်တဲ့သဘော သက်ရောက်သွားတာပါပဲ။

http://www.cherrythitsar.org



အဲဒီလို မလွှဲသာမရှောင်သာလို့ လုပ်ရတဲ့ အကောင်းဆုံး သဘောတွေကပဲ လူဖြစ်လာတာပါ။ ဒီအခါ လူသားရဲ့ မင်းနေပြည်ဆိုတာလည်း မြေကြီးပေါ်မှာ မရှိတော့ပါဘူး။ ဒီအမြင်ဟာ အကျွန်ုပ်တစ်ဦးတည်း ယုံကြည်လက်ခံထား တဲ့အမြင်မဟုတ်ပါဘူး။ မလွှဲသာလို့ ရွေးချယ်လိုက်ရတဲ့ သဘောဆိုတာ လူသားတိုင်းအတွက် အကျွန်ုပ်မှာရှိတဲ့ စိတ်ဆန္ဒပါ။ နောက်ဆက်တွဲအနေနဲ့ ဒီစိတ်၊ ဒီစေတနာအရ လုပ်တဲ့ အကျွန်ုပ်ရဲ့ကံတွေအားလုံးဟာ လူသားအားလုံးရဲ့ ကိုယ်စားထားရတဲ့ သက်ဝင်ယုံကြည်ချက်ပါပဲ။ သို့မဟုတ် ပိုပြီး ပုဂ္ဂိုလ်ဆန်ဆန်ပြောရလို့ရှိရင် အကျွန်ုပ်အနေနဲ့ လက် ထပ်ပြီး သားသမီးတွေယူဖို့ ဆုံးဖြတ်တယ်ဆိုရာမှာ ဒီဆုံး ဖြတ်ချက်ဟာ အကျွန်ုပ်ရဲ့ အခြေအနေအရ အကျွန်ုပ်ရဲ့ စိတ်ဆန္ဒရာဂအရ ဖြစ်လာတာပဲဆိုစေဦးတော့ ဒီနေရာမှာ ဒီဆုံးဖြတ်ချက်ဟာ အကျွန်ုပ်တစ်ဦးတစ်ယောက်နဲ့သာ သက်ဆိုင်တဲ့ ဆုံးဖြတ်ချက်မဟုတ်တော့ဘဲနဲ့ လူသားတစ် ရပ်လုံးနဲ့ဆိုင်တဲ့ ကိစ္စ၊ တစ်လင်တစ်မယားစနစ်ကို ကျင့် သုံးမှုနဲ့ ဆိုင်တဲ့ ဆုံးဖြတ်ချက် ဖြစ်သွားပါတော့တယ်။ ဒီလိုနဲ့ပဲ အကျွန်ုပ်သည် မိမိအတွက်ရော၊ လူသားတစ်ရပ် လုံးအတွက်ရော တာဝန်ရှိသူ ဖြစ်သွားပါတော့တယ်။ ပြီးတော့ အကျွန်ုပ်သည် တစ်စုံတစ်ခုသော လူသားပုံရိပ်ကို ကြံစည်ဖန်ဆင်းနေတာ ဖြစ်သွားပါတယ်။ မိမိကိုယ်ကို ပုံဖော် ရင်း လူ့ပုံရိပ်ကိုပါ ပုံဖော်နေသူဖြစ်သွားပါပြီ။

ဒီအချက်က အကျွန်ုပ်တို့ သုံးနှုန်းပြောဆိုနေကြတဲ့

http://www.cherrythitsar.org



စကားကြီးစကားကျယ်တွေလို့ ထင်ရတယ်။ ပရိဒေဝ (anguish)၊ စွန့်ခြင်း (abandomment)၊ သောက(desapair)ဆို တဲ့ စကားတွေကို နားလည်စေနိုင်ပါတယ်။ မကြာခင်မှာပဲ လူကြီးမင်းများအနေနဲ့ ဒါဟာ နားလည်ရလွယ်ကြောင်းကို သိမြင်သွားပါလိမ့်မယ်။

ပထမအချက်အနေနဲ့ ပရိဒေဝ (anguish) ဆိုတာ ဘာကို ဆိုလိုတာလဲ။ ဖြစ်တည်ခြင်းပဓာနဝါဒီတွေ ပွင့်ပွင့် လင်းလင်းပြောဆိုတာက လူဟာ ပရိဒေဝမီးတောက်လောင် နေသူပဲဖြစ်တယ်ဆိုတဲ့အချက်ပဲ။ အဓိပ္ပါယ်ကတော့ ဒီလိုပါ။ လူတစ်ယောက်ဟာ တစ်ခုခုကို ဆုံးဖြတ်ချက်ချလိုက်ပြီးရင် သူ့စိတ်ထဲမှာ သူ့ဟာသူဖြစ်ချင်တာတစ်ခုကို ရွေးချယ်လိုက် ပြီးပြီလို့ နားလည်ရုံတင်မကဘဲ သူ့အနေနဲ့ လူသားတစ်ရပ် လုံးအတွက်ပါ ဥပဒေစည်းကမ်းတစ်ခုကို ချမှတ်လိုက်ရသူ ဓမ္မသတ်စီရင်သူတစ်ယောက်လို ဖြစ်သွားပါတယ်။

အဲဒီအခိုက်အတန့်မှာပဲ သူ့မှာ လုံးဝတာဝန်မကင်း တော့ဘူးဆိုတာ သိမြင်ခံစားလာရတယ်။ သူဟာ လုံးဝ တာဝန်ရှိသူဖြစ်သွားပြီ။ ဒီလိုတာဝန်ခံရတာကို စိုးရိမ်စိတ် မရှိတဲ့လူတွေလည်း ရှိတော့ရှိတာပါပဲ။ ဒါပေမယ့် အကျွန်ုပ် တို့အမြင်မှာတော့ တာဝန်ရှိတဲ့အပေါ်မှာ စိုးရိမ်စိတ်မဖြစ်ဘူး ဆိုတဲ့လူဟာ သူ့ရင်ထဲက ပရိဒေဝပူပန်သောကရောက်မှု ကို လူမသိအောင် ဟန်ဆောင်နေတာပါလို့ပဲ မြင်တယ်။ ဒါမှမဟုတ် ဒီသောကပရိဒေဝကနေ ထွက်ပြေးဖို့ ကြိုးစား နေတာလို့ပဲ မြင်တယ်။ အမှန်ကတော့ သူတို့ဆုံးဖြတ်ထား

http://www.cherrythitsar.org



တဲ့အတိုင်း လုပ်နေကြတဲ့လူတွေထဲမှာ အများက စဉ်းစား တွေးထင်နေကြတာက သူတို့လုပ်တာဟာ သူများကို ဘာမှ ကျူးလွန်ရာမကျဘူး။ ကိုယ့်ဘာသာကိုယ်ပဲ ဆိုင်တယ်လို့ ဖြစ်ပါတယ်။ အကယ်၍ သူတို့ကို 'ခင်ဗျားတို့ လုပ်သလို အားလုံးကလုပ်ကြလို့ရှိရင် ဘာဖြစ်သွားမယ်ထင်သလဲ' လို့ မေးကြည့်လို့ရှိရင် သူတို့က ပုခုံးတွန့်ပြီး ပြောင်ပြင်းမယ်။ 'လူတိုင်းလည်း မလုပ်ပါဘူးဗျာ' လို့ပဲ ခါချမှာပဲ။ ဒါပေမယ့် အမှန်ကတော့ လူတစ်ယောက်အနေနဲ့ အမြဲတမ်း ဆင်ခြင် သင့်တာက ကိုယ့်ကိုယ်ကို ပြန်ပြီး မေးသင့်တာက 'ငါလုပ် သလိုသာ လူတိုင်းလိုက်လုပ်ကြရင် ဘာဖြစ်သွားမလဲ' ဆို တာ မေးသင့်တယ်။ ဒီလိုမေးလိုက်လို့ရှိရင် ကိုယ့်ကိုယ်ကို လှည့်စားသူကလွဲရင် ဘယ်သူမှ ဒီစိတ်မသက်သာစရာ အတွေးက မလွတ်နိုင်ပါဘူး။ ကိုယ့်ကိုယ်ကို ကာကွယ်တဲ့ အနေနဲ့ လူဟာ လိမ်ပြောလိုတဲ့သဘောနဲ့ပြောရင် 'လူတိုင်း တော့ ဒီလိုလုပ်ကြမှာမဟုတ်ဘူး' ဆိုပြီးပဲ ဆင်ခြေပေး မယ်။ ဒါပေမယ့် သူ့လိပ်ပြာကတော့ မသန့်နိုင်ပါဘူး။ လောကတစ်ခုလုံးက ငြင်းပယ်ထားတဲ့ မုသာဝါဒကို သူ ကျူးလွန်နေတာကြောင့် သူ့ရင်ထဲမှာလည်း မသက်မသာ ဖြစ်နေရမှာပါ။ ဒီလိုဟန်ဆောင်ရင်းပဲ သူ့ရင်ထဲက ပရိဒေဝ စိတ်ဆင်းရဲမှုဟာ ပေါ်လာမှာပဲ။ ဒီလို စိတ်ဆင်းရဲမှုကို ကီးကဲဂတ်က 'အေဘရာဟမ်ရဲ့ စိတ်ဆင်းရဲမှု (ပရိဒေဝ) (Anguish of Abraham) လို့ ခေါ်ထားပါတယ်။ အေဘရာဟမ် ဇာတ်လမ်း (သမ္မာကျမ်းစာထဲက)ကိုတော့ ခင်ဗျားတို့သိပြီး

http://www.cherrythitsar.org



ဖြစ်ကြမှာပါ။ သမ္မာကျမ်းစာထဲမှာ အေဘရာဟမ်ဆီကို ထာဝရဘုရားသခင်ထံက ကောင်းကင်တမန် ဂါဗြိလ ရောက်လာပြီး အေဘရာဟမ်ကို သူ ဘုရားသခင်ကို ယုံကြည်ပုံ၊ ဘုရားသခင်ရဲ့ အမိန့်တော်ကို နာခံပုံကိုပြဖို့ အတွက် သူ့ရဲ့သားကို သတ်ပြီး ယဇ်ပူဇော်ရမယ်လို့ အမိန့် ပေးတယ်။ အမိန့်ကို နာခံခြင်းဟာ တာဝန်ရှိမှုပဲ။ ဒါက အကယ်၍ သူ့ရှေ့မှာပေါ်လာရတဲ့အရာဟာ ကောင်းကင် တမန် ဂါဗြိလ အစစ်ဖြစ်ရင်ပေါ့လေ။ သူက ပြောတယ် 'သင် အေဘရာဟမ် သင်သည် သင့်သားကို သတ်၍ 'ယဇ်ပူဇော်ပါလော့' လို့ ဆိုတယ်။ ဒါပေမယ့် ဒီလိုကိစ္စမျိုး ကြုံတွေ့ကြတဲ့အခါ လူတိုင်းစိတ်ထဲမှာ ဝေခွဲမရဖြစ်ကြမှာ ကတော့ ခုလာပြောတာ ကောင်းကင်တမန်အစစ်ဟုတ်မှ ဟုတ်ပါလေစ။ ဒါက ပထမအချက်ပေါ့။ ဒုတိယအချက်က သူပြောတဲ့ အေဘရာဟမ်ဆိုတာကလည်း ငါပဲ ဟုတ်ပဲ ဟုတ်ပါလေစလို့ တွေးသိကြမှာပဲ။ ကဲ သက်သေထင်ရှား ပြစရာဘာများရှိလို့တုန်း။ စိတ်ရောဂါ ထင်ယောင်မှား စိတ် စွဲရောဂါ (Hallaucination) ဖြစ်နေတဲ့ မိန်းမတစ်ယောက်က သူ့ဆီကို လူတွေက တယ်လီဖုန်းဆက်ပြီး အမိန့်တွေပေး နေတယ်လို့ ပြောတော့ ဆရာဝန်က 'ခင်ဗျားဆီကို ဖုန်း ဆက်နေတဲ့ အဲဒီလူဟာ ဘယ်သူလဲ' လို့ မေးတော့ သူမက ပြန်ဖြေတယ်။ 'သူပြောတာကတော့ ဘုရားသခင်ဆက်တာ ဆိုပဲ'။ ကဲ . . . . ဒါဆိုရင် သူပြောတဲ့ ဖုန်းဆက်နေတယ်ဆို တဲ့ ဘုရားသခင်ကို ဘာနဲ့ သက်သေထူကြမလဲ။ ဒါဆို

http://www.cherrythitsar.org



ကောင်းကင်တမာန်နတ်သားတစ်ယောက် အကျွန်ုပ်ရှေ့တွင် ပေါ်လာတယ်ပဲထားပါ။ အဲဒါဟာ ကောင်းကင်တမာန် နတ်တမာန်ဖြစ်ကြောင်း ဘာနဲ့သက်သေပြမလဲ။ ဒါမှမဟုတ် အသံကိုကြားတယ်ဆိုရင်လည်း ငရဲကလာတဲ့ အသံတွေလား ဘာနဲ့သက်သေထင်ရှားပြမလဲ။ ဒါမှမဟုတ် မိမိရဲ့ဘဝင်စိတ်ထဲက ပေါ်လာတဲ့ အသံများလား၊ ဒီအသံတွေဟာ အကျွန်ုပ်ကို တိုက်ရိုက်ရည်ရွယ်ပြောဆိုတဲ့ အသံတွေပဲဆိုတာကိုတော့ ဘယ်သူ သက်သေထင်ရှားပြနိုင်မှာတဲ့လဲ။

ပြီးတော့ ဘယ်သူက အကျွန်ုပ်သည်သာ မိမိဘာသာရွေးချယ်ပြီး လူသားတစ်ရပ်လုံးအပေါ် သင်တို့ဟာ လူသားတွေဖြစ်တယ်ဆိုပြီး လူဖြစ်ခြင်းကို သတ်မှတ်ပေးနိုင်သူဖြစ်တယ်လို့ သက်သေထင်ရှားပြနိုင်မှာလဲ။ အဲဒီပြဿနာတွေအတွက် အကျွန်ုပ်အနေနှင့်တော့ ဘယ်တုန်းကမှ သက်သေအထောက်အထားရှာလို့ မရခဲ့ပါဘူး။ အကျွန်ုပ်ကို ဒီကိစ္စတွေအပေါ်မှာ ယုံကြည်သက်ဝင်လာအောင်လည်း အရိပ်လက္ခဏာပြနိုင်တာကလည်း ဘယ်သောအခါမှ ရှာလို့တွေ့မှာလည်း မဟုတ်ပါဘူး။ အကျွန်ုပ်ကို ပြောတဲ့အသံတစ်သံကို ကြားတယ်ဆိုရာမှာလည်း ဒီအသံဟာ နတ်တမာန်ရဲ့အသံ ဟုတ်မဟုတ်ဆိုတာ အကျွန်ုပ်ပဲဆုံးဖြတ်ရမှာပါ။ အပြုအမူတစ်ခုဟာ ကောင်းတယ်မြတ်တယ်ဆိုရင်လည်း ဒါ ကောင်းပါတယ်။ မဆိုးဘူးဆိုတာကို ရွေးချယ်ဆုံးဖြတ်ရတာလည်း ကိုယ်ပဲ ဖြစ်ပါတယ်။ အကျွန်ုပ်ဟာ အေဘရာဟမ်ဖြစ်ကြောင်း အထောက်

http://www.cherrythitsar.org



အထားပြစရာကော ဘာများရှိလို့လဲ။ ဘာပဲပြောပြော အချိန် တိုင်းမှာ အပြုအမူတွေကို နမူနာပြဆောင်ရွက်နေရတာ လည်း မိမိက တာဝန်ရှိတယ်ထင်ပြီး လုပ်နေကြတာပဲ။ လူတိုင်းအတွက် ဖြစ်လာသမျှကိစ္စအားလုံးဟာ သူလုပ်နေ တာတွေကို လူတကာ မျက်လုံးဒေါက်ထောက်ကြည့်ပြီး သူ့အပြုအမူကို စီမံထိန်းကျောင်းပေးတာ ခံနေရသလို ဖြစ်နေတယ်။ ဒီတော့ လူတိုင်းပြောသင့်တာက 'ငါလည်း လူစင်စစ်ပဲ၊ ငါလုပ်သလို လူတွေက လိုက်လုပ်ရအောင် ငါ့မှာလုပ်နိုင်တဲ့အခွင့်အရေးရှိတယ်' လို့ပြောလည်းရတာပဲ။ တကယ်လို့ ဒီလိုလူတစ်ယောက်က မဆိုရင် သူဟာ သူ့ရဲ့ စိတ်ဆင်းရဲမှု ပရိဒေဝ (anguish)တွေကို ဖုံးကွယ်ဖို့ရာ ပရိယာယ်ဆင်၊ ဟန်ဆောင်နေတာပဲ ဖြစ်တယ်။ ထင်ရှား တာက အကျွန်ုပ်တို့နှင့် ဒီနေရာမှာ ပတ်သက်ရာပတ်သက် ကြောင်း၊ စိတ်ဆင်းရဲမှု ပရိဒေဝတွေဟာ ဘာမှမလုပ်ဘဲ တော့ စိတ်တည်ငြိမ်မှု သမာဓိကို ဖြစ်စေနိုင်တာတွေ မဟုတ်ကြပါဘူး။ ဒါဟာ စိတ်ဆင်းရဲမှုအစစ်ပဲ၊ ပကတိ စိတ်ဆင်းရဲမှုပဲ၊ ကိုယ့်ကိုယ်ကို တာဝန်ရှိတယ်ထင်တဲ့ လူတိုင်းရင်ထဲမှာ ဖြစ်တတ်တဲ့ စိတ်ဆင်းရဲမှု ဒုက္ခတွေပါပဲ။

ဥပမာပြောရရင် တိုက်ပွဲတစ်ခုကို တာဝန်ခံတိုက်ရ မည့် စစ်ဗိုလ်တစ်ယောက်အနေနဲ့ သူ့လူတွေကို သေတွင်း သေလမ်းကို ပို့ရတော့မည့် ကိစ္စမှာ ဒီဆုံးဖြတ်ချက်ကိုချ ရတဲ့လူဟာ သူပဲ၊ သူပဲ ရွေးချယ် သူပဲ ဆုံးဖြတ်ရတာပါ။ သူဟာ အထက်အမိန့်အရ လုပ်ရတာကတော့ အမှန်ပဲ။

http://www.cherrythitsar.org



သို့သော် ဒီအမိန့်ကို အဓိပ္ပါယ်ဖော်ဆောင်တာကတော့ သူလုပ်ရတယ်၊ သူ့အပေါ်ရော၊ လူဆယ့်လေးငါးဦးလောက်ရဲ့ အသက်တွေအပေါ်မှာရော တည်နေတယ်။ ဒီတော့ ဒီဆုံးဖြတ်ချက်ကို ချရာမှာ သူ့ရင်ထဲမှာ မုချ စိတ်ဆင်းရဲတာ ကလွဲပြီး ဘာမှ မခံစားရပါဘူး။ ဒီစိတ်ဆင်းရဲမှုမျိုးကို ခေါင်းဆောင်လုပ်သူတိုင်းသိကြပါတယ်။ ဒီစိတ်ဆင်းရဲမှုက သူတို့ရဲ့အလုပ်ကို တားဆီးမှု မပြုပါဘူး။ တစ်နည်းတစ်လမ်းအားဖြင့်တော့ ဒီအခြေအနေဟာ သူတို့အပြုအမူကို ဖြစ်နိုင်ချေများစွာရှိတယ်ဆိုတာကို ကြိုတင်သိမြင်စေတဲ့ အခြေအနေတို့၊ အဲဒီဖြစ်နိုင်ချေထဲက တစ်ခုခုကို ရွေးချယ်ရတာမျိုးပါ။ ဒီလိုရွေးချယ်မှုတစ်ခုပြုလိုက်ခြင်းကြောင့် ထိုက်တန်တဲ့ အကျိုးစီးပွား၊ တန်ဖိုးရရှိနိုင်တယ်ဆိုတာကိုလည်း သူတို့သိမြင်ကြတယ်။ ယခု အဲဒီ စိတ်ဆင်းရဲမှု ပရိဒေဝမျိုးကို ဖြစ်တည်ခြင်း ပဋ္ဌာနဝါဒက သရုပ်ဖော်နေတာပါ။ ပြီးတော့လည်း အကျွန်ုပ်တို့ မြင်ကြရမှာက ဒီစိတ်ဆင်းရဲမှုကို ရင်မှာထားပြီး လုပ်နေရတဲ့ အလုပ်မှာ တိုက်ရိုက်အတိအလင်းအားဖြင့် တခြားပတ်သက်ရာ ပတ်သက်ကြောင်း လူတွေအတွက် တာဝန်ကျရောက်မှုရှိတာလည်း သိသာပါတယ်။ ဒီစိတ်ဆင်းရဲမှုက အကျွန်ုပ်တို့ကို မလုပ်ဖြစ်အောင် ကာဆီးနိုင်ဖို့ဝေးစွ၊ လုပ်စရာရှိတာကို လုပ်ဖြစ်အောင်တောင် လုပ်ပေးနေတဲ့ စိတ်ဆင်းရဲမှုမျိုးပါ။ အကျွန်ုပ်တို့က ဟိုက်ဒဂ္ဂါးရဲ့ အကြိုက်စကားလုံးဖြစ်တဲ့ ‘စွန့်ခြင်း’(abandonment)ဆိုတာကို ပြောကြတဲ့အခါ အကျွန်ုပ်တို့က ထာဝရဘုရား

http://www.cherrythitsar.org



သခင်ဆိုတာ ဖြစ်တည်ခြင်းမရှိဘူး။ (ဘုရားမရှိဘူး)ဆိုတဲ့ သဘောတစ်ခုတည်းကို ပြောတာပါ။ အင်္ဂလိပ်လို God does not exist ကို ပြောတာပါ။ ပြီးမှ ဘုရားမရှိဘူးဆိုတဲ့ အယူအဆနဲ့ ဆက်နွယ်လာတဲ့ နောက်ဆက်တွဲ အခြေအနေအရပ်ရပ်ကို အဆုံးထိ စဉ်းစားတာ ဖြစ်ပါတယ်။ ဖြစ်တည်ခြင်း ပဓာနဝါဒီတွေဟာ ဘုရားကို နှိပ်ကွပ်တဲ့ ယောဂီ အကျင့်သီလမျိုးကိုလည်း ပြင်းပြင်းထန်ထန် ဆန့်ကျင်ပါတယ်။ ၁၈၈၀–ခုနှစ်လောက်တုန်းက ပြင်သစ်ပါမောက္ခတစ်ယောက်က လောကီကိုယ်ကျင့်တရားတစ်ခုကို ဖော်ထုတ်ခဲ့ဖူးတယ်။ သူတို့ပြောပုံက ဒီလိုပါ။ 'ထာဝရဘုရားသခင်ဆိုတာ ဘာမှ အသုံးမကျတဲ့ တန်ဖိုးအများကြီးပေးရတဲ့ အနုမာနမှန်းဆချက် တစ်ခုရယ်ပါတဲ့။ ဒါကြောင့် ဒီဘုရားသခင်မျိုးကို မလိုချင်ပါဘူး။ ဒါပေမဲ့ ကျုပ်တို့အနေနဲ့ ဥပဒေကို လိုက်နာကျင့်သုံးတဲ့ လူ့ဘောင်လောကဖြစ်ဖို့အတွက်တော့ဖြင့် တန်ဖိုးတစ်ခုခုကိုတော့ အလေးအနက်ထားကြရမှာပဲတဲ့။ အဲဒီတန်ဖိုးဟာလည်း သူ့ကို သိကြောင်းဖြစ်ဖို့ တွေ့ကြုံရှေ့ဖြစ် (apriori) အတွေ့အကြုံအရဖြစ်လာ၊ သိလာတာမဟုတ်ဘဲ သူ့ဘာသာ အစကတည်းက တည်ရှိနေတဲ့ သဘော၊ တွေ့ကြုံရှေ့ဖြစ်သဘော၊ ဖြစ်တည်ခြင်း သဘောရှိရမယ်တဲ့။ ရိုးသားဖြောင့်မတ်ရမယ်ဆိုတာကို တာဝန်တစ်ရပ်အနေနဲ့ ယူဆတာ *apriori သဘောပဲ။ မုသားမပြောရဘူး၊ ဇနီးဖြစ်သူကို အနိုင်မကျင့်ရဘူး။ သားသမီးတွေကို မွေးမြူစောင့်ရှောက်

*apriori – အတွေ့အကြုံအရ ဖြစ်လာသိလာတာမဟုတ်ဘဲ သူ့ဘာသာ အစကတည်းက တည်ရှိနေတဲ့သဘော။ တွေ့ကြုံရှေ့ဖြစ်သဘော။

http://www.cherrythitsar.org



ရမယ် ဆိုတာတွေဟာ apriori သဘောတွေချည်းပါပဲ။

ဒါကြောင့် ဘုရားမရှိပေမယ့် ဒီတရားတွေကတော့ သူ့ဘာသာတန်ဖိုးအဖြစ်နဲ့ တည်ရှိနေကြတာပဲတဲ့။ သူတို့ ဖြစ်တည်လျက် ရှိနေတယ်ဆိုတာကို ကျုပ်တို့သိမြင်လာအောင် ပြသနိုင်တယ်တဲ့။ ဒါကြောင့် ဒီကိစ္စကို အရှည်အဝေးပြောနေစရာတောင် မလိုပါဘူးတဲ့။ ဒီတရားတွေဟာ သိမြင်နိုင်တဲ့ ကောင်းကင်ဘုံ (Intelligible heaven)ကမှည်း တင်ထားပြီးသားရှိကြတယ်တဲ့။ တစ်နည်းအားဖြင့် ဆိုရရင် အကျွန်ုပ်ယုံကြည်တာကို ပြောရရင် ကျုပ်တို့ပြင်သစ်ပြည်မှာ radicalism အမြစ်လှန်ပြောင်းလဲရေးဝါဒလို့ ခေါ်တဲ့ အဓိပ္ပါယ်မျိုးထင်ပါရဲ့။ တကယ်လို့ ဘုရားသခင်မရှိဘူးဆိုရင် ဘာမှပြောင်းလဲလို့ မရတော့ဘူး။ ဒီအခါကျရင် ကျုပ်တို့အနေနဲ့ ရိုးသားဖြောင့်မတ်ခြင်း၊ တိုးတက်ခြင်း၊ လူပီသခြင်းဆိုတဲ့ သဘောတွေကို ပြန်လည်ရှာဖွေ ဖော်ထုတ်ကြရပေတော့မယ်။ ပြီးတော့ ဘုရားသခင်ဆိုတာကိုလည်း ခေတ်မမီတဲ့ မှန်းဆချက် အနုမာနတစ်ခုအဖြစ် မလိုအပ်တော့လို့ ပယ်လိုက်ကြရတော့မှာပဲ။ ဒီတစ်ခါ ဘုရားသခင် အယူအဆလည်း ခေတ်မရှိတော့ဘဲ သူ့အလိုလို သေပျောက်သွားတော့မှာပဲတဲ့။ ဖြစ်တည်ခြင်း ပဓာနဝါဒီတွေ ဘက်ကပြောရရင်တော့ ဘုရားသခင်ဖြစ်တည်ခြင်းမရှိဘူးဆိုတဲ့ အဆိုဟာ အလွန်အမင်းစိတ်ရှုပ်ထွေးစရာကောင်းတဲ့ အဆိုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင် မရှိတော့ဘူးဆိုရင် သူနှင့်အတူ သိမြင်နိုင်တဲ့ ကောင်းကင်ဘုံက တန်ဖိုးတွေကို

http://www.cherrythitsar.org



ရှာဖွေနိုင်ခွင့်တွေလည်း အားလုံး ပျောက်ဆုံးကုန်တော့မှာမို့ ဖြစ်ပါတယ်။ ဒါဆို တွေ့ကြုံရေး ဖြစ်ကောင်းမြတ်တဲ့ သဘောအယူအဆတွေလည်း တည်ရှိနိုင်မှာ မဟုတ်တော့ဘူး။

ပြီးတော့ အဆုံးမဲ့ အနန္တ ပြီးပြည့်စုံတဲ့ အသိဉာဏ် ဆိုတာလည်း ဘုရားသခင်မရှိတော့ရင် ရှိတော့မှာ မဟုတ်တော့ဘူး။ 'ကောင်းမြတ်ခြင်း'သဘောဆိုတာကလည်း ဖြစ်တည်နေတယ်လို့ ဘယ်မှာမှ ရေးမထားဘူး။ ရိုးသားဖြောင့်မတ်ရမယ်၊ မုသားမပြောရဘူးဆိုတာတွေလည်း ဘယ်မှာ ဖြစ်တည်နေတယ်လို့ ရေးမထားဘူး။ လူတွေချည်းနေတဲ့ လူ့ဘောင်လောကထဲမှာ ဒီတရားတွေ ဘယ်နေရာမှာ တည်ရှိနေတယ်လို့ ဘယ်မှာမှ ရေးထားတာ၊ ကမ္ပည်းတင်ထားတာလည်း မရှိဘူး။ ဒေါ့စတိုယက်(ဖ)စကီး တစ်ခါတုန်းက ရေးခဲ့သလိုမျိုးပေါ့။ 'တကယ်လို့ ဘုရားသခင်သာ မရှိတော့ဘူးဆိုရင် ဘာမဆို လုပ်ခွင့်ရှိတော့မှာပဲ'တဲ့။ ဒါကြောင့် ဖြစ်တည်ခြင်း ပဓာနဝါဒအတွက်တော့ ဒါဟာ စတင်ရမည့်နေရာပဲ။ အကယ်၍ ဘုရားသခင်ဖြစ်တည်ခြင်း မရှိတော့ဘူးဆိုရင် ဘာမဆို လုပ်ခွင့်ရှိတော့မှာပဲ၊ ဒီအခါကျရင် လူဟာ အထီးကျန်ဖြစ်ပြီး ဘာမှ အားကိုးစရာ မရှိတော့သလို ဖြစ်သွားတော့မယ်။ ဒီအခါ သူ့ကိုယ်သူ ချက်ချင်း သိမြင်သွားမှာက သူ့မှာအပြစ်လွတ်ရာလွတ်ကြောင်း ဘာမှ မရှိတော့ဘူးဆိုတာပါပဲ။ လူတစ်ယောက်အဖို့ သူဒီလို ဘာကြောင့်ပြုမူဆောင်ရွက်ရတယ်ဆိုတာကို လူ့သဘာဝ

http://www.cherrythitsar.org



အခြေအနေတွေကို ကိုးကားပြီး ရှင်းပြနိုင်ခြင်းလည်း ရှိတော့မှာမဟုတ်တော့ဘူး။ တစ်နည်းအားဖြင့် ဆိုရရင် ပြဋ္ဌာန်းချက်တစ်စုံတစ်ရာ ဘာမှ မရှိတော့ဘူး။ လူဟာ လွတ်လပ်ပြီး၊ လွတ်လပ်ခြင်းဟာလည်း လူပဲ ဖြစ်သွားတော့မယ်။ ပြီးတော့ နောက်တစ်နည်း ပြောရရင် ဘုရားမရှိတော့ဘူးဆိုရင် အကျွန်ုပ်တို့မှာ ကျွန်ုပ်တို့ အပြုအမူ တရားဝင်ကြောင်းပြတဲ့ ဘာတန်ဖိုး၊ ဘာပညတ်ချက်မှလည်း ရှိတော့မှာ မဟုတ်တော့ဘူး။

အကျွန်ုပ်နောက်ကွယ်မှာ အားကိုးစရာလည်း ဘာမှ မရှိတော့ဘူး။ အကျွန်ုပ်ရှေ့မှာလည်း မားမားမတ်မတ်ရပ်တည်မည့်သူမရှိတော့ဘူး။ အပြစ်က လွတ်ရာလွတ်ကြောင်း အကြောင်းပြစရာလည်း မရှိတော့ဘူး။ ကိုယ့်အပြုအမူဟာ တရားဝင်ကြောင်းလည်း အကြောင်းပြစရာ မရှိတော့ဘူး။ အကျွန်ုပ်တို့ချည်းသက်သက် အထီးကျန် ဘဝရောက်သွားတော့တယ်။ အပြစ်က ခွင့်လွှတ်ဖို့အကြောင်းလည်း မရှိတော့ပါဘူး။ အဲဒီသဘောကို အကျွန်ုပ်က လူကို အတင်းအဓမ္မ လွတ်လပ်အောင် အတင်းအကြပ်လုပ်ခြင်း "man is condemned to be free" လို့ ပြောတာပါ။ condemened အပြစ်စီရင်ခြင်းခံရတာလို့ ဘာဖြစ်လို့ ပြောရသလဲဆိုတော့ သူက သူ့ကိုယ်သူ ဖန်ဆင်းခဲ့ရတာလည်း မဟုတ်ဘူး။ ဒါပေမယ့် လွတ်လပ်နေတော့ကာ ဒီလောကကြီးထဲကို သူ့ကိုပြစ်ချခြင်းခံရတဲ့ အချိန်ကစပြီး သူလုပ်သမျှ ကိစ္စအားလုံးအတွက် သူ့မှာပဲ တာဝန်ရှိနေရတော့တာပါ။ ဖြစ်

http://www.cherrythitsar.org



တည်ခြင်း ပဓာနဝါဒီတွေဟာ တဏှာရဲ့အစွမ်းသတ္တိဆို တာကို မယုံကြည်ဘူး။ သူကတော့ တဏှာရာဂကို ပြင်း ထန်စွာ စီးထွက်နေတဲ့ အဖျက်သြဃလို့ မယူဆဘူး။ ဒီတဏှာရေယာဉ်ကြော မျောပါပြီး လူတွေက ကံတွေကို ပြုလုပ်နေကြရတယ်။ ကံကြမ္မာကြောင့် ဖြစ်ရတာပါဆိုတဲ့ အပြစ်လွတ်အောင် ပြောဆိုတာမျိုးလည်း လက်မခံဘူး။ လူသားဟာ သူ့ရဲ့ တဏှာလောဘအတွက်လည်း တာဝန် ရှိသူဖြစ်တယ်လို့ပဲ ဖြစ်တည်ခြင်း ပဓာနဝါဒီက သဘောထား တယ်။ လူသားအနေနဲ့ သူလုပ်တာအတွက် သနားလို့ ခွင့်လွှတ်ခြင်းကို အကူအညီ ရှာရမယ်လို့လည်း ဖြစ်တည် ခြင်း ပဓာနဝါဒီက မထင်ဘူး။ ဘာဖြစ်လို့လဲဆိုရင်ဖြစ်တည် ခြင်း ပဓာနဝါဒီက လူတိုင်းဟာ ဘာအကူအညီ အထောက် အပံ့မှမပါဘဲ ကိစ္စတိုင်းမှာ လူ့အဖြစ်ကို တီထွင်ဖန်ဆင်းခြင်း အပြစ်ဒဏ်ကို ခံနေကြရတယ်လို့ပဲ ယူဆတယ်။

လူဟာ ကိုယ်ရွေးချယ်တာကို ကိုယ်အဓိပ္ပါယ်ပေါ် အောင် လုပ်နေကြရတာသာ ဖြစ်တယ်။ ပွန့်(ဂ်ျ)(Ponge)က သူ့ရဲ့ဆောင်းပါးတစ်ပုဒ်မှာ ရေးသားခဲ့သလို 'လူသားဟာ သူ့ရဲ့အနာဂတ်ပဲဖြစ်တယ်'(Man is the future of man) လို့ ရေးခဲ့တယ်။ ဒီအချက်က အတိအကျ မှန်တယ်။ တ ကယ်လို့သာ လူတစ်ယောက်က လူ့ရဲ့အနာဂတ်ကို ကောင်းကင်ဘုံမှာ ချမှတ်ထားတာ ဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ် မျိုးနားလည်လို့ရှိရင် ဒါဟာဘာလဲဆိုတာကို ဘုရားသခင် က သိတယ်။ ဒါဆို အနာဂတ်မဟုတ်တော့ဘူး။ ဒီစကား

http://www.cherrythitsar.org



များတော့မှာပဲ။ ဒါပေမဲ့ လူသားအနေနဲ့ သိနေတာက အနာဂတ်ရှိတယ်။ ဒီအနာဂတ်ကို ပုံဖော်ရမယ်လို့ သိနေရင် တော့ ဒီအနာဂတ်ဟာ သူ့ကို စောင့်ကြိုနေတဲ့ အပျိုစင် အနာဂတ်ဖြစ်တယ်။ ဒါဆိုရင် ဒီပြောဆိုချက်ဟာ မှန်တာ ပေါ့။ ဒါပေမဲ့ လတ်တလောမှာတော့ ဒီလူဟာ စွန့်ပယ် ခြင်းခံနေရသူဖြစ်တယ်။

ဒီစွန့်ပယ်ခြင်းကို ခံစားရတဲ့ သဘောကို ပိုပြီး ကောင်းကောင်းနားလည်အောင် အကျွန်ုပ်ရဲ့ တပည့်ကလေး တစ်ယောက်ရဲ့အကြောင်းကို နမူနာထားပြီး ပြောပြမယ်။ ဒီတပည့်ကလေးဟာ အောက်ပါပတ်ဝန်းကျင် အခြေအနေ မှာ အကျွန်ုပ်ကို လိုက်ရှာခဲ့တယ်။ သူ့ဖခင်ဟာ သူ့မိခင်နှင့် ရန်ဖြစ်ပြီးတော့ တစ်ကြိမ်ထဲမှာပဲ အတူပေါင်းသင်းချင်စိတ် လည်းရှိနေပြန်တယ်။ သူ့အစ်ကိုကတော့ ၁၉၄၀–ခုနှစ်တုန်း က ဂျာမန်ထိုးစစ်ဦးမှာ အသတ်ခံရတယ်။ ဒီလူငယ်ဟာ နည်းနည်း ရှေးဆန်ပြီး ရက်ရောမှု ရှိတယ်။ သူ့ရင်ထဲမှာသူ့ အစ်ကိုအတွက် လက်စားချေချင်တဲ့ ဒေါသမီးလည်း လောင်နေတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ သူ့ရင်ထဲမှာ ဘာလုပ်ရမလဲ ရွေးချယ်မရ ဖြစ်နေတယ်။ အင်္ဂလန်ပြည်ကို သွားပြီးပြင်သစ်ပြည်လွတ်မြောက်ရေးတပ်ထဲကို ဝင်ရမလား၊ ဒါမှမဟုတ် သူ့မိခင်အနားမှာနေပြီး သူ့မိခင်ကို လုပ်ကျွေး သမှုပြုစုနေရရင် ကောင်းမလား၊ ဘာလုပ်ရမှန်းမသိ၊ ဝေခွဲ မရဖြစ်နေတယ်။ သူကောင်းကောင်း သိနေတာကတော့ ပျောက်ကွယ်သွားရင် ဒါမှမဟုတ် သေဆုံးသွားရင် သူ့မိခင် ဟာ အကြီးအကျယ် ဒုက္ခ (သောကပရိဒေဝ)ရောက်ရတော့

http://www.cherrythitsar.org



ပျောက်ကွယ်သွားရင် ဒါမှမဟုတ် သေဆုံးသွားရင် သူ့မိခင်ဟာ အကြီးအကျယ် ဒုက္ခ (သောကပရိဒေဝ)ရောက်ရတော့မယ်ဆိုတာကို သိနေတယ်။ သူ့စိတ်ထဲမှာ သိမြင်နေတာ တစ်ခုကလည်း လက်တွေ့ကျကျ အခိုင်အမာ သိနေတာက အမေ့အတွက် သူလုပ်ဆောင်နေသမျှအမှုကိစ္စ အားလုံးဟာ သူ့အမေ လူ့ပြည်တွင် အသက်ရှင်နေရေးအတွက် အထောက်အကူပြုမယ်။ ဒါပေမဲ့ တခြားတစ်ဖက်မှာလည်း သူအင်္ဂလန်ကိုသွားပြီး ပြင်သစ်ပြည်လွတ်မြောက်ရေးတပ်ထဲဝင်လိုက်ခြင်းဟာ ဘာမှ အကျိုးမရှိ အလဟဿ သဲထဲရေသွန်ဖြစ်လေမလား။ ဥပမာ– အင်္ဂလန်ကိုသွားဖို့အတွက် သူ့အနေနဲ့ စပိန်ကိုသွားပြီး စပိန်စစ်သားစုဆောင်းရေးမှာ အကန့်အသတ်မရှိ ဘယ်လောက်ကြာအောင် စောင့်ရမလဲမသိ။ အင်္ဂလန်ကို ရောက်တော့လည်း ဒါမှမဟုတ် အယ်(လ်)ဂျီးယပ်(စ်)ကို ရောက်ရင် သူ့ကို ရုံးတစ်ရုံးခေါ်သွားပြီး ပုံစံတွေဖြည့်ခိုင်းမယ်။ နောက်ဆုံးကျတော့ သူ့အနေနဲ့ လုံးဝသဘာဝချင်းမတူတဲ့ အလုပ်နှစ်ခုနဲ့ ရင်ဆိုင်ရမယ်။ တစ်ခုက လက်တွေ့ပကတိလက်ဆုပ်လက်ကိုင် အကျိုးရှိတဲ့ မိခင်ကို စောင့်ရှောက်လုပ်ကျွေးတဲ့အလုပ်၊ ဒါက လူတစ်ယောက်ကိုပဲ ကျေးဇူးပြုမယ်။ နောက်အလုပ်ကျတော့ ဒီထက်ကြီးကျယ်တဲ့ အမျိုးသားရေး စည်းလုံးညီညွတ်မှု အကျိုးရလာဒ်၊ ဒါကတော့ မတိကျဘူး။ ခပ်ဝါးဝါးပဲ။ လမ်းခုလတ်မှာတင်ပဲ ဒီအလုပ်က စိတ်ပျက်စရာဖြစ်ချင်လည်း ဖြစ်သွားမယ်။ တစ်ချိန်တည်းမှာပဲ သူ့စိတ်

http://www.cherrythitsar.org



ထဲမှာ ကိုယ်ကျင့်တရားနဲ့ ဆိုင်တဲ့အလုပ်နှစ်ခုအပေါ် ချိတုံ ချတုံ ဖြစ်နေတယ်။ တစ်ဖက်မှာတော့ ငဲ့ညှာမှု၊ ပုဂ္ဂိုလ်ရေး သံယောဇဉ်နှင့်ဆိုင်တဲ့ ကိုယ်ကျင့်တရား။ နောက်တစ်ဖက်ကျတော့ ပိုပြီး ကျယ်ပြန့်တဲ့ အမျိုးသားရေးနဲ့ဆိုင်တဲ့ကိုယ်ကျင့်တရား၊ ဒါပေမဲ့ ဒီကိစ္စ ဘယ်လောက် အကျိုးရှိမရှိ ဆိုတာကတော့ အငြင်းပွားစရာ ကိစ္စဖြစ်နေတယ်။ ဒီလူငယ်ဟာ ဒီကိုယ်ကျင့်တရားနှစ်ခုကြားမှာ ကြားညပ်နေတယ်။ သူ တစ်ခုခုကို ရွေးချယ်ရတော့မယ်။ သူတစ်ခုခုကို ရွေးချယ်နိုင်အောင် ဘာက ကူညီနိုင်မလဲ။ ခရစ်ယာန်အယူဝါဒက ကူညီနိုင်မလား။ မကူညီနိုင်ဘူးလား။ ခရစ်ယာန်အယူဝါဒက ပြောဟောထားတာက 'ပေးကမ်းစွန့်ကြဲကြကုန်လော့၊ သင်၏ အိမ်နီးချင်းများကို ချစ်ခင်ကြလော့၊ သူများအကျိုးအတွက် ကိုယ်ကျိုးကို စွန့်လော့၊ ပိုပြီး အခက်ခဲဆုံးလမ်းကို ရွေးချယ်ပါလော့' စသည်ဖြင့် ဟောထားတယ်။ ဒါပေမဲ့ ဘယ်လမ်းဟာ ပိုပြီး ခက်ခဲတဲ့လမ်းလဲ။ ဘယ်သူ့အပေါ်မှာ ဆွေမျိုးရင်းချာ ညီရင်းအစ်ကို စိတ်ဓာတ်မွေးရမှာလဲ၊ တိုင်းပြည်ကို ချစ်စိတ်ထားရမလား၊ မိခင်ကို ချစ်စိတ်ထားရမလား။ ဘယ်ရည်ရွယ်ချက်က ပိုပြီးအသုံးကျတဲ့ ရည်ရွယ်ချက်ဖြစ်မလဲ။ အကျိုးအတိအကျမရှိ။ ယေဘုယျဆန်တဲ့ တစ်မျိုးသားလုံးအတွက် ဝင်တိုက်တာလား၊ အကျိုးတိကျတဲ့ မိခင်ကို လုပ်ကျွေးပြုစုတာလား။ ကဲ ... ဘယ်သူအဖြေပေးနိုင်မလဲ ခင်ဗျား။ ဒီအတွေ့အကြုံရှေ့ဖြစ်(apriori) အခြေအနေအတွက် အဖြေတစ်ခု ဘယ်သူပေးနိုင်မလဲ။

http://www.cherrythitsar.org



ဘယ်သူမှ အဖြေမပေးနိုင်ပါဘူး။ ဒီကိစ္စအတွက် ဘယ်သီလကျမ်းဂန်ထဲမှာမှ အဖြေပေးထားတာလည်း ရှိမှာမဟုတ်ပါဘူး။ ကန့်ရဲ့ ကိုယ်ကျင့်တရားထဲမှာ ပြောထားတာတစ်ခုကတော့ တခြားလူကို ကိုယ့်အတွက် အသုံးချတာမျိုးဘယ်တော့မှ မလုပ်ပါနဲ့တဲ့။ တခြားလူအတွက်ပဲ အဆုံးရည်မှန်းချက်ထားပြီးလုပ်ပါတဲ့။(Never regard another as a means, but always as an end)တဲ့။ ကောင်းပြီ ဒါဆို ကျွန်ုပ်အနေနဲ့ အတူနေရရင် အကျွန်ုပ်အနေနဲ့ အမေ့အတွက်ကိုပဲ ရည်မှန်းချက်ထားပြီး အမေ့ကို အသုံးချတာ မဟုတ်တော့ပါဘူး။ ဒါပေမဲ့ ဒီသဘောအတိုင်း စဉ်းစားလိုက်ရင် အကျွန်ုပ်အနေနဲ့ ကျွန်ုပ်အတွက် တိုက်ပွဲဝင်နေတဲ့လူတွေကို အသုံးချသလို ပြုမူတဲ့အန္တရာယ် ဖြစ်သွားရောပေါ့။ ပြောင်းပြန်စဉ်းစားလိုက်ပြန်တော့ အမျိုးသားရေးအတွက် ရည်မှန်းချက်အဆုံးထားပြီး လုပ်မယ်ဆိုတော့လည်း အမေ့ကို အသုံးချသွားတာ ဖြစ်သွားရပြန်တော့မယ်။

တကယ်လို့သာ တန်ဖိုးတွေဟာ မတိကျမရေရာမသေချာတာတွေ ဖြစ်ကုန်လို့ရှိရင် တကယ်လို့သာ ဒီတန်ဖိုးသဘောတွေဟာ ကိစ္စတစ်ခုချင်းကို ဆုံးဖြတ်ရာမှာ သိပ်ပြီးသဘောတရားဆန်နေမယ်။ စိတ္တဇတရားကို သဘောကျလွန်းတယ်ဆိုရင် လက်ငင်းစဉ်းစားနေတဲ့ကိစ္စမှာ ဘာမှအားကိုးစရာမရှိတော့ဘူး။ ကိုယ့်ရင်ထဲပေါ်လာတဲ့ စိတ်ဆန္ဒအတိုင်း လုပ်ဖို့ပဲ ရှိတော့တာပေါ့။ အဲဒါ ဒီလူငယ်နောက်ဆုံးလုပ်ရတဲ့ အဖြစ်ပဲ။ သူ့ကို အကျွန်ုပ် တွေ့တော့ သူက

http://www.cherrythitsar.org



ပြောတယ်။ 'နောက်ဆုံးတော့ ဆရာရယ်၊ ကိုယ့်ရင်ထဲ ခံစားမိတဲ့အတိုင်း လုပ်ရတော့တာပဲတဲ့။ ကျွန်တော့်အနေနဲ့ ဘယ်သူ့ကို ရွေးချယ်သင့်သလဲ ဆိုတာ ခံစားချက်အပေါ်ပဲ မူတည်ပါတယ်။ ရင်ထဲက ခံစားချက်တိုက်တွန်းရာဘက် ပါရတော့တာပဲတဲ့။ ကျွန်တော့်စိတ်ထဲ အမေ့ကို ချစ်တဲ့စိတ် ပြင်းထန်ရင်လည်း အမေ့အတွက် ဘာပဲ စွန့်လွှတ်ရ စွန့်လွှတ်ရစေ လွှတ်ရတော့မှာပဲ။ ကျွန်တော့်ရင်ထဲက လက်စားချေချင်စိတ်တွေ၊ စွန့်စားလုပ်ကိုင်ချင်တဲ့ မျှော်လင့်ချက်တွေ အားလုံးကိုစွန့်ပြီး အမေ့နားမှာ နေဖို့ကိုပဲ ဆုံးဖြတ်ချက်ချလိုက်ရတော့တယ်။ တကယ်လို့ တိုင်းပြည်အတွက် ခံစားချက်ပြင်းထန်ရင်လည်း အမေ့အတွက် သိပ်ကြီးမားမနေတော့ဘဲ ကျွန်တော် ထွက်သွားတော့မှာပဲ' တဲ့။ ဒါပေမဲ့ လူတစ်ယောက်အနေနဲ့ ခံစားချက် ထက်သန်မှုကို ဘယ်လိုခန့်မှန်းမလဲ၊ ဘာနဲ့တိုင်းတာမှာလဲ။ မိခင်ကို ချစ်ခင်မြတ်နိုးတဲ့ ခံစားချက်တန်ဖိုးကိုတော့ သူ့မိခင်နားက မခွာဘူး။ အမေနဲ့ပဲ နေမယ်လို့ ဆုံးဖြတ်လိုက်တဲ့ သူ့ရဲ့ဆုံးဖြတ်ချက်က တိတိကျကျ အဆုံးအဖြတ် ပေးပါတယ်။ အကျွန်ုပ်က အကျွန်ုပ်အနေနဲ့ မိတ်ဆွေတစ်ယောက်ကို ချစ်လို့ ဒီ၍ ဒီမျှ ငွေကြေးတွေကို အဆုံးရှုံးအနစ်နာခံလိုက်တယ်လို့ ပြောချင်ပြောနိုင်တယ်။ ဒါပေမဲ့ ဒါကို ဆုံးဖြတ်ဖို့ကျတော့ လက်တွေ့ အနစ်နာခံမပြီးမချင်း ဒါကို သက်သေပြစရာမရှိပါဘူး။ အကျွန်ုပ်က ပြောကောင်းပြောမယ်၊ 'ငါကတော့ အမေနဲ့ပဲနေမယ်လို့ ဆုံးဖြတ်ရလောက်အောင်ကို

http://www.cherrythitsar.org



အမေ့ကို ချစ်တယ်’ ဆိုတာကလည်း တကယ်ပဲ အမေနဲ့ နေပြီးမှပဲ လက်တွေ့ သက်သေပြလို့ရမယ်။ ဒီတော့ကာ ဒီချစ်ခြင်းမေတ္တာရဲ့ အင်အားကို ခန့်မှန်းရာမှာ အကျွန်ုပ် အနေနှင့် လက်တွေ့သက်သေထင်ရှားပြပြီး ဒီစကားကို အတည်ပြုမှုအပေါ်ပဲ မူတည်ပြောလို့ ရနိုင်တယ်။ ဒါပေမယ့် အကျွန်ုပ်ရဲ့ အပြုအမူကို အမေ့ကိုချစ်လို့ ကျွန်တော် ဒီလို လုပ်ခဲ့ရတာပါဆိုပြီး ကိုယ့်အပြုအမူလုပ်ရတဲ့ ကိစ္စကို အကြောင်းပြဖို့ကျတော့ ဝိုင်းကြီးပတ်ပတ်ဖြစ်ပြန်ရော၊ ဂျာ အေး သူ့အမေရိုက်ဆိုသလို ဖြစ်ရပြန်ရော။ အမေ့ကိုချစ်လို့ ကျွန်တော် ဒီလို ဆုံးဖြတ်ချက်ချခဲ့ရတာ ဆိုတာကိုကျတော့ သက်သေပြဖို့ ခက်ပြန်ရော။

ပြီးတော့ ဂိုက်ဆိုသူ ကောင်းစွာပြောခဲ့သလိုပဲ ဝတ်စုံ တစ်ခုကို ပြုမူဆောက်လုပ်တဲ့ ခံစားချက်နဲ့ အဓိက ပဓာနကျတဲ့ ခံစားချက်ဆိုတဲ့ အနုဘာဝက နှစ်မျိုးရှိတယ်။ ဒီအနုဘာဝနှစ်ခုကို ခွဲခြားရလည်းခက်တယ်တဲ့။ အမေ့ကို ချစ်လို့ဆိုတဲ့ ခံစားချက်ကိုတော့ အမေ့နားက ခွာမသွားဘဲ အမေနဲ့ အတူနေတဲ့ အပြုအမူနဲ့ ဆုံးဖြတ်လို့ရနိုင်တယ်။ အမေ့အနားမှာ ဆက်နေတဲ့ အပြုအမူကိုကျတော့ အမေ့ကို ချစ်လို့နေတာလို့ပြောရင် ဟာသလို ဖြစ်သွားနိုင်တယ်။ ခံစားချက် (အနုဘာဝ)နှစ်ခုက နီးစပ်နေတယ်။ တစ်ခုတည်း လို ဖြစ်နေတယ်။ တစ်နည်းပြောရရင်တော့ ခံစားချက်ကို လူတစ်ယောက်ပြုတဲ့ အပြုအမူကြောင့် ဖြစ်ပေါ်စေနိုင်တယ်။ ဒါကြောင့် အကျွန်ုပ်အနေနဲ့ ခံစားချက်ဝေဒနာ အနုဘာဝ

http://www.cherrythitsar.org



ကို အပြုအမူရဲ့ လမ်းညွှန်ချက်ဖြစ်တယ်လို့ မဆွေးနွေးနိုင်ဘူး။ (ဝေဒနာပစ္စယာကမ္မဘဝလို့ မဆိုနိုင်ဘူး ဆိုသည့် သဘောဖြစ်သည်။ ဘာသာပြန်သူ)။ ဒါ ဆိုလိုတာက အကျွန်ုပ်အနေနဲ့ အကျွန်ုပ်ရဲ့ အဖွဲ့တွဲသန္တာန်မှာ ကံကိုဖြစ်စေတဲ့ စိတ်ဆန္ဒအစစ်အမှန်ကို ရှာမတွေ့ဘူး။ ပြီးတော့ တခြားကိုယ်ကျင့်တရားတစ်ခုက အကျွန်ုပ်ကို ကံကိစ္စတွေ ပြုလုပ်ရအောင် ဆောင်ရွက်ပေးနိုင်တဲ့ ကိုယ်ကျင့်တရားကို လည်း မျှော်လင့်စရာ ရှာမတွေ့ပါဘူး။ (ဤနေရာတွင် ဝေဒနာ ပစ္စယာတဏှာ၊ တဏှာပစ္စယာဉပါဒါန်၊ ဉပါဒါနပစ္စယာ ကမ္မဘဝဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကို ယန်းပေါ်ဆားတ်ဉာဏ်မမီသေး၍ ကွင်းဆက်ပြတ်သွားခြင်း ဖြစ်ဟန်တူသည်။ ဘာသာပြန်သူ)

ခင်ဗျားတို့က ပြောချင်ပြောကြမယ်။ လူငယ်တွေအနေနဲ့ အကြံဉာဏ်ရယူဖို့ ပါမောက္ခတစ်ယောက်ဆီကို သွားသင့်တယ်လို့ ပြောကောင်းပြောမယ်။ ဒါပေမယ့် ဥပမာတကယ်လို့ ခင်ဗျားက ဓမ္မဟော ဆရာတစ်ယောက်ဆီကို သွားပြီး အကြံဉာဏ်တောင်းမယ်ဆိုရင် ခင်ဗျားအနေနဲ့ အဲဒီ ဓမ္မဆရာကို အကြံဉာဏ်ယူဖို့ ရွေးချယ်ကတည်းက သူ ဘယ်လိုအကြံဉာဏ်ပေးမှာလဲဆိုတာ ခင်ဗျားအနေနဲ့ အောက်ထစ် အနည်းထက်အများတော့ သိပြီး ဖြစ်မယ်။ တစ်နည်းပြောရရင် အကြံပေးပုဂ္ဂိုလ်ကို ရွေးချယ်ရပြီဆိုကတည်းက အဲဒီလူဟာ ရွေးချယ်ရတဲ့ အလုပ်ကို ကျူးလွန်ရပြီ။ အကယ်၍ သင်သည် ခရစ်ယာန် တစ်ယောက်

http://www.cherrythitsar.org



ဖြစ်ခဲ့လို့ရှိရင် သင်က ပြောမှာပဲ။ ဓမ္မဆရာနဲ့ တိုင်ပင်ပါလို့။ ဒါပေမဲ့ ဒီနေရာမှာ ပူးပေါင်း ဆောင်ရွက်ရေးသမားတွေလည်း ရှိတယ်။ (collaborationists)တွေ။ ဓမ္မဆရာတွေထဲမှာ ခုခံရေးသမားတွေလည်း ရှိတယ်။ အခါအခွင့်ကို စောင့်ပြီး သာရာစီးလုပ်တတ်တဲ့ ဓမ္မဆရာတွေလည်း ရှိကြတာပဲ။ ခုခံတော်လှန်စိတ်ရှိတဲ့ ဓမ္မဆရာကို ဒီသူငယ်က ရွေးလိုက်မိလို့ရှိရင် သို့မဟုတ် ပူးပေါင်းဆောင်ရွက်တတ်သူ တစ်ယောက်ယောက်ကိုပဲ ဖြစ်စေ၊ ရွေးချယ်မယ်ဆိုရင် သူဘယ်လို အကြံဉာဏ်မျိုးရမယ်ဆိုတာကို မမေးခင်ကတည်းက ကြိုတင်ပြီးဆုံးဖြတ်ထားပြီးဖြစ်မယ်။ ဒီအတိုင်းပဲ အကျွန်ုပ်ထံကို ဒီသူငယ်ရောက်လာတယ်ဆိုကတည်းက ဒီသူငယ်အနေနဲ့ အကျွန်ုပ် သူ့ကို ဘာအကြံဉာဏ်ပေးမယ်ဆိုတာ သူ သိပြီးသားပဲ။ ဒါပေမယ့် အကျွန်ုပ်အနေနဲ့ ပြန်ပြောစရာ တစ်ချက်တော့ ရှိပါတယ်။ မင်းဟာ လွတ်လပ်နေတာပဲ တစ်ခုခုကြိုက်ရာ ရွေးပေါ့။ အဲဒါပဲ ကိုယ့်ဘာသာကိုယ် လုပ်ရမှာပဲ။ မင်း ဘာလုပ်သင့်တယ်ဆိုတာ အဆုံးအဖြတ်ပေးနိုင်တဲ့ ယေဘုယျ ကိုယ်ကျင့်တရားစည်းကမ်း ဘာမှမရှိဘူး။ ဒီကမ္ဘာမှာ သနားလို့ခွင့်ပြုတယ်ဆိုတဲ့ အရိပ်လက္ခဏာဆိုတာ ဘာမှ မရှိဘူး။ ကက်သလစ်တွေက ပြန်ပြောမယ် 'အိုး ရှိတာပေါ့'လို့ ဆိုတယ်။ ကောင်းပြီ... အဲဒါလည်း ကိစ္စခပ်သိမ်းမှာ ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ပြီး အဓိပ္ပာယ်ဖော်ရတာမျိုးချည်းပါပဲ။ အကျွန်ုပ် ထောင်ထဲနေခဲ့ရစဉ်တုန်းက အကျွန်ုပ်လူကြီး လူကောင်းတစ်ယောက်နဲ့ အသိမိတ်ဆွေ

http://www.cherrythitsar.org



ဖွဲ့ခဲ့ဖူးတယ်။ သူက ဆင်ဝှေ့ရန်ရှောင် စကားပြောတတ်တဲ့ 'ဂျက်ဆု'လို့ခေါ်တဲ့ ဗရင်ဂျီဂိုဏ်းဝင် ခရစ်ယာန်တစ်ဦးပါ။ အဲဒီ ခရစ်ယာန်ဂိုဏ်းဝင်ဖြစ်လာသူ တစ်ယောက်ပါ။ ဒီ ခရစ်ယာန်ဂိုဏ်းထဲ သူ ဘယ်လိုရောက်လာသလဲဆိုတော့ သူ့ဘဝတစ်လျှောက်လုံးမှာ သူဟာ ဆက်တိုက်ဆိုသလို ပြင်းထန်တဲ့ ဆုတ်ယုတ်ကျဆင်းမှုတွေကို ကြုံခဲ့ရတယ်။ သူ ကလေးဘဝမှာကတည်းက သူ့ဖခင်ကွယ်လွန်ခဲ့တယ်။ သူ့ကို ဆင်းရဲတဲ့ဘဝမှာ ဖခင်က ထားသွားတယ်။ သူ့ကို ခရစ်ယာန်အဖွဲ့အစည်းတစ်ခုက အခမဲ့ ပညာသင်ကြားခွင့် ပညာသင် ဆုပေးခဲ့တယ်။ နောက်ကျတော့ သူ့ကို ကုသိုလ်ဖြစ် ဒါနစွန့်ကြဲတဲ့သဘော ကျောင်းထားပေးခဲ့ ရတာကြောင့် ရလာဒ်က ဘာဖြစ်လာသလဲဆိုတော့ သူရ သင့်တဲ့ ဂုဏ်ထူးဘွဲ့ထူးတွေ၊ ကလေးတွေကိုပေးတဲ့ ဆုတွေ အားလုံးကို သူ ငြင်းပယ်ခံခဲ့ရတယ်။ နောက်အသက် (၁၈)နှစ်လောက်ကျတော့ သူ့ရင်ထဲမှာ ကြေကွဲစရာအဖြစ်နဲ့ ကြုံရလို့ ပူဆွေးသောက ရောက်ရတော့တယ်။ နောက်ဆုံး (၂၂)နှစ်အရွယ်လည်းရောက်ရော ကိစ္စကတော့ အရေးပါလှ တာ မဟုတ်ပါဘူး။ ဒါဟာ သူ့ခွက်ထဲကို ကျလာတဲ့ နောက်ဆုံးရေစက်ကလေးဆိုပါစို့။ သူစစ်ထဲဝင်ဖို့ စစ်ဆေးရေး လုပ်တဲ့ စာမေးပွဲမှာ ကျရှုံးခဲ့တယ်။ အဲဒီအခါကျတော့ ဒီလူငယ်ရဲ့ စိတ်ထဲမှာ သူ့ကိုယ်သူ လုံးဝအရှုံးသမားပဲလို့ ခံယူလိုက်တော့တယ်။ ဒါဟာ နိမိတ်တစ်ခုပဲ။ ဘာနိမိတ် ပါလိမ့်။ သူ့အနေနဲ့ နာကျည်းဖွယ် စိတ်ပျက်အားလျော့

http://www.cherrythitsar.org



ဖွယ်ကောင်းတဲ့ ဘဝနဲ့ပဲ နေသွားရတော့မှာပဲဆိုတဲ့ နိမိတ် ဖြစ်တယ်။ ဒါပေမဲ့ ဒီနိမိတ်ကို သူက လိမ်လိမ်မာမာ လက်ခံယူလိုက်ပုံက သူ့အနေနဲ့ လောကီအောင်မြင်မှု အတွက် ရည်မှန်းချက် မထားတော့ဘဲ ဘာသာရေး လောကုတ္တရာရေးဘက်မှာသာ ယုံကြည်ချက်နဲ့ ဉာဏ်အထူး ရအောင်လုပ်ဖို့ပဲ ရှိတော့တယ်ဆိုတဲ့ စိတ်ကူးရလိုက်ခြင်းပဲ ဖြစ်တယ်။ သူ့ဘဝမှတ်တမ်းကို သူက ဒါဘုရားသခင်ရဲ့ အလိုတော်အတိုင်းဖြစ်ရတဲ့ သတင်းစကားပဲလို့ သဘော ထားပစ်လိုက်တယ်။ ဒါနဲ့ သူဟာ အဲဒီ 'ဂျက်ဆု'ဂိုဏ်းထဲ ဂိုဏ်းဝင် ဖြစ်လာတာပဲ။ သူဟာ သူ့ဘဝရဲ့ နိမိတ်တွေကို အဓိပ္ပာယ်ဖော်ဖို့ ဆုံးဖြတ်တာ သူ့ဘာသူ ဆုံးဖြတ်တာ ဖြစ်တယ်ဆိုတာ ဘယ်သူ သံသယရှိမလဲ။ သူ့ကိုယ်သူ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းဖြစ်ရတာ သူ့ဘဝဖြစ်ရပ် တွေဟာ ဘုရားသခင်ရဲ့ သတင်းစကားတွေ ဖြစ်တယ်လို့ သူ့ဘာသူ ဆုံးဖြတ်တာပဲ။ ဒီလို မဆုံးဖြတ်ဘဲ တခြား တစ်ယောက်ဆိုရင် ပြောင်းပြန်စဉ်းစားလည်း ဖြစ်တာပဲ။ ဥပမာ– လက်သမားလုပ်မယ်။ တော်လှန်ရေးလုပ်မယ်လို့ ဆုံးဖြတ်ရင်လည်း ရတာပဲ။ ဒီဘဝရဲ့ နိမိတ်တွေကို နိမိတ် ဖတ်ကြားရာမှာ ကျရောက်လာတဲ့ တာဝန်အားလုံးကို သူခံရတာပဲ။ အဲဒါ အကျွန်ုပ်ပြောတဲ့ စွန့်ပယ်ခံရခြင်း သဘော(abandonment)ပဲ ဖြစ်တယ်။ ဒီသဘောက ကိုယ် ဖြစ်လာတဲ့ ဘဝမှန်သမျှ ကိုယ်ရွေးချယ်လို့ ကိုယ်ဆုံးဖြတ် လို့ ဖြစ်လာတာချည်းပဲ။ အဲဒါ စွန့်ပယ်ခံရခြင်း အဓိပ္ပာယ်

http://www.cherrythitsar.org



ဖြစ်တယ်။ ဒီလို အစွန့်ပယ်ခံ၊ မလုပ်ချင်ပေမယ့် လုပ်လိုက်ရတဲ့အဖြစ်ကို ရောက်ရလို့ ဘဝမှာ စိတ်ဆင်းရဲခြင်း၊ ပရိဒေဝ (anguish)တွေ ဖြစ်ရတာ ဖြစ်တယ်။

စိတ်ပျက်ခြင်း (despair )ဆိုတဲ့စကားရဲ့ အဓိပ္ပါယ်ကတော့ ရှင်းပါတယ်။ အလွန် နားလည်ရ လွယ်ပါတယ်။ ဒီစကားရဲ့ ဆိုလိုရင်းကတော့ ကိုယ့်ရဲ့ဆန္ဒထဲ မျှော်လင့်အားကိုးထားမှုအပေါ် ကိုယ့်စိတ်ကို အကန့်အသတ်လုပ်လိုက်ရတဲ့သဘောပဲ။ ဒါကို မြန်မာလို ရိုးရိုးပြောရင် ဖြစ်စေချင်တာတွေ၊ ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားတာတွေ အားကိုးအားထားတာတွေ ကင်းမဲ့သွားလို့ ကိုယ့်စိတ်ကို ကိုယ်က ကန့်သတ်ချုပ်ချယ်ထားလိုက်ရတဲ့ သဘောပေါ့။ ဖြစ်နိုင်တယ်လို့ မျှော်လင့်ထားတဲ့ အခြေအနေတွေ အများကြီး ကိုယ်လုပ်လို့ရမယ်လို့ ထင်ထားတာတွေ အများကြီးကို ကန့်သတ်လိုက်ရတဲ့ သဘောပဲ။ ဖြစ်ချင်တဲ့ ဆန္ဒတစ်ခုရှိတဲ့အခါတိုင်း ဖြစ်နိုင်ချေတွေလည်း အများကြီး ရှိတတ်ပါတယ်။ အကျွန်ုပ်က သူငယ်ချင်း အသိမိတ်ဆွေ တစ်ယောက်လာလည်မယ်လို့ မျှော်လင့်ပြီး သူရောက်လာရင် ဘာတွေ လုပ်မယ်ဆိုပြီးလည်း စီစဉ်ထားတယ်။ သူက မီးရထားနဲ့ လာချင်လည်းလာမယ်။ ဓါတ်ရထားနဲ့လာချင်လည်း လာမယ်။ အကျွန်ုပ်စိတ်ထဲမှာတော့ မီးရထားနဲ့လာရင် အချိန်မှန် ရထားဆိုက်မှာပဲလို့ မျှော်လင့်ထားတယ်။ ဓါတ်ရထားလည်း သံလမ်းက မချော်နိုင်ဘူး။ အကျွန်ုပ်ကတော့ ဖြစ်နိုင်ချေရှိတဲ့ဘက်မှာပဲ ရှိနေတယ်။ ဒါပေမယ့် သူ့အပြု

http://www.cherrythitsar.org



အမူနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ဖြစ်နိုင်ချေရှိတာတွေထက် ကျော်ပြီးတော့ဖြင့် ဘယ်သူမှ ဖြစ်နိုင်ချေရှိတဲ့အပေါ် အား မကိုးကြပါဘူး။ ဖြစ်နိုင်တယ်လို့ ထင်ထားတာတွေ ဆုံးခန်း တိုင်သွားတဲ့အထိ အကျွန်ုပ်လုပ်ရမည့် အလုပ်ကို အကျိုး သက်ရောက်မှု မရှိနိုင်တော့ဘူးဆိုတဲ့အထိတော့ အကျွန်ုပ် အနေနှင့် ကိုယ့်ကိုယ်ကို စိတ်ဝင်စားမှု မရှိသင့်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင် မရှိဘူး။ ကြိုတင်စီမံ ထားတဲ့စီမံချက်လည်း မရှိဘူးဆိုမှတော့ လောကမှာ ဖြစ်နိုင် ချေရှိတာအားလုံးဟာ ကိုယ့်သဘော ကိုယ့်ဆန္ဒချည်းပဲလို့ ယူဆရုံ ရှိတော့တာပါ။ ဒေးကားက 'လောကကို အောင်နိုင် ဖို့ထက် ကိုယ့်ကိုယ်ကို အောင်နိုင်အောင်လုပ်ပါ။ 'Conquer Yourself rather than the world' လို့ ဆိုတုန်းက သူ ဆိုလိုတာက 'ဘာမှ မျှော်လင့်ချက် မထားပဲလုပ်ပါ' ဆိုတဲ့ အကျွန်ုပ်တို့ ဆိုတဲ့ သဘောနဲ့အတူတူပါပဲ။

ဒီစကားကို အကျွန်ုပ်က မာ့က်(ခ)ဝါဒီတစ်ယောက် ကို ပြောတော့၊ သူက ဖြေတယ် 'မင်းလုပ်နိုင်တာဟာ မင်းသေတဲ့အထိပဲ၊ အကန့်အသတ် ရှိပြီးသား၊ ဒါပေမယ့် မင်းအနေနဲ့ သူများရဲ့ ကူညီမှုအပေါ်တော့ အားကိုးနိုင် တာပေါ့။ ဒါက တရုတ်ပြည်တို့ ရုရှားတို့မှာလို သူများက မင်းအတွက် လုပ်ပေးနေကြတာတွေကိုလည်း အားကိုးနိုင် တာပေါ့။ ဒီလူတွေကတော့ မင်းသေပြီးနောက်လည်း မင်း လုပ်ခဲ့တဲ့ အလုပ်တွေကို နောက်ဆုံးအောင်ပွဲခံရတဲ့အထိ ဆက်ပြီး လုပ်သွားကြမှာပဲတဲ့– အဲဒါ တော်လှန်ရေးပဲတဲ့။

http://www.cherrythitsar.org



မင်းအနေနဲ့ ဒီတော်လှန်ရေး သဘောတရားအပေါ်မှာ အားကိုးထားရမယ်။ ဒီလို မလုပ်ရင်တော့ မင်းဟာ အကျင့်သီလ ကင်းမဲ့သူ ဖြစ်သွားမယ်တဲ့။

ဒီစကားကို အကျွန်ုပ် ပြန်ဖြေပါ့မယ်၊ ပထမအချက် အနေနဲ့ အကျွန်ုပ်သည် မိမိရဲ့ လက်နက်ကိုင်တော်လှန်ရေး ရဲဘော်ရဲဘက်တွေအပေါ်မှာ အမြဲတမ်း မျှော်လင့်အားကိုး နေပါ့မယ်။ သူတို့လည်း ကျွန်တော့်နည်းတူ တိတိကျကျ မိမိရဲ့ ဘုံတော်လှန်ရေးကိစ္စအပေါ် သစ္စာခံနေသမျှ ဒီလူတွေ ဒီပါတီထဲ၊ ဒီအဖွဲ့အစည်းထဲမှာ သွေးစည်းညီညွတ်နေ အောင် အနည်းထက်အများ အကျွန်ုပ်က ချုပ်ကိုင်ထားနိုင် သမျှ၊ အကျွန်ုပ်ကိုယ်တိုင် စစ်သွေးကြွတစ်ဦးအဖြစ် ပါဝင် လှုပ်ရှားနေတဲ့ အဖွဲ့အစည်းရဲ့ အကျွန်ုပ်ကိုယ်တိုင် သိနေတဲ့ လှုပ်ရှားမှုတိုင်းကို အချိန်တိုင်းမှာ ထိန်းချုပ်နိုင်သမျှတော့ မျှော်လင့်အားကိုးနေပါ့မယ်။ ဒီအချက်မှာတောင်မှ စည်းလုံး ညီညွတ်မှုနဲ့ ပါတီရဲ့ ဆန္ဒအပေါ် မျှော်လင့်အားကိုးထား တာဟာ အကျွန်ုပ်သူငယ်ချင်း လာလည်မှာကို မျှော်တုန်းက လို ရထားကတော့ အချိန်မှန်မှာပဲ၊ ဓါတ်ရထားကတော့ လမ်းမချော်နိုင်ပါဘူးဆိုတဲ့ ယူဆထားပုံနှင့် တစ်ထပ်ထဲပါပဲ။ ဒါပေမဲ့ ကိုယ်မသိတဲ့လူကို ယုံကြည်မျှော်လင့်ဖို့ဆိုတာက တော့ မဖြစ်နိုင်ပါဘူး။ သူဟာ ဘယ်လိုလူမှန်းမသိဘဲနဲ့ သူ့ကို ဘယ်လိုမျှော်လင့် အားကိုးနိုင်ပါ့မလဲ။ အကျွန်ုပ်ရဲ့ ယုံကြည်မှုကို လူသားကောင်းမှု (human goodmen) သို့မဟုတ် လူ့အဖွဲ့အစည်းကောင်းမှု(in the good of so-

http://www.cherrythitsar.org



ciety)အပေါ်မှာ တည်ထားလို့ အခြေခံထားလို့ မရပါဘူး။ လူကို လွတ်လပ်နေတဲ့ သတ္တဝါ၊ လူလို့မြင်ထားပြီး၊ အကျွန်ုပ်ရဲ့ ယုံကြည်မျှော်လင့်ချက်ကို အခြေခံတည် ဆောက်မည့် လူ့သဘာဝဆိုတာလည်း ရှိမှမရှိတာပဲ၊ ဘယ်လိုလုပ် မျှော်လင့်အားကိုးလို့ ရပါ့မလဲ။ ရုရှားတော်လှန် ရေးကြီး ဘယ်ဆီကို ဆိုက်ရောက်မယ်ဆိုတာတော့ အကျွန်ုပ်မသိဘူး။ ဒီတော်လှန်ရေးကြီး အောင်မြင်မှု ထင်ရှား ရင်တော့ ဒီတော်လှန်ရေးကို ကြည်ညိုပြီး နမူနာ ထားပြီး လုပ်မှာပဲ။ ဒီကနေ့အခြေအနေမှာတော့ တခြားလူမျိုးတစ်မျိုး အဖြစ်ကို ရောက်မလာသေးတဲ့ ရုရှားနိုင်ငံမှာတော့ ပစ္စည်းမဲ့ တဲ့ လူတန်းစားတွေက ပါဝင်လုပ်ဆောင်နေကြတာပဲ။ ဒါပေမဲ့ ဒီလို သူတို့ ပါဝင်လှုပ်ရှားနေကြတဲ့အတွက်၊ ပစ္စည်းမဲ့တော်လှန်ရေးကြီး မုချ အောင်မြင်လိမ့်မယ်လို့တော့ အကျွန်ုပ်အနေနဲ့ အခိုင်အမာ မပြောနိုင်ပါဘူး အကျွန်ုပ် အနေနဲ့တော့ ကိုယ်မြင်နိုင် ကြားနိုင်တာလောက်ကိုပဲ ပြောနိုင်ပါတယ်။ ပြီးတော့ ခုတော်လှန်ရေးကြီးထဲ အတူ လက်တွဲ လုပ်ဆောင်ခဲ့ကြတဲ့ ရဲဘော်တွေကလည်း အကျွန်ုပ် သေတဲ့အခါ အကျွန်ုပ်လုပ်ခဲ့တဲ့ အလုပ်တွေကို ဆက်လုပ် ကြမှာပဲလို့ သေချာပေါက် မပြောနိုင်ပါဘူး။ ဒီလူတွေဟာ လည်း လွတ်လပ်နေတဲ့ သတ္တဝါတွေပဲ ဆိုတော့၊ သူတို့ သဘောနဲ့ သူတို့ နက်ဖြန်ကျရင် လွတ်လွတ်လပ်လပ် ဆုံးဖြတ်ကြမှာပဲ။ အကျွန်ုပ် သေပြီးတဲ့နောက်တစ်နေ့ကျရင် လူတချို့က ဖက်ဆစ်ဝါဒကို ထူထောင်ချင်လည်း

http://www.cherrythitsar.org



ထူထောင်ကြမှာပဲ။ တခြားလူတွေက သူရဲဘောကြောင်ပြီး၊ ဒီလို လုပ်ရဲချင်မှလည်း လုပ်ကြမှာပဲ။ အဲဒီလိုဆိုရင်၊ အဲဒီအခါကျတော့ ဖက်ဆစ်ဝါဒသည်ပင် လူသားများရဲ့ အမှန်သစ္စာတရား ဖြစ်နေဦးမှာပဲ။ ခုနေသော ဒီဝါဒက အကျွန်ုပ်တို့အတွက် အဆိုးဝါးဆုံးဝါဒ ဖြစ်နေတာကိုး။ အမှန်ကတော့ အရာရာဟာ လူတွေ ဆုံးဖြတ်တဲ့အတိုင်း ဖြစ်နေကြမှာပါပဲ။ ဒီလို ပြောလိုက်လို့ အကျွန်ုပ်သည် စိတ်တည်ငြိမ်မှု သမာဓိကို ထူထောင်ဖို့ ကိုယ့်ကိုယ်ကို စွန့်ပယ်သင့်တယ်ဆိုတဲ့ အဓိပ္ပါယ်သက်ရောက်သွားသလား။ မရောက်ပါဘူး။ အကျွန်ုပ်အနေနဲ့ ယုံကြည်ချက်တစ်ခု ထားပြီး ဒီယုံကြည်ချက်နဲ့အညီ လုပ်သင့်တာကို လုပ်ရမှာပဲ။ အေး– တစ်ခုပဲ ရှိတယ်၊ အချိန်က သက်သေခံမည့် ဖော်နည်းကားဖြစ်တဲ့ 'ဘာမျှ မမျှော်လင့်ဘဲလုပ်' ဆိုတဲ့ အတိုင်းသာ လုပ်ပါ။ ဒါဟာ အကျွန်ုပ်အနေနဲ့ ပါတီဝင် တစ်ယောက် မဖြစ်သင့်ဘူးလို့ မဆိုလိုပါဘူး။ ဒါပေမယ့် ဘာမျှ ထင်ယောင်ထင်မှား မျှော်လင့်ချက်တွေ အပိုမထားဘဲနဲ့ ကိုယ်လုပ်တာကို လုပ်တယ်ဆိုတဲ့ သဘောနဲ့ လုပ်ဖို့ကိုသာပြောတာပါ။ ဥပမာ အကျွန်ုပ်က မိမိကိုယ် ကိုမိမိ မေးတယ်ဆိုပါတော့– 'လူမှုရေး စံချိန်ညွှန်းတွေဟာ လက်တွေ့အားဖြင့်ကော ဖြစ်လာတတ်လို့လား' အကျွန်ုပ် မပြောနိုင်ပါဘူး။ အကျွန်ုပ် သိတာတော့ တစ်ခုပဲရှိတယ်။ ကိုယ်လုပ်နိုင်စွမ်းရှိသလောက်ပဲ လုပ်လို့ ဖြစ်နိုင်မှာပဲ။ အဲဒီ လောက်အထိပဲ အကျွန်ုပ်လုပ်မှာပဲ။ ဒီထက်လွန်ပြီးတော့ဖြင့်

http://www.cherrythitsar.org



အကျွန်ုပ်က ဘာကိုမှ မျှော်လင့်မထားပါဘူး။

စိတ်တည်ငြိမ်မှု ရှာတယ်ဆိုတာက 'ငါမလုပ်နိုင်တာ၊ ကျန်တဲ့ လူတွေ လုပ်ကြပါစေ'လို့ ပြောတတ်တဲ့လူတွေရဲ့ သဘောထားပါ။ လူကြီးမင်းတို့ ရှေ့မှောက်မှာ အကျွန်ုပ်တင်ပြနေတဲ့ သဘောတရားက အဲဒီ အယူအဆနဲ့ လုံးလုံး ဆန့်ကျင်တဲ့ သဘောတရားဖြစ်တယ်။ ဖြောင့်ဖြောင့်ကြီးကို ဆန့်ကျင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်တည်ခြင်း ပဓာနဝါဒက ရှင်းရှင်း ကြေညာထားတာကတော့ ကံဆောင်တာကလွဲလို့ အစစ်အမှန်ဆိုတာ ဘာမှ မရှိဘူး။ (there is no reality excefit in action)ဆိုတာပဲ ဖြစ်တယ်။ ဒီစကားက ပိုပြီးတာသွားပေတယ်။ ဒီအထဲမှာ ထပ်ထည့်ရမှာက– 'လူဆိုတာဟာ သူ ရည်ရွယ်ချက်ထားတာ၊ လုပ်ချင်တာက လွဲလို့ ဘာမှ မဟုတ်ဘူး၊ သူ့ကိုယ်သူ ဘာလုပ်နေသလဲဆိုတာ သိနေသရွေ့ပဲ သူ ဖြစ်တည်နေတာ ဖြစ်တယ်။ ဒါကြောင့် သူဟာ သူလုပ်ဆောင်နေတာတွေကလွဲပြီး ဘာမှမဟုတ်ဘူး၊ သူ့ဘဝမှာ ဒါ့အပြင် ဘာမှလည်း အပိုမရှိပါဘူး' – အင်္ဂလိပ်လိုဆိုတော့ "Man is nothing else but he purposes, he exists only in sofar as he realises himself, he is therefore nothing else but the sum of his actions, nothing else but what his life is."ပဲ ဖြစ်တယ်။

ဒါကြောင့် တချို့လူတွေအနေနဲ့ အကျွန်ုပ်တို့ရဲ့ အယူအဆတွေအပေါ် ဘာကြောင့် အထိတ်အလန့် ဖြစ်ကြရသလဲဆိုတာ အကျွန်ုပ် ကောင်းစွာ နားလည်နိုင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ လူတွေမှာက သူတို့ရဲ့

http://www.cherrythitsar.org



သောကထဲမှာ တည်တံ့အောင်လုပ်နေတဲ့ အရင်းအမြစ်တစ်ခု (အကြောင်းတစ်ခု) ရှိတယ်။ အဲဒါကတော့ သူတို့တွေးပုံပဲ။ ပတ်ဝန်းကျင် အခြေအနေတွေက ငါနဲ့ဆန့်ကျင်ဘက်ဖြစ်နေတယ်။ မဟုတ်လို့ရှိရင် ကျုပ်က ဒီ့ထက်အခြေအနေ ပိုကောင်းနိုင်တာပေ့ါ။ ငါ့အနေနဲ့သိပ်ပြီး ချစ်ခဲ့ရတဲ့လူ၊ သိပ်ပြီး ခင်ခဲ့ရတဲ့လူ မရှိဘူးဆိုတာ ဝန်ခံပါတယ်။ ဒါပေမယ့် ဒါကလည်း ဒီလိုပါဗျာ၊ အကျွန်ုပ်အနေနဲ့က တကယ့်တကယ် ခင်ရလောက်၊ ချစ်ရလောက်တဲ့လူ ယောကျ်ား၊ မိန်းမကို မတွေ့ခဲ့ရလို့ပါဗျာ။ ငါ့အနေနဲ့ စာအုပ်ကောင်းတစ်အုပ်မရေးဖြစ်ခဲ့တာဟာလည်း အကြောင်းကတော့ ငါ့မှာ နားနားနေနေ နေဖို့ အချိန်ကောင်းကို မရခဲ့လို့ပါဗျာ။ ဒါမှမဟုတ် ကျွန်မမှာ ကျွန်မ အချိန်ပေးစောင့်ရှောက်ဖို့ သားသမီးတွေမရခဲ့တာကလည်း၊ ကျွန်မမှာ ပေါင်းသင်းလောက်တဲ့ ယောကျ်ားကို မတွေ့ခဲ့ရလို့ပါရှင်။ ကျုပ်ကိုယ်ထဲမှာတော့ အစွမ်းအစတွေက အများကြီးရှိပါတယ်။ လုပ်ချင်ကိုင်ချင်စိတ်လည်း အများကြီး ရှိပါတယ်။ လုပ်ရည်ကိုင်ရည်လည်း အများကြီးရှိပါရဲ့။ အသုံးမချခဲ့ရပေမယ့် တကယ့်ကိုပဲ ရှင်သန်ကြီးပွားနိုင်တာတွေပါ။ အဲဒါတွေက ကျုပ်ကိုယ်ထဲမှာ တန်ဖိုးရှိတာတွေပါ။ ဒါတွေကို ကျုပ် လုပ်ဖြစ်ခဲ့တာတွေရဲ့ သမိုင်းကြောင်းကိုတော့ လှန်မကြည့်နဲ့ သိမှာ မဟုတ်ဘူး' ဆိုတာမျိုးတွေပါ။ အမှန်စင်စစ်၊ ဖြစ်တည်ခြင်းပဓာနဝါဒီတစ်ဦး အဖို့မှာတော့ ချစ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံကလွဲပြီး ချစ်ခြင်းမေတ္တာဆိုတာ သီးခြားမရှိဘူး။

http://www.cherrythitsar.org



ချစ်မှုချစ်ဟန်ထဲမှာ ဖော်ပြတဲ့ ချစ်ပုံချစ်နည်းကလွဲပြီး အချစ်စွမ်းရည်ဆိုတာလည်း သီးခြားမရှိဘူး။ သူလုပ်ခဲ့တဲ့ လုပ်ငန်းတွေထဲမှာ ဖော်ပြထားတဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ကလွဲပြီး ပါရမီဉာဏ် (Genius) ဆိုတာကလည်း ဘာမျှ အပိုမ ရှိဘူး။ ပရောက်(စ)ရဲ့ ပါရမီဉာဏ် ထူးချွန်မှုဆိုတာလည်း သူလုပ်ခဲ့သမျှ အလုပ်တွေကို စုပေါင်းပြီး ပြောတာပဲ။ ရေဆိုင်းရဲ့ ပါရမီဉာဏ်ထူးချွန်မှုဆိုတာလည်း သူ ရေးခဲ့တဲ့ အလွမ်းဝတ္ထုတွေပဲ။ ဒီပြင်မှာတော့ ဘာမှမရှိပါဘူး။ ရေဆိုင်းက နောက်ထပ် အလွမ်းဝတ္ထုတစ်ပုဒ် ရေးကောင်း ရေးနိုင်သေးတယ်ဆိုတဲ့အပေါ်မှာ တကယ် မရေးခဲ့ဘဲနဲ့ ဘယ်လိုလုပ်ပြီး ဂုဏ်တင်ပြောဆိုမှတ်ချက်ချလို့ရပါ့မလဲ။ ဘဝမှာ လူတစ်ယောက်ဟာ သူ့ကိုယ်သူ အပ်နှံပစ်ချပြီး ကိုယ့်ရုပ်ပုံလွှာကို ကိုယ်တိုင်ရေးဆွဲတာပါ။ အဲဒီပုံလွှာက လွဲပြီး ဘာမှအပို မရှိပါဘူး။ ဒီအယူအဆ အတွေးအမြင် တွေဟာ ဘဝမှာ ကိုယ့်ကိုယ်ကို အောင်မြင်အောင် မလုပ် နိုင်တဲ့ လူတစ်ယောက်အတွက်တော့ စိတ်သက်သာ စရာ ဖြစ်မှာ မဟုတ်ဘူး။ တစ်နည်းအားဖြင့် ပြောရရင် ဒီအယူ အဆက လူတိုင်းကို လောကမှာ အစစ်အမှန် တစ်ခုက လွဲပြီး ဘာမှ အားကိုးစရာမရှိဘူးဆိုတာ (to understand that reality alone is reliable) ဆိုတာကို နားလည်စေလိုခြင်းပဲ ဖြစ်တယ်။ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေကတော့ လူတစ်ယောက်ကို မဟုတ်မမှန်တာတွေကို အဟုတ်အမှန် လို့ တလွဲ စိတ်ကူးယဉ်စေတာတွေ (deceptive dreams)

http://www.cherrythitsar.org



နဲ့ စက်ဆုပ်စရာကောင်းတဲ့ မျှော်လင့်ချက်တွေ (abortive hopes) တွေကိုပဲ ပေးမှာပဲ။ ဘယ်တော့မှ ဖြစ်မလာနိုင်တဲ့ မျှော်လင့်ချက်မျိုးတွေပဲ ဖြစ်နေမှာပဲ။ အဲဒါက ဘာသဘော လဲဆိုတော့ သူတို့ကိုယ်သူတို့ တလွဲ မဟုတ်မမှန် အဓိပ္ပါယ် သတ်မှတ်တာ မဟုတ်ဘူး။

ဘာပဲပြောပြော လူတစ်ယောက်က 'မင်းဟာမင်း ဖြစ်တည်ခဲ့တာကလွဲလို့ ဘာမှမဟုတ်ဘူး (You are nothing else but what you live)' လို့ပြောတဲ့အခါ အနုပညာရှင် တစ်ယောက်ကို သူဖန်တီးခဲ့တဲ့ အနုပညာလက်ရာ တစ်ခု တည်းအပေါ်မှာပဲ မူတည်ပြီး အကဲဖြတ်ရမယ်ဆိုတဲ့ သဘောမျိုး မသက်ရောက်ပါဘူး။ သူ့ကို လူပီသကြောင်း အဓိပ္ပါယ်ဖွင့်ဆိုနိုင်တာတွေလည်း ရာထောင်မက ရှိသေး လို့ပဲ ဖြစ်ပါတယ်။ အကျွန်ုပ်တို့ ဆိုလိုရင်းကတော့ လူတစ်ယောက် ဖြစ်တည်ခဲ့တယ်ဆိုတာဟာ သူလုပ်ကိုင် ဆောင်ရွက်ခဲ့သမျှ ဆောင်ရွက်ချက်အားလုံးပဲ ဖြစ်တယ်။ သူဟာ သူရဲ့လုပ်ဆောင်ချက်အားလုံးရဲ့ စုစုပေါင်းပဲ၊ အဖွဲ့အစည်းတစ်ခုပဲ၊ ဆက်စပ်မှုအားလုံးပဲ ဖြစ်တယ်။

ဒီအချက်တွေကို စဉ်းစားခြင်းအားဖြင့် အကျွန်ုပ်တို့ ကို လူတွေက ပြစ်တင်ပြောဆိုနေကြတာဟာ ကျွန်တော် တို့က ဘဝကို အကောင်းမြင်မှုမှာ တင်းကျပ်တည်မတ် လွန်းတာကြောင့်ပဲ ဖြစ်ပါတယ်။ လူတွေက အကျွန်ုပ်တို့ရဲ့ ဝတ္ထုစာပေတွေကိုလည်း ပုတ်ခတ်ပြောဆိုကြတယ်။ အကျွန်ုပ်တို့ရဲ့ ဝတ္ထုတွေထဲမှာက ဇာတ်ကောင်တွေဟာ

http://www.cherrythitsar.org



လူယုတ်လူညံ့တွေ သူရဲဘောကြောင်တွေ တစ်ခါတစ်ရံ မျှားဆို ပြောင်ကျကျကို မကောင်းသမှုပြုကြတဲ့သူတွေ တောင်ပါနေသေးတာကို။ ပြောကြပါစို့ဆိုရင် ဇိုလာ (Zola) လိုမျိုးပေါ့။ အကျွန်ုပ်တို့က ဒီလို ယုတ်ညံ့ သိမ်ဖျဉ်းတဲ့ လူ့စရိုက်တွေဟာ မျိုးရိုးဗီဇကြောင့်လည်း ဖြစ်တယ်။ ဒါမှ မဟုတ် သူတို့ရဲ့ပတ်ဝန်းကျင်က ဖန်တီးလို့လည်းဖြစ်တယ် ဆိုတာကို ပြတာပါ။ ‘ခင်ဗျားတို့ မြင်တယ်မဟုတ်လား၊ ကျုပ်တို့က အဲဒီလို အစားတွေ ဘယ်သူမှ ဒါမျိုးလုပ်နိုင် မှာမဟုတ်ဘူး’ ဖြစ်တည်ခြင်းပဓာနဝါဒီက သတ္တိမရှိတဲ့၊ သူရဲဘောကြောင်တဲ့ဇာတ်ကောင်ကို သရုပ်ဖော်တဲ့အခါ ကျတော့လည်း သူ့ကို သူရဲဘောကြောင်တဲ့အတွက် သူ့မှာ တာဝန်ရှိပုံကို ပြတယ်။ အကျွန်ုပ်တို့က ဒီကောင် သူရဲဘော ကြောင်ရတာဟာ သူ့အသည်းတွေ၊ အဆုတ်တွေ၊ သူ့ရဲ့ အသိဉာဏ်ဦးနှောက်စတဲ့ ကမ္ဘဇီဝဗေဒဆိုင်ရာ အင်္ဂါအစိတ် အပိုင်းတွေကြောင့် ဖြစ်တာလို့ မပြဘူး။ သူ သူရဲဘော ကြောင်တာ၊ သူ့အပြုအမူတွေကလုပ်လို့ ဖြစ်ရတာဆိုတာ ကိုပဲ ပေါ်လွင်အောင်ပြတယ်။ သူရဲဘောကြောင်ခြင်း အမူအရာရယ်လို့လည်း သပ်သပ်မရှိဘူး။ စိတ်လှုပ်ရှားတဲ့ အမူအရာတွေပဲရှိတယ်။ ဆင်းရဲတဲ့ သွေး၊ ချမ်းသာတဲ့ သဘောထားလို့ လူတွေ ခေါ်ပြောနေကြတာတော့ ရှိတယ်။ in poverished blood, rich lemperament ဆိုတာမျိုးပေါ့။ ဒါပေမယ့် ဆင်းရဲတဲ့သွေး ဆင်းရဲတဲ့စိတ်ရှိတဲ့လူဟာ သူရဲ ဘောကြောင်တာတော့ မဟုတ်ဘူး။ ဘာကြောင့် ဒါကိုပြော

ရသလဲဆိုတော့ သူ့ရဲ့ဘောကြောင်ခြင်းကို ဖြစ်စေတာဟာ သူ လုပ်ခဲ့တဲ့၊ လက်လျှော့အရှုံးပေးတတ်တဲ့ အပြုအမူတွေ ကြောင့် ဖြစ်တာပါ။ စိတ်သဘောထားက ကာယကံမှ မဟုတ်သေးဘဲ။ အပြုအမူမဟုတ်သေးဘဲ။ ဒါကြောင့် သူ့ရဲ့ဘောကြောင်ခြင်းကို သူပြုလုပ်ခဲ့တဲ့အလုပ်နဲ့ပဲ အဓိပ္ပါယ် သတ်မှတ်လို့ရတယ်။ လူတွေစိတ်ထဲ ရှုပ်ထွေးပြီး စက်ဆုပ် ရွံမုန်းတဲ့ခံစားမှု ဖြစ်ရတာဟာ အကျွန်ုပ်တို့ တင်ပြခဲ့သလို သူ့ရဲ့ဘောကြောင်ခြင်းအပြစ်ကို ကျူးလွန်လို့ အပြစ်ရှိလို့ပဲ ဖြစ်တယ်။ လူတွေဟာ သူ့ရဲ့ဘောကြောင်ပြီး မွေးလာသူနဲ့ သူ့ရဲ့ကောင်းအဖြစ်မွေးလာသူ၊ ဘယ်သူ့ကိုပိုပြီး နှစ်သက်ကြ မလဲ၊ Chencins de la Liberle ဆိုတဲ့ဝတ္ထုကို မကြာခဏ စွပ်စွဲပြောဆိုကြတာက ဒီလိုပါ 'ဒီလောက် ယုတ်ညံ့ဆိုး သွမ်းနေတဲ့အကောင်တွေကို သူ့ရဲ့ကောင်းတွေ ဖြစ်လာ အောင် ဘယ်နည်းလုပ်လို့ရပါ့မလဲ' ဆိုတာပါ။

ကန့်ကွက်တဲ့မှတ်ချက်ကတော့ နည်းနည်း ဟာသ ဆန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့စိတ်ထဲ သူ့ရဲ့ ကောင်းဆိုတာ မွေးရာပါလို့ ထင်နေကြပုံပေါ်လို့ပါ။ အဲဒါ ဒီလိုလူတွေရဲ့ စဉ်းစားချင်ကြပုံနဲ့ တူပါတယ်။ တကယ်လို့ သူတို့ပြောသလို သူ့ရဲ့ဘောကြောင်တာဟာ မွေးရာပါဆိုရင် သူ့ရဲ့ဘောကြောင်တာ သူတို့အပြစ်မှ မဟုတ်တော့ တာ။ သူတို့အနေနဲ့ ကျေကျေနပ်နပ် ကြောင်နေနိုင်တာပေါ့။ ခင်ဗျား အနေနဲ့ ဒီလို သူ့ရဲ့ဘောကြောင်တာကို ပြုပြင်လို့လည်း ရတော့မှာမဟုတ်သလို ဘာမှလည်းမတတ်နိုင်တော့ဘူး။

http://www.cherrythitsar.org



တစ်သက်လုံး ဘာပဲလုပ်လုပ် သူရဲဘောကြောင်နေလည်း ဘာမှမဖြစ်နိုင်ဘူး။ ပြီးတော့ သူရဲကောင်း ဖြစ်တာလည်း မွေးရာပါဆိုရင် အဲဒါကို ကျေကျေနပ်နပ် လက်ခံထားရုံ ရှိတော့တာပေါ့။ ခင်ဗျားတစ်သက်လုံး ဘာပဲလုပ်လုပ် သူရဲကောင်းဖြစ်နေတော့မှာပဲ။ ဖြစ်တည်ခြင်းပဓာနဝါဒီတွေ ပြောတာက သူရဲဘောကြောင်တာ မွေးရာပါမဟုတ်ဘူး။ သူ့ကိုယ်သူ လုပ်လို့ဖြစ်တာ။ သူ့ဘာသာ သူရဲဘောကြောင် အောင်လုပ်လို့ သူရဲဘောကြောင်သူဖြစ်ရတာ။ သူရဲကောင်း ဆိုတာလည်း မွေးရာပါမဟုတ်ဘူး။ သူ့ကိုယ်သူ သူရဲ ကောင်းဖြစ်အောင်လုပ်လို့ သူဖြစ်ရတာ။ ဒါကြောင့် သူရဲ ဘောကြောင်တဲ့လူမှာလည်း သူရဲဘောကြောင်တဲ့အလုပ် တွေကို စွန့်လွှတ်နိုင်ခွင့်တွေရှိတယ်။ သူရဲကောင်းမှာလည်း သူရဲကောင်းအဖြစ်က ကျဆင်းသွားနိုင်ခွင့်တွေရှိတယ်။ အဓိကကျတာက သူ့ရဲ့ခံယူချက်ပဲ၊ မဖြစ်မနေလုပ်မယ် ဆိုတဲ့ယုံကြည်ချက် ဆုံးဖြတ်ချက် (Commitment)ပဲ။ ဒါက အပြုအမူတစ်ခုချင်း ကိစ္စတစ်ခုချင်းနဲ့မဆိုင်ဘူး။ ခံယူချက် နဲ့ပဲဆိုင်တယ်။

ခုထိ အကျဉ်းချုပ် ထင်ပါတယ်။ ဖြစ်တည်ခြင်းပဓာနဝါဒ ကို ပြစ်တင်ရှုတ်ချနေကြတဲ့ ကိစ္စတော်တော်များများကို ပြောဆိုခဲ့ကြပြီးပြီလို့ ထင်ပါတယ်။ ဒီတော့ ဒီအယူဝါဒဟာ လူသားရဲ့ကံပေါ်မှာတည်ထားတဲ့ ဒဿနဖြစ်နေတာကြောင့် စိတ်တည်ငြိမ်မှုရအောင် သမာဓိထူထောင်ခိုင်းတဲ့ ဒဿန လို့တော့ ယူဆလို့ရမှာ မဟုတ်ဘူး။ ပြီးတော့ လူ့ဘဝကို

http://www.cherrythitsar.org



အဆိုးမြင်တဲ့ ဝါဒလို့လည်း ပြောလို့ရမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ လူ့ရဲ့ကံကြမ္မာကို သူ့ကိုယ်ထဲ သူ့ဘဝ သူ့အလုပ်ထဲမှာ ထည့်သွင်းသတ်မှတ်ထားတဲ့ အယူဝါဒလောက် ဘဝကို အကောင်းမြင်တဲ့ဝါဒလည်း ရှိတော့မှာ မဟုတ်တော့လို့ပဲဖြစ်ပါတယ်။ ပြီးတော့ ဒဿနမှာ လူကို ကံတွေပြုရဲအောင် အားမပေးတဲ့ သဘောလည်း မပါဘူး။ ဒီဒဿနဆိုတာက က
အခြေမခံချင်လို့ဖြစ်ပါတယ်။ အဲဒီသီဝရီက အခြေခံအုတ်မြစ်မရှိဘဲနဲ့ မျှော်လင့်ချက်တွေပဲ တစ်ပုံကြီးပါနေလို့ပါ။ ဒဿနလမ်းခွဲတဲ့နေရာကတော့ တခြားမဟုတ်ပါဘူး။ ဒီ သစ္စာအမြင်ပါ။

'ငါ စဉ်းစားနေသည်၊ ဒါကြောင့် ငါ ဖြစ်တည်နေသည်'

"I think, therefore I am" ဆိုတဲ့အမြင်ပဲဖြစ်တယ်။ ဒါဟာ ဝိညာဏ်စိတ်ရဲ့ (စိတ္တာပ္ပါဒ) ရဲ့ အကြွင်းမဲ့သစ္စာတရားပဲဆိုတဲ့အထိ ဆိုက်ရောက်ပါတယ်။ ကိုယ့်ကိုယ်ကို ပေါက်မြောက်သိမြင်လာတဲ့ ဒီအခိုက်အတန့်ရဲ့ ဗဟိဒ္ဓမှာဖြစ်တဲ့ လူကစတင်တဲ့သဘောတရား သီဝရီတိုင်းဟာ သစ္စာဆိုက်တဲ့အမြင်ကို ချိုးနှိမ်ထားတဲ့ သီဝရီချည်းပဲဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ဒေးကားရဲ့ Cogito (ငါ စဉ်းစားနေလို့ ငါ ဖြစ်တည်နေတာ)ဆိုတဲ့ အမြင် အပြင်အပက သဘောတရားတိုင်းဟာ ဖြစ်နိုင်ချေရှိတဲ့ (Probable) အဆင့်ထက် မကျော်ဘူး။ ဒါကြောင့် ဘယ်အယူဝါဒပဲဖြစ်ဖြစ်၊ ဖြစ်နိုင်ချေပဲရှိပြီး သစ္စာမဆိုက်တဲ့ အယူဝါဒတိုင်းဟာ ကြေမွပြီး

http://www.cherrythitsar.org



အခြေမခံချင်လို့ဖြစ်ပါတယ်။ အဲဒီသီဝရီက အခြေခံအုတ်မြစ်မရှိဘဲနဲ့ မျှော်လင့်ချက်တွေပဲ တစ်ပုံကြီးပါနေလို့ပါ။ ဒဿနလမ်းခွဲတဲ့နေရာကတော့ တခြားမဟုတ်ပါဘူး။ ဒီသစ္စာအမြင်ပါ။

'ငါ စဉ်းစားနေသည်၊ ဒါကြောင့် ငါ ဖြစ်တည်နေသည်'

"I think, therefore I am" ဆိုတဲ့အမြင်ပဲဖြစ်တယ်။ ဒါဟာ ဝိညာဏ်စိတ်ရဲ့ (စိတ္တုပ္ပါဒ) ရဲ့ အကြွင်းမဲ့သစ္စာတရားပဲဆိုတဲ့အထိ ဆိုက်ရောက်ပါတယ်။ ကိုယ့်ကိုယ်ကို ပေါက်မြောက်သိမြင်လာတဲ့ ဒီအခိုက်အတန့်ရဲ့ ဗဟိဒ္ဓမှာဖြစ်တဲ့ လူကစတင်တဲ့သဘောတရား သီဝရီတိုင်းဟာ သစ္စာဆိုက်တဲ့အမြင်ကို ချိုးနှိမ်ထားတဲ့ သီဝရီချည်းပဲဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ဒေးကားရဲ့ Cogito (ငါ စဉ်းစားနေလို့ ငါ ဖြစ်တည်နေတာ)ဆိုတဲ့ အမြင် အပြင်အပက သဘောတရားတိုင်းဟာ ဖြစ်နိုင်ချေရှိတဲ့ (Probable) အဆင့်ထက်မကျော်ဘူး။ ဒါကြောင့် ဘယ်အယူဝါဒပဲဖြစ်ဖြစ်၊ ဖြစ်နိုင်ချေပဲရှိပြီး သစ္စာမဆိုက်တဲ့ အယူဝါဒတိုင်းဟာ ကြေမွပြီး ဘာမှမဟုတ်တာဖြစ်သွားမှာပဲ။ ဖြစ်နိုင်ချေရှိတဲ့သဘောကို အဓိပ္ပါယ်သတ်မှတ်နိုင်ဖို့ကလည်း ကိုယ်မှာမှန်တာ လက်ဆုပ်လက်ကိုင် ရှိထားရမယ်။ ကိုယ့်မှာ သစ္စာဆိုတဲ့ မှန်တဲ့သဘောတစ်စုံတစ်ခုမရှိခင် သူ့ထက်အရင်က သူ့ထက်မှန်တဲ့ အကြွင်းမဲ့ပရမတ္တာသစ္စာ (an absolute truth) တစ်ခုလည်း ရှိရဦးမယ်။ ပြီးမှပဲ လွယ်လွယ်နဲ့ လူတိုင်းသိမြင်နိုင်

http://www.cherrythitsar.org



တဲ့ သမုတိသစ္စာဆိုတာ ရှိနိုင်တယ်။ အဲဒီသစ္စာကတော့ ကိုယ့်ကိုယ်ကို ချက်ချင်းသိနိုင်တဲ့သဘောနယ်ထဲမှာ ရှိတယ်။

ဒုတိယအနေနဲ့ပြောရရင် ဒီသီဝရီတစ်ခုပဲ လူ့ဂုဏ်သိက္ခာနဲ့ကိုက်ညီတယ်။ ဒီ သီဝရီသည်သာ လူသားကို အပြုခံဝတ္ထု (object) ဖြစ်သွားအောင် မလုပ်တာဖြစ်တယ်။ ရုပ်ဝါဒ ဒဿနအားလုံးဟာ လူအားလုံး (မိမိကိုယ် အပါအဝင်)ကို အပြုခံပစ္စည်း၊ ကံပစ္စည်းဖြစ်သွားအောင် လုပ်ပစ်တယ်။ ဒါကတော့ ကြိုတင်စီမံထားတဲ့ တုန့်ပြန်မှုအစု (Predetermined neactions)မျိုး ဖြစ်သွားအောင်လုပ်တယ်။ စားပွဲတို့၊ ကုလားထိုင်တို့၊ ကျောက်ခဲတို့လို အပြုခံအပြင်ခံပစ္စည်းတွေမှာရှိတဲ့ ဂုဏ်သတ္တိမျိုးတွေပေါ့။ အကျွန်ုပ်တို့ရဲ့ ရည်မှန်းချက်ကတော့ လူတွေကို တခြားရုပ်ဝတ္ထုပစ္စည်းတွေနဲ့မတူ တမူကွဲပြားခြားနားတဲ့ တန်ဖိုးများရဲ့ အဆင်အပြင်တစ်ခုအဖြစ်ပေါ်လွင်တဲ့ 'လူသားမင်းနေပြည်တော်' (Human Kingdom) ကို ထူထောင်မှာပဲဖြစ်တယ်။ ဒါပေမယ့် အကျွန်ုပ်တို့က သစ္စာရဲ့စံနှုန်းအဖြစ် သတ်မှတ်ထားတဲ့ ပုဂ္ဂလိက စိတ်ဆန္ဒဆိုတာ ကျဉ်းမြောင်းတဲ့ လူတစ်ဦးပုဂ္ဂိုလ်တစ်ယောက်ရဲ့ စိတ်ဆန္ဒစွဲကို ပြောတာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ အကျွန်ုပ်တို့ သရုပ်ပြခဲ့ပြီးသလိုပေါ့။ ဒီသဘောဟာ လူတစ်ဦးတစ်ယောက်ရဲ့ အတ္တနောပတိကို ပြောတာမဟုတ်ဘူး။ တခြားလူတွေရဲ့ ပုဂ္ဂလိက စိတ်ဆန္ဒအားလုံးကိုခြုံပြီး ပြောတာသာဖြစ်ပါတယ်။ အဲဒီပုဂ္ဂလဆန္ဒကိုသာ သူ့ရဲ့ဘဝဖြစ်တည်ခြင်းရဲ့ အကြောင်းခြင်းရာ အဖြစ်

http://www.cherrythitsar.org



ရှာဖွေဖော်ထုတ်ပေးတာ ဖြစ်တယ်။

ဒေးကားရဲ့ ဒဿနအမြင်ကိုရော ကန့်ရဲ့ဒဿန အမြင်ကိုရော ဆန့်ကျင်ပြီး အက္ဂျန့်ပ်က 'ငါ စဉ်းစားတယ်' လို့ ပြောတဲ့အခါ သူများရှေ့မှောက်မှာ ကိုယ့်ဖြစ်တည်နေပုံ ကို သိမြင်လာတာကိုပြောတာ။ ငါလည်း သူများလိုပဲ လူသားအဖြစ် ဖြစ်တည်နေပါကလားလို့ အခိုင်အမာသိမြင် လာတာကိုပြောတာ။ သူ့ကိုယ်သူ သူဟာ တခြား ဘာမှ မဖြစ်နိုင်ဘူး (လူတွေ ပြောလေ့ပြောထရှိသလို သူတော် ကောင်းတစ်ယောက်၊ လူလိမ်လူကောက် တစ်ယောက် ဣဿာမစ္ဆရိယသမားတစ်ယောက်)စသည်ဖြင့် သိမြင်လာ တာဖြစ်တယ်။ သူများက သူ့ကို ဒီလိုမမြင်လည်း သူ့ကိုယ် သူ ဒီလိုမြင်လာနိုင်တယ်။ သူများက ကိုယ့်ကိုမြင်တဲ့ ကြား အမြင်မပါဘဲနဲ့ ကိုယ့်ကိုယ်ကိုသိမြင်တဲ့ ဘယ်သစ္စာအမြင် ကိုမှ ရမလာနိုင်ပါဘူး။ မိမိရဲ့ ဘဝဖြစ်တည်မှုမှာ တခြားလူ တွေလည်း မပါမဖြစ်ပါဝင်နေတယ်။ အလားတူပဲ အက္ဂျန့်ပ် ရနိုင်တဲ့ အသိပညာတိုင်းမှာလည်း ဒီသဘောပါဝင်နေပါ တယ်။ ဒီအခြေအနေတွေအောက်မှာ မိမိရဲ့ဖြစ်တည်နေပုံ ကို တွေ့ရှိသိမြင်လာတာဟာ သူတစ်ပါးကိုလည်း လွတ် လပ်ခြင်းအဖြစ်၊ ကိုယ့်ရှေ့မှာ သူများရဲ့လွတ်လပ်ခွင့်လည်း ရှိနေတယ်ဆိုတာကိုလည်း သိမြင်အောင်ဖော်ပြနေခြင်း ဖြစ် တယ်။ ဒီလိုမလုပ်ဘဲနဲ့ မိမိကို ထောက်ခံတာပဲဖြစ်ဖြစ်၊ ကန့်ကွက်တာပဲဖြစ်ဖြစ်ကို စဉ်းစားလို့မရဘူး။ ဆန္ဒပြုလို့ လည်း မရဘူး။ ဒီလိုသိတာနဲ့ ချက်ချင်း မိမိရဲ့ အဖ္ဂျတ္တဆန္ဒ

http://www.cherrythitsar.org



ကမ္ဘာ (inter-subjectivity) ကိုလည်း တွေ့ရတော့တာပဲ။ အဲဒီကမ္ဘာထဲမှာ လူသားဟာ သူ့ကိုယ်သူ ဘာလဲ၊ သူများက ကောဘာလဲဆိုတာကို ဆုံးဖြတ်ချက်ချရတာဖြစ်တယ်။

ဒ့ါပြင်ဆက်ပြီး ပြောရရင် လူတိုင်းလူတိုင်း ကိုယ်စီကိုယ်ငှထဲမှာ တစ်လောကလုံးနဲ့ဆိုင်တဲ့ လူ့သဘာဝ (human nature) ဆိုတဲ့အနှစ်သာရကို ရှာဖွေတွေ့ရှိဖို့ဆိုတာ မဖြစ်နိုင်ပေမယ့် အဲဒီအထဲမှာ လူသားရဲ့ယေဘုယျကျတဲ့ တစ်လောကလုံးနဲ့ဆိုင်တဲ့ အခြေအနေတွေ(universality of condifion) ဆိုတာကိုတော့ ရှာဖွေတွေ့နိုင်တယ်။ ဒီကနေ့ အတွေးအခေါ်ပညာရှင်တွေအနေနဲ့ လူ့သဘာဝဆိုတာထက် လူသားရဲ့လောကီအခြေအနေဆိုတဲ့စကားကို ပြောဖို့ရာ ပိုအဆင်သင့်ဖြစ်နေတာဟာ တိုက်ဆိုင်မှုတစ်ခုလို့ မဆိုနိုင်ပါဘူး။ လောကီအခြေအနေအရ လူကိုပိုပြီး ပညာရှင်တွေ ရှင်းရှင်းလင်းလင်း နားလည်လာကြပါတယ်။ လောကကြီးထဲမှာ လူသားရဲ့အခြေခံကျတဲ့ တွေ့ကြုံရှေ့ဖြစ် အနေအထားသတ်မှတ်ချက်ရဲ့ အကန့်အသတ်ရှိမှု သဘောအားလုံးကိုလည်း ပိုပြီး သိနားလည်လာကြရတယ်။ လူသားရဲ့ သမိုင်းထဲက အနေအထားကတော့ ထွေပြားပါတယ်။ လူတစ်ယောက်ဟာ ဘာသာယုံကြည်ကိုးကွယ်မှု ပီပီပြင်ပြင် မရှိသေးတဲ့ (pagan) လူ့အဖွဲ့အစည်းထဲမှာ ကျွန်သပေါက်ဘဝနဲ့ မွေးဖွားလာတယ်လို့ ဆိုကြပါစို့။ သို့မဟုတ် ပဒေသရာဇ် မြေရှင်မှူးမတ်ဘဝမှာ မွေးဖွားလာတယ်၊ ပစ္စည်းမဲ့အဖြစ်နဲ့ မွေးလာတယ်။ ဒါပေမယ့် မပြောင်းလဲတာတစ်ခုက

http://www.cherrythitsar.org



သူတို့ လာအလုပ်လုပ်ကြရပြီး ဒီနေရာမှာပဲ သေကြရလို့ပဲ ဖြစ်တယ်။ ဒီကန့်သတ်ချက်တွေဟာ ပုဂ္ဂလိက မိဋ္ဌာန်သဘောလည်း မဟုတ်ဘူး။ ဓမ္မဒိဋ္ဌာန်သဘောလည်း မဟုတ်ပါဘူး။ သို့မဟုတ် ပုဂ္ဂလဓိဋ္ဌာန်သဘောရော ဓမ္မဓိဋ္ဌာန်သဘောနှစ်ရပ်စလုံးရဲ့ သဘောတွေလည်း ရှိနေနိုင်တယ်။ ဓမ္မဓိဋ္ဌာန်သဘောလည်း ရှိနိုင်တယ်လို့ပြောရတာက ဒီလိုလူမျိုးတွေကို အကျွန်ုပ်တို့အနေနဲ့ နေရာတကာမှာ ဒီလိုလူတွေကို တွေ့နိုင်မြင်နိုင်ပြီး နေရာတကာမှာ ဒီအတိုင်းပဲ သိမြင်နိုင်ကြလို့ပါပဲ။ နောက်ပြီး ပုဂ္ဂလဓိဋ္ဌာန်သဘောလည်း ရှိတယ်လို့ပြောရတာက ဘာကြောင့်လဲဆိုတော့ သူတို့ဟာ အသက်ရှင်ပြီး ဘဝဖြစ်တည်ခဲ့ကြလို့ပါပဲ။ တကယ်လို့ သူတို့ဟာ လူသားအဖြစ်နဲ့ မဖြစ်တည်ခဲ့ကြလို့ရှိရင်လည်း ဘာတွေမှ မဟုတ်ကြတော့လို့ပဲဖြစ်တယ်။ ဆိုလိုတာက တော့ အကယ်၍ သူဟာ သူ့ကိုယ်သူ လွတ်လပ် စွာ မဆုံးဖြတ်နိုင်ခဲ့ဘူးဆိုရင် ပြီးတော့ အဲဒီလူတွေနဲ့သူ ဆက်စပ်မှု မရှိခဲ့ဘူးဆိုရင် သူဟာ ဘာမှမဟုတ်တော့လို့ပဲဖြစ်ပါတယ်။

ပြီးတော့ လူသားရဲ့ လိုအင်ဆန္ဒရည်မှန်းချက်တွေကလည်း အမျိုးမျိုးအပြားပြား ဖြစ်နေနိုင်ပါတယ်။ အနည်းဆုံး တစ်ယောက်တလေတောင်မှ အကျွန်ုပ်နှင့် လုံးဝမစပ်မဆိုင်တော့တာ ပါမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူသားတိုင်းရဲ့ ကြံရွယ်ချက်တွေဟာ ဒီအကန့်အသတ်တွေကို ကျော်လွှားနိုင်ဖို့ဆိုတဲ့ ကြိုးပမ်းချက်တွေ ဒီအကန့်အသတ်တွေကို ချဲ့ထွင်ဖို့ဆိုတဲ့ ကြိုးပမ်းချက်တွေကို ဖော်

http://www.cherrythitsar.org



ပြနေကြလို့ပဲဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်လည်း ဒီအကန့်အသတ်တွေကို ငြင်းပယ်ဖို့ ကြိုးပမ်းချက်တွေပါနေလို့ပါပဲ။ သို့မဟုတ် အဲဒီအကန့်အသတ်တွေထဲမှာပဲ နေတတ်အောင်နေဖို့ ကြိုးပမ်းချက်တွေပါနေတတ်ပါတယ်။ နောက်ဆုံးတော့ လူသားရဲ့ကြံရွယ်ချက်တိုင်းဟာ ဘယ်လောက်ပဲ ပုဂ္ဂလိကဆန်တယ်ပဲဆိုစေကာမူ တစ်လောကလုံးနဲ့ စပ်ဆိုင်တဲ့တန်ဖိုးထားမှုတွေပါနေတတ်ကြတာပါပဲ။ တရုတ်လူမျိုး၊ အိန္ဒိယလူမျိုး၊ နီဂရိုးလူမျိုး၊ ဘာလူမျိုးရဲ့ရည်ရွယ်ချက်၊ ကြံရွယ်ချက်ပဲဖြစ်ဖြစ် ဥရောပသားတွေကလည်း နားလည်နိုင်ကြတာပဲဟာ။ ဒီကြံရွယ်ချက်တွေကို နားလည်နိုင်တယ်လို့ပြောတဲ့အဓိပ္ပါယ်က ၁၉၄၅–ခုနှစ်လောက်က ဥရောပသားတွေ တစ်စုံတစ်ခုသော အခြေအနေတစ်ခုက ထွက်မြောက်ပြီး အကန့်အသတ်တစ်ခုထိရောက်အောင် ကြိုးပမ်းတုန်းက သူ့စိတ်ထဲမှာ တရုတ်လူမျိုးတွေ၊ အိန္ဒိယသားတွေ၊ အာဖရိကန်တွေရဲ့ ကြိုးပန်းခဲ့ပုံတွေကိုလည်း ပြန်ပြီး သိနားလည်နိုင်တာပဲ။ ဒါကြောင့် ကြံရွယ်ချက်တိုင်းမှာ တစ်လောကလုံးနဲ့ စပ်ဆိုင်တဲ့သဘောပါတာကြောင့် ကြံရွယ်ချက်တိုင်းကို လူသားတိုင်း လူမျိုးမရွေး၊ ဘာသာမရွေး နားလည်သဘောပေါက်နိုင်စွမ်းရှိတာပဲ ဖြစ်တယ်။ လူသားကို ဒီကြံရွယ်ချက်၊ ဟိုကြံရွယ်ချက်တစ်ခုက တစ်သက်လုံးအမြဲတမ်း အဓိပ္ပါယ်သတ်မှတ်ထားတာ မဟုတ်ဘူး။

ဒါပေမယ့် ဒီကြံရွယ်ချက်တစ်မျိုးတည်းကိုပဲ အကြိမ်ကြိမ်အထပ်ထပ်ထားရှိတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အရူး

http://www.cherrythitsar.org



တစ်ယောက်၊ ကလေးတစ်ယောက်၊ ရှေးကမ္ဘာဦး လူတစ်ယောက်၊ နိုင်ငံခြားသားတစ်ယောက်ကို သတင်းအချက်အလက် ပြည့်ပြည့်စုံစုံရှိရင် အမြဲတမ်းသိနိုင်တဲ့နည်းတွေရှိတာပါပဲ။ ဒီကိစ္စမှာ အကျွန်ုပ်တို့ပြောနိုင်တာက ဒီလူတိုင်းမှာ တစ်လောကလုံးနဲ့စပ်ဆိုင်တဲ့ လူသားဖြစ်ခြင်းသဘော(human universality) ရှိနေလို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီသဘောဟာ နဂိုကပါလာတဲ့ သဘောတစ်ခုမဟုတ်ဘူး။ အဆက်မပြတ် လုပ်ထားရတဲ့သဘောတစ်ခုပါ။ ဒီလူဖြစ်ခြင်းသဘောကို အကျွန်ုပ်ဟာ မိမိကိုယ်မိမိ ရွေးချယ်ပြီး လုပ်ယူထားရတာ ဖြစ်တယ်။ ပြီးတော့ ဒီလူ့သဘောကို အကျွန်ုပ်ဟာ ဘယ်ခေတ် ဘယ်အခါကဖြစ်ဖြစ် တခြားလူများရဲ့ ကြံရွယ်ချက်တွေကိုပါ နားလည်သဘောပေါက်အောင်လုပ်ပြီးမှ တားရတာဖြစ်တယ်။ ဒီရွေးချယ်ရတဲ့အလုပ်ရဲ့ အကြွင်းမဲ့သဘော (the absoluteness of the act of choice) ဟာ ခေတ်ကာလကိုလိုက်ပြီး အပြောင်းအလဲမဖြစ်ပါဘူး။

ဖြစ်တည်ခြင်းပဓာနဝါဒရဲ့ နှလုံးသည်းပွတ်အတွင်းမှာ တည်ရှိနေတဲ့သဘောတရားကတော့ လူသားဟာ မိမိရဲ့ဖြစ်တည်မှုကို လူသားဆိုတဲ့ လွတ်လပ်တဲ့ ခံယူချက်ရဲ့ အကြွင်းမဲ့သဘော (the absolute characteristic of the free commitment) ကို နားလည်မှုအရ နားလည်နိုင်တယ်ဆိုတဲ့ သဘောပါပဲ။ ဒီခံယူချက်ကို အမြဲတမ်း နားလည်နိုင်တယ်။ ဘယ်လိုလူပဲဖြစ်ဖြစ် ဘယ်ခေတ်ကလူပဲဖြစ်ဖြစ် နားလည်

http://www.cherrythitsar.org



နိုင်တာချည်းပဲ။ အဲဒီ အကြွင်းမဲ့ ခံယူချက်က ယဉ်ကျေးမှု ပုံသဏ္ဌာန်အမျိုးမျိုးရဲ့ အပြန်အလှန် ကျေးဇူးပြုမှုရှိနိုင်တယ် ဆိုတဲ့ သဘောကိုလည်း နားလည်လို့ ရတယ်။

ဒေးကားရဲ့ အယူဝါဒနဲ့ ဒေးကားရဲ့ အကြွင်းမဲ့ သဘောပါတဲ့ ခံယူချက်ကြားမှာ အပြန်အလှန်ကျေးဇူးပြုမှု သဘောရှိနေတယ်ဆိုတာကိုလည်း လူတိုင်းလေ့လာနိုင် တယ်။ ဒီသဘောနဲ့ ပြောချင်ရင် ပြောနိုင်တာက ဒီအကြွင်း မဲ့သဘောကို လူတိုင်း အသက်ရှူရင်း စားရင်း၊ အိပ်ရင်း၊ ပြုမူပုံတစ်မျိုးကို ပြုမူနေထိုင်ရင်း လုပ်ပြနေလို့ရတယ်။ လွတ်လပ်သူတွေ အချင်းချင်းကြားမှာ ဘာကွာခြားမှုမှ မရှိ ပါဘူး။ ကိုယ့်ခံယူချက်နဲ့ ကိုယ်လုပ်နေကြတာချည်းပဲဟာ။ ကိုယ့်ရဲ့အနှစ်သာရကို ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် ရွေးချယ်ပြီး ဖြစ်တည်နေကြတာချည်းပဲဟာ။ ပြီးတော့ အကြွင်းမဲ့ သဘောရှိတဲ့ သတ္တဝါဖြစ်ကြရာမှာလည်း ခေတ္တ သမိုင်းကာလတလျှောက် ဒေသန္တရကလွဲလို့ ဘာကွဲပြား ခြားနားချက်မှ မရှိဘူး။ လူသားတိုင်းဟာ ဉာဏ်ရှိတဲ့ သတ္တဝါ ချည်းပဲဟာ။

ဒီအမြင်ဟာ ပုဂ္ဂလိက မိဋ္ဌာန်ဆန္ဒစွဲ အယူဖြစ်တယ် ဆိုတဲ့ စွပ်စွဲချက်ကို ငြင်းပယ်တာ မဟုတ်ပါဘူး။ အဲဒီ ကန့်ကွက်ချက်ဟာ ပုံစံအမျိုးမျိုးနဲ့ ပေါ်ပေါက်ခဲ့ပါတယ်။ ပထမတစ်မျိုးကတော့ ဒီလိုပါ။ လူတွေက အကျွန်ုပ်တို့ကို ပြောကြတယ်။ 'ဒါဆိုရင် မင်းတို့ဘာပဲလုပ်လုပ် အရေးမကြီး တော့ဘူးပေါ့' တဲ့။ ပြီးတော့ ဒီအမြင်ကိုလည်း နည်းပေါင်းစုံ

http://www.cherrythitsar.org



နဲ့ပြောတတ်ကြတယ်။ ပထမအချက်က သူတို့က အကျွန်ုပ်တို့ကို မင်းမဲ့သမားတွေလို့ စွပ်စွဲကြတယ်။ ပြီးတော့ပြောကြတာက ‘ဒါဆို မင်း သူများကို ပိုင်းခြားဝေဖန်ဆုံးဖြတ်လို့မရဘူးတဲ့၊ ဘာကြောင့်လဲဆိုတော့ ဒီရည်ရွယ်ချက်ထက်ဟိုရည်ရွယ်ချက်က ပိုကောင်းတယ်လို့ ပြောဖို့ အကြောင်းပြစရာ မရှိလို့ပဲတဲ့’။ နောက်ပိတ်ဆုံး သူတို့ ပြောနိုင်တာက ‘ကိစ္စအားလုံးဟာ ကိုယ့်သဘော ကိုယ့်ဆန္ဒနဲ့ ရွေးချယ်ရတာချည်းပဲလို့ဆိုရင် မင်းက လက်တစ်ဖက်နဲ့ ပေးယောင်ဆောင်ပြီး တခြားလူတွေဆီက မင်းလိုချင်တာကို ရအောင်လုပ်တာပဲတဲ့။ ဒီဝေဖန်ချက်၊ ကန့်ကွက်ချက်သုံးခုက သိပ်မပြင်းထန်ပါဘူး။ ပထမအချက်ကဆိုရင် မင်းရွေးချယ်တာဟာ မမှန်ရင်လည်း ကိစ္စမရှိဘူးလို့ ဆိုရာကျတယ်။ သဘောတစ်မျိုးကို ပြောရရင်ဖြင့် ရွေးချယ်တာက ဖြစ်နိုင်ချေရှိတယ်။ ဒါပေမယ့် မရွေးချယ်ဘဲ နေလို့တော့ မရဘူး။ အကျွန်ုပ်အနေနဲ့ အမြဲတမ်း ရွေးချယ်နိုင်ပါတယ်။ ဒါပေမယ့် အကျွန်ုပ် သိနားလည်သင့်တာက တကယ်လို့ အကျွန်ုပ်က အရွေးချယ်ဘူးဆိုရင် အဲဒါသည်ပင် ရွေးချယ်မှုတစ်ခုဖြစ်သွားတယ်ဆိုတဲ့ အချက်ပါပဲ။ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်လို့ ထင်ရပေမယ့် သိပ်အရေးကြီးတဲ့ အချက်ပါ။ စိတ်ထင်မြင်ချက်တွေစိတ်ရူးပေါက်ပြီး ထင်ရာလုပ်တာတွေကို ကန့်သတ်မှုတစ်ခုဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ အကျွန်ုပ်အနေနဲ့ အမှန်တကယ် ကြုံရတဲ့ အခြေအနေနဲ့ ရင်ဆိုင်ရတဲ့အခါ ဥပမာအကျွန်ုပ်ဟာ သွေးနဲ့ကိုယ် သားနဲ့ကိုယ် လိင်စိတ်ရှိတဲ့

http://www.cherrythitsar.org



သတ္တာဝါပဲ။ ပြီးတော့ ဆန့်ကျင်ဘက်လိင်နဲ့ ဆက်ဆံနိုင်တဲ့ ကိုယ်ပဲ။ သူနဲ့ ဆက်ဆံပြီး သားသမီးရနိုင်တဲ့သူပဲ။ အဲဒီ အဖြစ်ကိုရောက်အောင် အကျွန်ုပ်မှာ ရွေးချယ်ရမည့်တာဝန် လည်း ရှိတာပဲ။ အဲဒီယုံကြည်ချက်နဲ့ အကျွန်ုပ်က ရွေးချယ် ဆုံးဖြတ်လိုက်တာနဲ့ အကျွန်ုပ်ဟာ ကျရောက်လာတဲ့ တာဝန်ဝတ္တရားတွေကို ယူရတော့မှာပဲ။ ဒါဟာ မိမိတစ်ဦး တစ်ယောက်တည်းအပေါ် ကျတဲ့ တာဝန်မဟုတ်ဘူး။ လူသားတစ်ရပ်လုံးနဲ့ဆိုင်တဲ့ တာဝန်လို့ ခံယူလိုက်ရတာပဲ ဖြစ်တယ်။ အကျွန်ုပ်ရဲ့ ဆုံးဖြတ်ချက်ကို တွေ့ကြုံ ရှေ့ဖြစ် တန်ဖိုးများမပါဘဲ ရွေးချယ်ဆုံးဖြတ်လိုက်တာ ဖြစ်စေဦးတော့ ဒါဟာ စိတ်ရူးပေါက်ပြီး လုပ်တာတော့ မဟုတ်ဘူးဆိုတာ ထင်ရှားတယ်။ ဒါကို တစ်စုံတစ်ယောက်က ဂိုက်(ဒ်)ရဲ့ (acte gratuit)ဆိုတဲ့ ဓါတ်ပညာသီဝရီကို ပြန်ဖော်တာပဲလို့ စဉ်းစားခဲ့ရင် အကျွန်ုပ်တို့ရဲ့ ဒီသဘောတရားအမြင်နဲ့ ဂိုက်(ဒ်)ရဲ့ သဘောတရားသီဝရီကြားမှာ အကြီးအကျယ်ကွဲ ပြားခြားနားတယ်ဆိုတာ သူမမြင်တတ်လို့ ပြောတာပဲဖြစ် တယ်။ ဂိုက်(ဒ်)ကအခြေအနေ (Situation)ကို ထည့်မတွက် ဘူး။ ဒီတော့ သူ့ရဲ့အပြုအမူဟာ စိတ်ရူးပေါက်ပြီး လုပ်တာ ဖြစ်သွားတာပေါ့။ အကျွန်ုပ်တို့ရဲ့ အမြင်မှာတော့ တစ်နည်း အားဖြင့် ပြောရရင်ဖြင့် လူသားဟာ သူ့ကိုယ်သူ ဖွဲ့စည်း ထားတဲ့ အခြေအနေ တစ်ရပ်ထဲမှာပဲ တွေ့ရတယ်။ အဲဒီ နေသားတကျ စီစဉ်ထားတဲ့ အခြေအနေထဲမှာ သူပါဝင်နေ တယ်။ သူ့ ရွေးချယ်ဆုံးဖြတ်ချက်ထဲမှာလည်း လူသားတစ်

http://www.cherrythitsar.org



ရပ်လုံးပါနေတော့တာပေ့ါ။ ပြီးတော့ သူ့အနေနဲ့ ရွေးချယ်ခြင်းကို ရှောင်ရှားလို့လည်း မရပါဘူး။ သူ့အနေနဲ့ အိမ်ထောင်မပြုဘဲ ကလေးမယူဘဲ နေသည်ဖြစ်စေ၊ အိမ်ထောင်ပြုပေမယ့် ကလေးမယူဘဲ နေသည်ဖြစ်စေ၊ သို့မဟုတ် အိမ်ထောင်ပြုပြီးသား သားသမီးရသည်ဖြစ်စေ၊ တစ်ခုခုတော့ရွေး ချယ်ရမှာချည်းပါပဲ။ ဘယ်ကိစ္စမှာပဲ ဖြစ်ဖြစ် သူ့အခြေအနေ အရ တာဝန်အပြည့် ယူဖို့တော့ မလိုပါဘူး။ သူ့အနေနဲ့ ကြိုတင်စီမံထားတဲ့ တန်ဖိုးသဘောမပါဘဲနဲ့ သူရွေးချယ်ခဲ့တယ်ဆိုတာ သံသယရှိစရာ မလိုပါဘူး။ ဒါပေမယ့် သူ့ကို စိတ်ရှုပ်ပေါက်လို့ ဒီလိုလုပ်တာလို့ စွပ်စွဲရင်တော့ မတရားပါဘူး။ အကျွန်ုပ်အနေနဲ့ ပြောသင့်တာက ကိုယ်ကျင့်တရားနဲ့ပတ်သက်တဲ့ ရွေးချယ်မှုတစ်ခုကို ပြုလုပ်ရတာဟာ အနုပညာလက်ရာတစ်ခုကို ဖန်တီးရတာနဲ့တူတယ်လို့ ဥပမာဆိုကြပါစို့။

ဒါပေမယ့် ဒီနေရာမှာ အကျွန်ုပ်အနေနဲ့ ရသပညာ ကိုယ်ကျင့်တရားတစ်ခုကို ဟောနေတယ်ဆိုတဲ့ဘက်ဆီ လမ်းချော်ပြီး ရောက်မသွားအောင်လည်း ရှင်းရှင်းပြောထားဦးမှ ဖြစ်မယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အကျွန်ုပ်တို့ကို ဆန့်ကျင်တိုက်ခိုက်နေကြသူတွေက အကျွန်ုပ်တို့ကို အပြစ်တင်တဲ့နေရာမှာ ရိုးသားဖြောင့်မတ် ပွင့်လင်းမှုမရှိကြလို့ ပြောထားတာပါ။ ဒီနေရာမှာ အနုပညာ လက်ရာတစ်ခု ဖန်တီးမှုအကြောင်းကို ပြောတာ နှိုင်းယှဉ်တဲ့သဘောနဲ့သာ ပြောတာပါ။ အနုပညာတစ်ခုအကြောင်းကို နားလည်ထား

http://www.cherrythitsar.org



တယ်ဆိုရင် ဒီပန်းချီဆရာဟာ တွေ့ကြုံရှေ့ဖြစ် စည်းမျဉ်း စည်းကမ်းတွေကို မလိုက်နာဘဲ ဒီပန်းချီကားကို ဆွဲတဲ့ အတွက် သူ့ကို အပြစ်တင်ကြပါမလား။ သူ ဘယ်လိုပန်းချီ ကားမျိုးကို ဆွဲသင့်တာပေါ့ဆိုပြီး ပြောလို့ကော ရပ့်ါမလား။ လူတကာသိကြတဲ့အတိုင်း ကြိုတင်ပြီး ဆုံးဖြတ်ထားပြီးသား ပန်းချီကားဆိုတာ ပန်းချီဆရာအတွက် ရေးဆွဲစရာမရှိပါဘူး။ ပန်းချီဆရာက ပန်းချီကားရဲ့ ပေါင်းစပ်စီစဉ်တာကို ပထမစ လုပ်တာပဲ။ ဆွဲသင့်တဲ့ သူ့ပန်းချီကားဟာ သူဆွဲလိုက်တဲ့ သူ့ပန်းချီကားပဲ ဖြစ်သွားတာပါပဲ။ လူတကာ သိကြတဲ့အတိုင်း ရသတန်ဖိုးရယ်လို့ တွေ့ကြုံရှေ့ဖြစ် (apriori)အနေနဲ့လည်း မရှိပါဘူး။ ဒါပေမယ့် ရုပ်ပုံနဲ့ ဆီလျော်လိုက်ဖက်သလို ရေးဆွဲရင်းပဲ ဒီတန်ဖိုးသဘော ပေါ်လာတာပဲဟာ။ ရေးဆွဲပြီး ဖြစ်ပေါ်လာတဲ့ အပြီးသတ်လက်ရာနဲ့ ရေးဆွဲချင်တဲ့ စိတ်ဆန္ဒနှစ်ခုကြား ဆက်စပ်မှုအရ ပေါ်လာတာပဲဟာ။ နက်ဖြန် အနာဂတ်ကာလမှာ ပေါ်လာတဲ့ ပန်းချီလက်ရာမျိုးက တော့ ဘယ်လိုဖြစ်မှာပဲလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။ ပန်းချီကားတစ်ခုရဲ့ လက်ရာပြောင်မြောက်မှုကို အကဲဖြတ် တာကိုလည်း ဒီပန်းချီကား ရေးဆွဲမပြီးမချင်း ဘယ်သူမှ လုပ်လို့ မရပါဘူး။ ဒါနဲ့ ကိုယ်ကျင့်သီလနဲ့ ဘာဆိုင်သလဲ။ အကျွန်ုပ်တို့ဟာလည်း အဲဒီလို ဖန်တီးဆဲ အခြေအနေမှာပဲ ရှိပါသေးတယ်။ အကျွန်ုပ်တို့က အနုပညာလက်ရာတစ်ခု ကို တာဝန်မရှိဘူးလို့ ဘယ်တော့မှ မပြောဘူး။ အကျွန်ုပ် တို့က ပီကာဆိုရဲ့ ကားချပ်တစ်ခုအကြောင်းကို ဆွေးနွေး

http://www.cherrythitsar.org



ကြတဲ့အခါ အကျွန်ုပ်တို့အနေနဲ့ ဒီကားထဲ စီစဉ်တင်ပြထား တာတွေဟာ သူ ဒီပန်းချီကားကို ရေးဆွဲနေစဉ် ဖြစ်ပေါ်လာ တာတွေဆိုတာကို ကောင်းကောင်းနားလည်ပါတယ်။ ပြီး တော့ ဒီပန်းချီကား လက်ရာတွေဟာလည်း သူ့ဘဝရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်တယ်ဆိုတာကို ကောင်းကောင်း သဘောပေါက်တယ်။

ကိုယ်ကျင့်သီလနဲ့ပြောရာမှာလည်း ဒီသဘောနဲ့ ထပ်တူထားပြီး ပြောတာပါ။ ဒီအချက်ဟာ အနုပညာနဲ့ ကိုယ်ကျင့်တရား နှစ်ရပ်စလုံးရဲ့ ဘုံလက္ခဏာပဲ။ နှစ်ခုစလုံး မှာ ဖန်တီးမှုနဲ့ တီထွင်မှု နှစ်မျိုးစလုံးပါတယ်။ ဘာမှမလုပ်ခင် ကတည်းက တွေ့ကြုံရမှုဖြစ် သဘောနဲ့ ဘာဖြစ်သင့်တယ် ဆိုတာ အကျွန်ုပ်တို့ ဆုံးဖြတ်ထားလို့ မရပါဘူး။ ဒီကိစ္စကို အကျွန်ုပ်ပြောပြခဲ့တဲ့ အကျွန်ုပ်ထံရောက်လာတဲ့ လူငယ်ကိစ္စ မှာ ခင်ဗျားတို့ ရှင်းရှင်းနားလည်အောင် ပြည့်ပြည့်စုံစုံ တင်ပြ ခဲ့ပြီးပြီလို့ ထင်ပါတယ်။ သူ ဘယ်ကိုယ်ကျင့်သီလကို အားကိုးရမလဲ၊ ကန့်ပြောတဲ့ သီလဝိနည်းတွေကိုလား။ တခြားလား။ သူ့အနေနဲ့ ဘယ်ကိုယ်ကျင့်သီလကိုမှ လမ်း ညွှန်သဘောတရား လုပ်လို့မရဘူး။ နောက်ဆုံးတော့ သူ လိုက်နာသင့်တဲ့ ကိုယ်ကျင့်ဝိနည်းကို ကိုယ့်ဘာသာတီ ထွင် ရတာပဲ။ ဒီသူငယ် သူ့မိခင်နဲ့အတူနေဖို့ ဆုံးဖြတ်တာ မိခင်ကို ချစ်မြတ်နိုးမှု၊ ပုဂ္ဂိုလ်သံယောဇဉ်နဲ့ ဆုံးဖြတ်တာ ပရိစာဂ စွန့်ကြဲခြင်းကို သူက သူ့ရဲ့ကိုယ်ကျင့်တရား အခြေ သဘောထားပြီး ဆုံးဖြတ်တာကို အကျွန်ုပ်တို့က တာဝန်မဲ့

http://www.cherrythitsar.org



လုပ်တာပဲလို့ မပြောနိုင်ပါဘူး။ သို့မဟုတ် ဒီသူငယ်ဟာ အမျိုးသားရေးအတွက် မိမိနှင့် မိမိရဲ့ မိခင်ရဲ့ ကိုယ်ကျိုးအားလုံးကို စွန့်လွှတ်စွန့်စားပြီးလုပ်ရင် ပိုကောင်းတာပေါ့လို့လည်း မပြောပါဘူး။ လူဟာ သူ့ဘဝကို သူ ဖန်တီးတာပဲ။ သူ့မှာ အဆင်သင့်လုပ်ပြီးသား ဘဝမရှိပါဘူး။ သူ့ရဲ့ကိုယ်ကျင့်သီလနဲ့ သူရွေးချယ်ပြီး သူ့ဘဝကို သူဖန်တီးရတာပါ။ သူ့အနေနဲ့ ကိုယ်ကျင့်တရားတစ်ခုခုကို မရွေးချယ်ဘဲနေလို့တော့မရပါဘူး။ အဲဒါဟာ သူ့အပေါ် ပတ်ဝန်းကျင်ရဲ့ ဖိအားပေးမှုပဲ ဖြစ်တယ်။ ဒါကြောင့်လည်း အကျွန်ုပ်တို့ရဲ့ ရွေးချယ်မှုကို တာဝန်မဲ့ လုပ်ရပ်လို့ ပြောတာဟာ ရယ်စရာကောင်းပါတယ်။ အခြောက်တိုက် ပြစ်တင် ရှုံ့ချတာမျိုးပါ။

ဒုတိယအချက်အနေနဲ့ လူတွေက အကျွန်ုပ်တို့ကို ပြောနေကြတယ်။ 'မင်းတို့က သူတစ်ပါးကို စီရင်ဆုံးဖြတ်လို့မရဘူး'တဲ့။ ဒီစကားဟာ တစ်နည်းကြည့်ရင် မှန်တယ်။ တစ်နည်းကြည့်ရင် မှားပါတယ်။ မှန်တဲ့သဘောကို ပြောရရင် လူတစ်ယောက်အနေနဲ့ သူ့ရဲ့ ရည်မှန်းချက်ကို ဘာပဲရွေးရွေးပြီးတော့ သူ့ရဲ့ခံယူချက်ကလည်း ရှင်းရှင်းလင်းလင်းနဲ့ ရိုးသားဖြောင့်မတ်လို့ရှိရင် အဲဒီရည်ရွယ်ချက်ဟာ ဘာပဲဖြစ်နေဖြစ်နေ သူ့အတွက်တော့ တခြားရည်ရွယ်ချက်တစ်ခုကို ပိုပြီးနှစ်သက်ဖို့ ပိုကြိုက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အကျွန်ုပ်တို့က တိုးတက်ခြင်းဆိုတာကို အယုံအကြည် မရှိဘူးလို့ပြောရင် အဲဒီစကားဟာ မှန်ပါတယ်။ တိုးတက်ခြင်းဆိုတာက ပိုပြီးကောင်းအောင်ပိုပြီး စိတ်တိုင်းကျ ဖြစ်အောင် ဆောင်ရွက်တဲ့

http://www.cherrythitsar.org



သဘောပါတယ်။ ဒါပေမယ့် လူဆိုတာက အမြဲတမ်း ဒီအတိုင်းရှိနေတာပဲ။ အမြဲတမ်းပြောင်းလဲနေတဲ့ အခြေအနေတွေကို ရင်ဆိုင်ရပြီး အဲဒီအခြေအနေထဲမှာပဲ ရွေးချယ်မှုတွေကို တစ်ခုပြီး တစ်ခု လုပ်နေကြတာပဲ။ လူတွေမှာ ကိုယ်ကျင့်တရားပြဿနာက မပြောင်းဘူး။ ဟိုးရှေးရှေးက ကျွန်ဘဝနဲ့ ကျွန်ဘဝကို ဆန့်ကျင်ရေးကြားမှာ ရွေးချယ်နေခဲ့ရတာကစပြီး ပြည်ထောင်စုက ခွဲထွက်ဖို့ စစ်ဖြစ်ခဲ့ကြတာကစပြီး ဥပမာ ယခုခေတ် မျက်မှောက်ကာလမှာ ကွန်မြူနစ်နိုင်ငံထူထောင်မလား၊ ပြည်ထောင်စု သမ္မတနိုင်ငံ ထူထောင်မလားဆိုတဲ့ ကိစ္စတွေအထိ ရွေးချယ်နေရတဲ့ အလုပ်ကိုပဲ လုပ်နေကြရဆဲပဲဟာ။ ဘာများ ထူးပြီးပိုကောင်းလာတာ၊ ပိုတိုးတက်လာတာ ရှိလို့လဲ။

ဒါပေမယ့် ဘယ်လိုပင် ဖြစ်စေကာမူ အကျွန်ုပ်တို့ အနေနဲ့ စီရင်ဆုံးဖြတ်လို့ ရနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကျွန်ုပ်ပြောခဲ့သလို လူတစ်ဦးဟာ သူများအတွက် ရည်ရွယ်ပြီး ရွေးချယ်ရတာရှိသလို သူများအတွက် ရည်ရွယ်ရာမှာပင် ကိုယ့်ကိစ္စကို ဆုံးဖြတ်ရတာမျိုးလည်း ရှိလို့ပဲဖြစ်တယ်။ လူတစ်ယောက်ဟာ စဉ်းစားချင့်ချိန်ပြီး ဆုံးဖြတ်နိုင်ပါတယ်။ ပထမအချက်က ဒီဆုံးဖြတ်ချက်ချတာဟာ တန်ဖိုးဆုံးဖြတ်ချက်တော့ မဟုတ်သေးပါဘူး။ ဒါက ယုတ္တိယုတ္တာပေါ် မူတည်ဆုံးဖြတ်တာကို ပြောတာပါ။ ဒါက တချို့ကိစ္စတွေမှာ ရွေးချယ်မှုကို မှားယွင်းမှုအပေါ်မှာ မူတည်ပြီး လုပ်ရတာလည်းရှိတယ်။ တခြားကိစ္စတွေမှာတော့ မှန်ကန်

http://www.cherrythitsar.org



မှု သစ္စာအပေါ်မှာ အခြေခံပြီး ရွေးချယ်ဆုံးဖြတ်ရတာလည်း ရှိတယ်။ လူတစ်ယောက်ကို ကြည့်ပြီး ဒီလူဟာ သူ့ကိုယ် သူ လိမ်နေတဲ့လူပဲလို့ ပြောပြီး အကဲဖြတ်လည်း ရတယ်။ အကျွန်ုပ်တို့က လူတစ်ယောက်ရဲ့ အခြေအနေကို လွတ်လပ်တဲ့ ရွေးချယ်မှုတစ်ခုပဲလို့ အဓိပ္ပါယ်သတ်မှတ်ခဲ့ပြီး ဖြစ်တာကြောင့်၊ အပြစ်က ခွင့်လွှတ်ပါလို့ တောင်းပန်စရာလည်း မလိုဘူး။ သူတစ်ပါးထံ အကူအညီတောင်းနေစရာလည်း မလိုဘူး။ ဘယ်သူမဆို သူ့ရဲ့ ဆန္ဒရာဂကြောင့် လုပ်ရတာပါလို့ အပြစ်လွတ်အောင် ပြောဆိုလာရင် ဒါမှမဟုတ် ပြဋ္ဌာန်းချက်တစ်ခုခုကို တီထွင်ပြီး အကာအကွယ်ပြုလာရင် အဲဒီလူဟာ မိမိကိုယ်ကို မိမိ လိမ်လည်လှည့်ဖြားနေသူပဲ ဖြစ်တယ်။ ဒီနေရာမှာ တစ်ယောက်ယောက်က ကန့်ကွက်နိုင်တာက 'သူ့ကိုယ်သူ လိမ်လည်ခြင်းကို ဘာဖြစ်လို့ မရွေးချယ်သင့်သလဲ'လို့ မေးချင်မေးမယ်။ သူ့ကိုယ်သူ လိမ်တာကိုပဲ သူကြိုက်လို့ သူ ရွေးချယ်ချင်လည်း ရွေးချယ်မှာပေါ့လို့ ပြောကောင်းပြောမယ်။

ဒါကို အကျွန်ုပ် ပြန်ဖြေပါမယ်။ ဒီလူကို ကိုယ်ကျင့်တရားအရ ကျွန်တော်က အကဲဖြတ်တာ စီရင်ဆုံးဖြတ်ချက်ချတာ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့ကိုယ်သူ လိမ်လည်လှည့်ဖြားတာဟာ အမှားတစ်ခု ကျူးလွန်ခြင်းဖြစ်ကြောင်းကိုသာ အကျွန်ုပ်က အဓိပ္ပါယ်ဖွင့်ဆိုပြတာပါ။ ဒီနေရာမှာ လူတစ်ယောက်အနေနဲ့ မှန်ရာကို ပြောဆိုဖို့ကို ရှောင်ရှားချင်ရင် ရှောင်ရှားလို့လည်း ရပါတယ်။ ကိုယ့်ကိုယ်ကို လိမ်လည်

http://www.cherrythitsar.org



လှည့်ဖြားတာကတော့ အမှားတစ်ခု ဖြစ်ကြောင်းထင်ရှားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုလုပ်တာဟာ လူသားရဲ့ လုံးဝလွတ်လပ်တဲ့ ခံယူချက်ရှိနိုင်တဲ့ သဘောကို ပရိယာယ်ဉာဏ်ဆင်ပြီး ဟန်ဆောင်လို့ပဲ ဖြစ်တယ်။

ဒီအဆင့်မှာပဲ တချို့သော တန်ဖိုးတွေဟာ မလွဲသာမရှောင်သာတာဝန်ရှိလာတာတွေ ဖြစ်တယ်လို့ အက္ကျန့်ပ်က ကြေညာဖို့ ရွေးချယ်ဆုံးဖြတ်ခဲ့ရင် အဲဒါလည်း ကိုယ့်ကိုယ်ကို လိမ်တာပဲ လှည့်ဖြားတာပဲ ဖြစ်တယ်လို့ အက္ကျန့်ပ်က ပြောပါတယ်။ အက္ကျန့်ပ်က ဒီတန်ဖိုးတွေကို ဆန္ဒရှိပြီး လိုလားပြီး၊ ဒါတွေကြောင့် ကျုပ်မှာ တာဝန်ရှိလာရတာလို့ ပြောရင် အဲဒါကို ကိုယ့်ဘာသာ ဝိရောဓိဖြစ်တာ ဖြစ်တယ်။ ရှေ့နောက်စကား မညီတာဘဲ ဖြစ်တယ်။

တကယ်လို့ တစ်ယောက်က အက္ကျန့်ပ်ကို 'ကဲ ဒါဆို ငါ့ကိုငါ လိမ်ချင်တဲ့ဆန္ဒရှိတယ်၊ ရှိလို့ လိမ်တာဆိုရင်ကော'လို့ မေးချင်မေးမယ်။ ဒီနေရာမှာ ကိုယ့်ဆန္ဒနဲ့ ရွေးချယ်တဲ့ သဘောပါတယ်။ ဒါဆိုရင် အက္ကျန့်ပ်က ဒီလိုဖြေမယ်။ 'ဟုတ်တယ် ... ခင်ဗျားအနေနဲ့ ဒီလို ကိုယ့်ဆန္ဒနဲ့ကိုယ် မလုပ်သင့်ဘူးလို့ ပြောစရာအကြောင်းတော့မရှိဘူး။ ဒါပေမယ့် အက္ကျန့်ပ်ကတော့ ခင်ဗျားဟာ ကိုယ့်ကိုယ်ကို လိမ်နေတဲ့လူလို့ လူသိရှင်ကြားပြောမှာပဲ။ ဒီတော့ကာ တိကျတဲ့ ရှေ့နောက်ညီခြင်း သဘောထားဟာ ကောင်းမြတ်တဲ့ ယုံကြည်ချက်တစ်ခုပဲဆိုတာ ပေါ်တာပေါ့'။ ဒီပြင်လည်း ရှိသေးတယ်။ အက္ကျန့်ပ်က ကိုယ်ကျင့်တရားဆိုင်ရာ စီရင်

http://www.cherrythitsar.org



ဆုံးဖြတ်ချက်လည်း ချနိုင်သေးတယ်။ ဘာကြောင့်လဲဆို တော့ တိကျတဲ့ ပတ်ဝန်းကျင်အခြေအနေတစ်ခုမှာ လွတ်လပ်ခြင်းမှာ လွတ်လပ်ဖို့ကလွဲပြီး ဘာရည်ရွယ်ချက် ဘာပန်းတိုင်မှ မရှိပါဘူး။ ဒီတော့ လူတစ်ယောက်ဟာ ဒီလွတ်လပ်ခြင်းရဲ့ တန်ဖိုးသဘောဟာ စွန့်ပယ်ခြင်းခံရတဲ့အခါ သူ့အပေါ် ကျရောက်တယ်ဆိုတာကို သိမြင်တဲ့ အခါကျရင် သူ့မှာ ဆန္ဒပြုရွေးချယ်စရာ တစ်ခုပဲ ကျန်တယ်။ အဲဒါက ဘာလဲဆိုတော့ 'လွတ်လပ်ခြင်း'ပဲ။ အဲဒီ လွတ်လပ်ခြင်းကိုပဲ တန်ဖိုးများရဲ့ အခြေခံအုတ်မြစ်အဖြစ် သဘောထားရမှာပဲ။ ဒါက သူဟာ လွတ်လပ်ခြင်းဆိုတဲ့ သဘောကို စိတ္တဇသဘောတရားကိုယ်(abstract)သဘောမျိုးနားလည်ပြီး ဆန္ဒပြုရမယ်လို့ဆိုလိုတာ မဟုတ်ဘူး။ ကောင်းမြတ်တဲ့ ယုံကြည်ချက်သဒ္ဓါတရားရှိသူတစ်ဦးအနေနဲ့ အဆုံးစွန်အကျိုးပြုမှုသဘောအရ လွတ်လပ်ခွင့်ကို ရှာရမယ်ဆိုတဲ့ သဘောနဲ့ပြောတာသာဖြစ်တယ်။

ကွန်မြူနစ်ပါတီဝင်တစ်ဦး သို့မဟုတ် တော်လှန်ရေးသမားတစ်ဦးအနေနဲ့ တိကျတဲ့ ရည်မှန်းချက်အတွက် ဆန္ဒပြုတာရှိမယ်။ ဒါဟာ လွတ်လပ်မှုကို ဆန္ဒပြုတာပဲဖြစ်တယ်။ ဒါပေမယ့် အဲဒီလွတ်လပ်ခွင့်ဟာ အဖွဲ့အစည်းရဲ့ ဆန္ဒပြုမှုပဲ ဖြစ်တယ်။ အကျွန်ုပ်တို့အနေနဲ့ 'လွတ်လပ်ခွင့်ဟာ လွတ်လပ်ခွင့်အတွက်ပဲ'" Freedom for Freedom sake" လို့ဆန္ဒပြုချင်လည်း ပြုနိုင်တယ်။ ပြီးတော့ သီးခြားအခြေအနေတစ်ခုအတွင်း (ထိုအခြေအနေ တစ်လျှောက်) မှာ

http://www.cherrythitsar.org



ဒီဆန္ဒပြုမှုကို ပြုနိုင်တယ်။ ပြီးတော့ ဒီလို လွတ်လပ်လိုမှုဆန္ဒဟာလည်း သူတစ်ပါးရဲ့ လွတ်လပ်ခွင့်အပေါ်မှာ တည်နေတယ်ဆိုတာကိုလည်း တွေ့လာနိုင်တယ်။ ဒီလိုနဲ့ သူတစ်ပါး(အခြားလူများရဲ့) လွတ်လပ်ခွင့်ဟာလည်း အကျွန်ုပ်တို့ရဲ့ လွတ်လပ်ခွင့်အပေါ် အပြန်အလှန်အားဖြင့် တည်နေပြန်တယ်။ အမှန်ကတော့ လွတ်လပ်ခွင့်ဆိုတဲ့ စကားဟာ လူတစ်ယောက်အနေနဲ့ တစ်ပါးသူအပေါ် အမိုအခိုကင်းရှင်းတဲ့ အနက်အဓိပ္ပါယ်ဖြစ်တော့ကာ ဒါပေမယ့် ခံယူချက်တစ်ခုရှိလာတာနဲ့ တစ်ပြိုင်နက် အကျွန်ုပ်အနေနဲ့ သူများရဲ့ လွတ်လပ်ခွင့်ကိုလည်း မိမိလွတ်လပ်ခွင့်လိုပဲ ဆန္ဒပြုဖို့တာဝန် တစ်ပြိုင်နက်ရှိလာတာတွေ့ရတယ်။ အကျွန်ုပ်အနေနဲ့ မိမိရည်မှန်းချက်ကို လွတ်လပ်အောင် လုပ်ချင်ရင် တခြားလူများရဲ့ ဆန္ဒကိုလည်း မိမိနှင့်အလားတူ လွတ်လပ်မှုရှိအောင် မလုပ်ဘဲနဲ့ လုပ်လို့ မရပါဘူး။ အဆုံးမှာတော့ အကျွန်ုပ်အနေနှင့် လူသားရဲ့ ဖြစ်တည်ခြင်းက လူသားရဲ့ အနှစ်သာရထက် အရင်ဖြစ်တယ်ဆိုတဲ့ သဘောတရားကို လုံးဝခိုင်မာတယ်၊ ယုံကြည်လောက်တယ်လို့ ယူဆလို့ရှိရင် ပြီးတော့ ဒီလူသားဟာ ဘယ်ပတ်ဝန်းကျင် အခြေအနေမှာပဲဖြစ်ဖြစ် သူ့ရဲ့ လွတ်လပ်ခွင့်ကို ဆန္ဒပြုမှာပဲဆိုလို့ရှိရင် တစ်ချိန်တည်းမှာပဲ အကျွန်ုပ်အနေနှင့် တခြားသူများရဲ့ လွတ်လပ်ခွင့်ကိုပါ ဆန္ဒပြုနိုင်မှာ မဟုတ်တော့ဘူး။

ဤနည်းအားဖြင့် အကျွန်ုပ်အနေနဲ့ အဲဒီလွတ်လပ်လိုမှု ဆန္ဒကို အကြောင်းပြုပြီး အဲဒီဆန္ဒက လွတ်လပ်ခြင်းကို

http://www.cherrythitsar.org



ပဲ ဆိုလိုတာပါ။ သူတို့ကိုယ် သူတို့ ဆန္ဒအလျောက်သာ ဖြစ်တည်နေရခြင်းနှင့် ၎င်းရဲ့ လုံးဝလွတ်လပ်ခြင်းသဘောကို ဖုံးကွယ်ချင်တဲ့ လူတွေကို အကျွန်ုပ်က အဆုံးအဖြတ်ပေးနိုင်တယ်။ ဒီအလုံးစုံ လွတ်လပ်ခြင်းသဘောက ကိုးကွယ်ဝတ်ပြုခြင်းကို အကာအကွယ်ယူပြီး ဖြစ်ဖြစ်၊ ဘုရားသခင်ရဲ့ ကြိုတင်ပြဌာန်းထားတဲ့ အလိုတော်အတိုင်း၊ ကံရှိတဲ့အတိုင်း ဆိုပြီး ဟန်ဆောင်ဖုံးကွယ်ချင်သူတွေကို အကျွန်ုပ်ကတော့ သူရဲဘောကြောင်သူတွေ သတ္တိမရှိတဲ့လူတွေလို့ ခေါ်ချင်တယ်။ တခြားလူတွေ သူတို့ကိုယ်သူတို့ သူတို့ ဖြစ်တည်လာရတာ၊ ကိုယ့်ဆန္ဒအရဖြစ်လာရတာ မဟုတ်ဘူး။ မလွဲမရှောင်သာလို့ ဖြစ်ထိုက်လို့ ဖြစ်လာရတာလို့ ဟန်ပြချင်သူတွေကို(ကမ္ဘာပေါ်မှာ သူတို့ ဖြစ်လာတာ မတော်တဆတိုက်ဆိုင်လို့ ဖြစ်လာရတာ ဖြစ်လျက်နဲ့) အဲဒီလို လူတွေကိုတော့ အကျွန်ုပ်က လူညံ့တွေ၊ အမှိုက်သရိုက်တွေလို့ပဲ ခေါ်ချင်တယ်။ ဒါပေမယ့် သူရဲဘောကြောင်သူတွေနဲ့ လူယုတ် လူညံ့ လူ့အမိုက် နှစ်မျိုးစလုံးကို တိကျတဲ့ သက်သေအထောက်အထား အခိုင်နဲ့ပြတာကလွဲလို့ ထင်ရှားအောင်မပြနိုင်ဘူး။ ဤအတိုင်းပဲ ကိုယ်ကျင့်တရားဆိုင်ရာ အကြောင်းအရာတွေက ထွေပြားသော်လည်း ဒီကိုယ်ကျင့်တရားတစ်စုံတစ်ရာကတော့ တစ်လောကလုံးမှာ တွေ့ရတတ်ပါတယ်။ ကန့်က ပြောတာက လွတ်လပ်ခြင်းဟာ ဆန္ဒဖြစ်တယ်။ သူ့အတွက်ရော၊ တခြားသူများရဲ့ လွတ်လပ်ခွင့်အတွက်ရော ဖြစ်တယ်လို့ ကြေညာခဲ့တယ်။ ဟုတ်တယ်။ ဒါပေမယ့်

http://www.cherrythitsar.org



သူက ကိုယ်ကျင့်တရားကို ဖွဲ့စည်းဖို့အတွက် ဖြစ်ရိုးဖြစ်စဉ် သဘော၊ တစ်လောကလုံးနဲ့ စပ်ဆိုင်တဲ့ သဘောရှိရင် လုံလောက်တယ်လို့လည်း ယူဆခဲ့တယ်။ အကျွန်ုပ်တို့က အခြားတစ်နည်း စဉ်းစားတာက ဒီတရားကိုယ်သဘောဟု သဘောသက်သက်ဟာလည်း ကံတွေကို အဓိပ္ပါယ်သတ်မှတ်ဖွယ်ရာမှာတော့ ပြိုပျက်ကုန်တယ်လို့ ယူဆတယ်။ ကိုယ်ကျင့်တရားဝိနည်းဆိုင်ရာ ရွေ့စည်းမျဉ်းတွေအရ ပြောရရင် သူ့အနေနဲ့ လုံးဝစိတ်အေးချမ်းသာစွာနဲ့ အဆုံးအဖြတ်ပေးနိုင်မယ်လို့ ခင်ဗျားတို့ ထင်သလား။ ဟိုသူငယ် အနေနဲ့ သူ့အမေကို စွန့်ပယ်ပြီး သွားမလား၊ အမေ့အနား မှာပဲ ဆက်နေမလားဆိုတာကို ဆုံးဖြတ်ရေးမှာ ဒီဝိနည်း စည်းကမ်းတွေကို သုံးပြီး ဒီသူငယ်ဆုံးဖြတ်နိုင်မလား။

ဒီနေရာမှာ စီရင်ဆုံးဖြတ်စရာ နည်းလမ်းမရှိဘူး။ အကြောင်းအရာက အမြဲတမ်း စုပေါင်းဖြစ်ပွားတဲ့အရာဖြစ် တယ်။ ဒါကြောင့် ကြိုတင်ပြီး ဟောကိန်းထုတ်လို့မရဘူး။ အဲဒါကို အမြဲတမ်း တီထွင်ဆန်းသစ်နေရတယ်။ ပြောနိုင်တာ တစ်ခုက တီထွင်မှုကိုလုပ်တဲ့အခါ လွတ်လွတ်လပ်လပ်လုပ်နိုင် ရဲ့လား ဆိုတာ သိဖို့ပဲ ဖြစ်တယ်။

ဥပမာအားဖြင့် အောက်ပါ ကိစ္စနှစ်ခုကိုပဲ စီစစ်ကြည့်ကြပါစို့။ ကွဲပြားခြားနားတာတွေရှိသော်လည်း သူတို့ချင်း ဘယ်လောက်တူညီနေကြတယ်ဆိုတာကို ခင်ဗျားတို့ တွေ့ကြရမှာပါ။ ဆိုကြပါစို့The Mill on the Floss ဆိုတဲ့ ဝတ္ထုကို အရင်ကြည့်ရအောင်။ အဲဒီအထဲပါတဲ့ ဇာတ်ကောင်

http://www.cherrythitsar.org



အမျိုးသမီးကလေး မဂ္ဂီကျူလီဗာ၊ သူမဟာ စွဲမက်စရာ ကောင်းတဲ့ ရုပ်ဆင်းအင်္ဂါရှိတယ်။ သူ့မှာ ယောကျ်ားသား များ တပ်မက်လောက်တဲ့ ရုပ်သွင် လက္ခဏာရှိတယ်ဆိုတာ ကိုလည်း သူ့ကိုယ်သူ သိနေတယ်။ သူမဟာ စတက်ဖင် ဆိုတဲ့ ကောင်လေးတစ်ယောက်နဲ့ ချစ်ကြိုက်နေတယ်။ ကောင်ကလေးက တခြား မိန်းကလေးတစ်ယောက်နဲ့ စေ့ စပ်ထားတဲ့သူ ဖြစ်တယ်။ ကောင်လေးနဲ့ စေ့စပ်ထားတဲ့ ကောင်မလေးကတော့ ရှက်ကြမ်းရေကျို၊ ဘာမှ ထူးခြားမှု မရှိတဲ့ သိမ်သိမ်နုတ်နုတ် မိန်းကလေးတစ်ယောက်ပဲ။ ဒီမဂ္ဂီ ကျူလီဗာဟာ သူရဲ့ မိမိစိတ်ချမ်းသာမှုကို သတိလက်လွတ် မရ ရအောင် ယူရမည့်အစား လူသားချင်း စာနာတဲ့ သဘောနဲ့ သူ့အချစ်ကို သူ အနစ်နာခံပြီး သူချစ်တဲ့ စတက်ဖင်ကို လက်လျှော့အဆုံးအရှုံးခံပစ်လိုက်တယ်။ တခြားတစ်ဖက်မှာတော့ စတင်းဟောရဲ့Chartreuse de Parme ဝတ္ထုထဲက လားဆန်စီဗာရီနားကတော့ ယောကျ်ား မှာ တပ်မက်တဲ့ စိတ်ဟာ တန်ဖိုးပဲလို့ယုံကြည်ပြီး ချစ်လွန်း တာဟာ အနစ်နာခံတာပဲလို့ ကြွေးကြော်ရင်း အရိုးခံအိမ် ထောင်ပြုချင်တဲ့ ချစ်စိတ်ကို ပိုပြီး နှစ်သက်ရမယ်ဆိုပြီး သူနဲ့ စေ့စပ်ထားတဲ့ကောင်ကလေးကို လျစ်လျူရှုပစ်လိုက်တယ်။ ဒုတိယကိစ္စမှာ မိမိရဲ့ ပျော်ရွှင်မှုကို သိလျက်နဲ့ အနစ်နာခံဖို့ ရွေးချယ်ဆုံးဖြတ်လိုက်တာဟာ စတင်းဟော ပြထားသလို သူမကလည်း သူ့ဘဝရဲ့တောင်းဆိုချက်အရ တပ်မက်တဲ့ ရာဂစိတ်နဲ့ပဲ စေ့စပ်ထားသူကို အနစ်နာခံဖို့ ဆုံးဖြတ်လိုက်

http://www.cherrythitsar.org



တာပဲတဲ့။ ဒီနေရာမှာ အကျွန်ုပ်တို့ဟာ လုံးဝဆန့်ကျင်ဘက်ဖြစ်နေတဲ့ ကိုယ်ကျင့်တရားနှစ်ခုကို တွေ့ရတယ်။ ဒါပေမယ့် အကျွန်ုပ်ကတော့ ဒီနှစ်ခုဟာ သဘောချင်းအတူတူပဲလို့ ပြောချင်တယ်။ ဘာကြောင့်လဲဆိုတော့ ကိစ္စနှစ်ရပ်လုံးမှာ ပယ်ဖျက်ပစ်တဲ့ ရည်ရွယ်ချက်ဟာ လွတ်လပ်ခြင်းပဲ ဖြစ်လို့ဖြစ်တယ်။ သဘောထားနှစ်ခုစလုံးဟာ အကျိုးရလာဒ်ချင်းအတူတူပဲဆိုတာကို ခင်ဗျားတို့ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ တစ်ယောက်ကတော့ ကိုယ့်ချစ်သူကို လက်လျှော့လိုက်ပြီး နောက်တစ်ယောက်ကတော့ ရာဂစိတ်ကို ဖြည့်ဆည်းချင်တာကြောင့် အစက စွဲစပ်ထားတဲ့ ချစ်သူကို လျစ်လျူရှုပစ်လိုက်တယ်။ အပြင်ပမ်းအားဖြင့်တော့ အကျွန်ုပ်တို့ ဖော်ပြခဲ့သလို ကိစ္စနှစ်ခုဟာ ကိုယ့်ချစ်သူကို စွန့်လွှတ်လိုက်တာချည်းဖြစ်လို့ အတူတူပဲလို့ ထင်ရတယ်။ ဒါပေမယ့် တကယ်တမ်းအတွင်းကျကျပြောရရင်တော့ လုံးဝခြားနားကြပါတယ်။ လားဆန်ဆီဗရီးနားဟာ မဂ္ဂီကျူလီဗန်ထက် သတိမရှိတဲ့ ရာဂလောဘစိတ်ဘက်ကို ပိုပြီး နီးစပ်ပါတယ်။

ဒါကြောင့်မို့ ခင်ဗျားတို့ သိကြတဲ့အတိုင်း ဒုတိယကန့်ကွက်ချက်ဟာ တစ်ပြိုင်နက်တည်း မှန်လည်းမှန်တယ်။ မှားလည်းမှားတယ်။ လူတစ်ယောက်ဟာ လွတ်လပ်တဲ့ခံယူမှုအပေါ်တည်ပြီး၊ ဘယ်ကိစ္စမဆို ကြိုက်သလို ရွေးချယ်နိုင်တယ်ဆိုတာ တွေ့ကြတယ်မဟုတ်လား။

တတိယ ကန့်ကွက်ချက်ကို ပြောရရင် 'တစ်ဖက်ကလက်နဲ့ မင်းပေးတာကို နောက်လက်တစ်ဖက်နဲ့ ပြန်ယူနေ

http://www.cherrythitsar.org



တာပဲ’လို့ ပြောကြတာပဲ။ နောက်ဆုံးပိတ် အောက်ထစ်ဆုံး ဆိုလိုချင်တာက ‘ခင်ဗျားရဲ့ တန်ဖိုးထားမှုဟာ ခင်ဗျားကိုယ်တိုင် ရွေးချယ်ခဲ့တာ ဆိုပေမယ့် လေးနက်မှု မရှိဘူး’ဆိုတဲ့ သဘောပါပဲ။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အကျွန်ုပ်အနေနဲ့ ပြောရရင်ဖြင့် ဒီလိုဖြစ်ရတာ ကျွန်တော်ဝမ်းနည်းပါတယ်ပဲ ပြောရတော့မယ်။ သို့မဟုတ် အကျွန်ုပ်အနေနဲ့ အဖဘုရားသခင်ကို ဖယ်ထားခဲ့ရင် တန်ဖိုးတွေကို ဖန်ဆင်းဖို့အတွက် နောက်တစ်ယောက်ကို ရှာရဦး။ အကျွန်ုပ်တို့အနေနဲ့ အရာရာကို အရှိအတိုင်းပဲ လက်ခံရမှာပါ။ ပြီးတော့ ပြောရဦးမယ်ဆိုရင် အကျွန်ုပ်တို့ကပဲ တန်ဖိုးတွေကို တီထွင်ဖန်ဆင်းတာပါလို့ ပြောတာဟာ ဒီသဘောကို ပြောတာပါ။ (အဖဘုရားမရှိရင် တန်ဖိုးတွေကို တီထွင်ဖန်ဆင်းတာဟာ လူပဲပေါ့) ဘာဖြစ်လို့လဲဆိုတော့ တန်ဖိုးတွေဟာ တွေ့ကြုံရှေ့ဖြစ် apriori သဘောအဖြစ်နဲ့ ကောင်းကင်ဘုံမှာ တည်နေကြတာ မှ မဟုတ်ဘဲနဲ့ ဘဝထဲမှာလည်း တွေ့ကြုံရှေ့ဖြစ်သဘောလို့မှ မရှိဘဲနဲ့။ ဘဝဆိုတာကလည်း အသက်ရှင်မနေသေးသရွေ့ ဘာမှမှ မဖြစ်သေးတာပဲ။ ခင်ဗျားက လုပ်တော့မှပဲ ဘဝဆိုတဲ့ အဓိပ္ပါယ်က ဖြစ်လာတာပဲဟာ၊ ပြီးတော့ ဘဝတန်ဖိုးဆိုတာကလည်း ခင်ဗျားက ရွေးချယ်မှပဲ ဖြစ်တည်လာတဲ့သဘောပဲ၊ ခင်ဗျားက မရွေးချယ်ခင်က တန်ဖိုးဆိုတာ ဘာမှ မဟုတ်သေးတာပဲ။ ဒါကြောင့် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးနိုင်တဲ့ အခွင့်အရေး ရှိတယ်ဆိုတာကို ခင်ဗျားတို့ မြင်နိုင်ပါတယ်။ အကျွန်ုပ်က ဖြစ်တည်ခြင်း ပဓာနဝါဒဟာ

http://www.cherrythitsar.org



လူသားပဓာနဝါဒပဲလို့ပြောတော့ အကျွန်ုပ်တို့ကို ပြစ်တင်ဝေဖန်ကြပါတယ်။ လူတွေက အကျွန်ုပ်ကို ပြောကြတယ်။ ‘ဒါပေမယ့် ခင်ဗျားက ခင်ဗျားရေးခဲ့တဲ့ Nausee ဝတ္ထုစာအုပ်ထဲမှာ လူသားပဓာနဝါဒ သမားတွေဟာ မှားတတ်တယ်ဆို၊ တချို့ လူသားပဓာန ဝါဒီမျိုးတွေကိုတောင် ခင်ဗျားက ပြက်ရယ်ပြုထားသေးတယ်။ ခုမှ ခင်ဗျားက ဘာဖြစ်လို့ လူသားပဓာနဝါဒီဆီ နောက်ကြောင်းပြန်နေရပြန်တာလဲ’ တဲ့။ အမှန်ကိုပြောရရင် လူသားပဓာနဝါဒဆိုတဲ့ စကားမှာ အင်မတန် ကွဲပြားခြားနားတဲ့ အဓိပ္ပါယ်နှစ်မျိုးရှိတယ်။ အဓိပ္ပါယ်တစ်မျိုးကတော့ လူသားပဓာနဝါဒဟာ လူကို ပန်းတိုင် (ဝါ) ရည်မှန်းချက်အဆုံးထားတယ်။ လူကို ဘာအတွက်မှ အသုံးချခံမလုပ်ရဘူး။ ကျန်တာအားလုံးကို သာလူသားအတွက် အသုံးချရမယ် (man as the end in itself) ဖြစ်တယ်လို့ သဘောထားတယ်။ လူသာလျှင် တန်ဖိုးအားလုံးထက် အမြင့်ဆုံးအမြတ်ဆုံး တန်ဖိုးဖြစ်တယ်လို့ သဘောထားတာ ဖြစ်တယ်။ ဒီလို လူသားပဓာနဝါဒဟာ ဥပမာ– ကော့ကတူးရဲ့ ဝတ္ထုဇာတ်လမ်း Round the World in 80 Hours (နာရီ ၈၀ ကြာ ကမ္ဘာတစ်ပတ်)မှာ ပါဝင်တဲ့ သဘောဖြစ်တယ်။ အဲဒီဝတ္ထုထဲက ဇာတ်ကောင်တစ်ကောင်က ထုတ်ဖော်ပြောဆိုတာ ဘာကြောင့်ပြောတာလဲဆိုတော့ သူက လေယာဉ်ပျံနဲ့ တောင်တွေပေါ်ကို ကျော်ဖြတ်ပြီးကမ္ဘာကိုပတ်တာကိုး။ သူက ပြောတယ်။ ‘လူသားဟာ ကြီးကျယ်မြင့်မြတ်လိုက်တာ’ တဲ့။ ဒီစကားရဲ့ အဓိပ္ပါယ်ရောက်ပုံက

http://www.cherrythitsar.org



အကျွန်ုပ်ကိုယ်တိုင်ကတော့ လေယာဉ်ပျံကို တီထွင်ခဲ့တာ မဟုတ်ပေမယ့် အကျွန်ုပ်မှာလည်း ဒီလေယာဉ်ပျံတီထွင်မှုရဲ့ ကျေးဇူးကို ခံစားရတယ်။ ဒါကြောင့် လူသားတစ်ယောက်အနေနဲ့တော့ ဒီလေယာဉ်ပျံကို တီထွင်ခဲ့မှုအတွက် တာဝန်ရှိတယ်။ ဂုဏ်ယူထိုက်တယ်။ ဒါဟာ လူသားတစ်ရပ်လုံးရဲ့ စွမ်းဆောင်အောင်မြင်မှုတစ်ရပ်ပေပဲကိုး။ ဒါဟာ လူသားတစ်ယောက်ရဲ့ ပြောင်မြောက်လှတဲ့ လုပ်ဆောင်ချက်ကြောင့် လူသားအားလုံးကို တန်ဖိုးဖြတ်လို့ရတဲ့ သဘောပါပဲ။ ဒီလိုမျိုး လူသားဝါဒကတော့ ရယ်စရာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခွေးတွေ မြင်းတွေကလည်း လူသားတွေကို အကဲဖြတ်ပြီး 'လူသားတွေက ကြီးကျယ်လိုက်တာ'လို့ ထုတ်ဖော်ပြောဆိုရင်တောင် ရတာပဲဟာ။ ခွေးတွေ မြင်းတွေထဲမှာတော့ ဒီလိုရူးကြောင်ကြောင် ဝါကြွားပြောဆိုတဲ့ အကောင်မျိုး ရှိဖူးတယ်လို့တော့ အကျွန်ုပ်မကြားဖူးသေးဘူး။ ဒါပေမယ့် လူလူချင်းလည်း ဒီလိုဂုဏ်မြောက်ပြောဆိုတာမျိုးဟာ မသင့်တဲ့ကိစ္စပါ။ ဖြစ်တည်ခြင်းပဓာနဝါဒမှာ ဒီလို ဘုတ်ကိုကျီးကမြှောက်၊ ကျီးကို ဘုတ်ကမြှောက်မျိုးတော့ ကင်းပါတယ်။ ဖြစ်တည်ခြင်း ပဓာနဝါဒကတော့ ဘယ်သောအခါမှ လူသားကို ရည်မှန်းချက် အဆုံးပန်းတိုင်အဖြစ် မသတ်မှတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူကိုလည်း အကဲဖြတ်ရဦးမှာ ဖြစ်လို့ အဆုံးအဖြတ်ပေးရဦးမှာမို့ပါ။ ပြီးတော့ အကျွန်ုပ်တို့အနေနဲ့ လူသားကို ကိုးကွယ်စရာအယူဝါဒမျိုးဖြစ်အောင် လုပ်ခွင့်မရှိလို့ပဲ ဖြစ်ပါ

http://www.cherrythitsar.org



တယ်။ (a cult of humanity)ကို ပြောတာပါ။ ဒီလိုအယူမျိုး ကို ဩဂတ်တီ ကွမ်တီ (Auguste Comte) ရဲ့ အတွေး အခေါ်မှာ တွေ့ရတယ်။ လူသားကို ဘုရားလို ကိုးကွယ်စရာ လုပ်တဲ့ အယူဟာ ကွန်တီရဲ့ လူသားပဓာနဝါဒမှာ အဆုံး သတ်တယ်။ ကိုယ့်ကိုယ်ကို တံခါးပိတ်ထားတဲ့ဝါဒ၊ ဒါဟာ ဖက်ဆစ်ဝါဒတစ်မျိုးပဲဖြစ်တယ်လို့ ပြောလို့ရတယ်။ ဒီလို လူသား ပဓာနဝါဒမျိုးကိုတော့ အကျွန်ုပ်တို့က မနှစ်သက်ပါ ဘူး။

ဒါပေမယ့် လူသားပဓာနဝါဒမှာ နောက်အဓိပ္ပါယ်တစ် မျိုး ရှိသေးတယ်။ အဲဒီ အယူဝါဒရဲ့ အခြေခံကျတဲ့ အဓိပ္ပါယ် ဆိုလိုရင်းက ဒီလိုပါ။ လူဟာ အမြဲတမ်း သူ့ကိုယ်ရဲ့အပြင် ဘက်မှာ ဖြစ်တည်နေတာ ဖြစ်တယ်။ အဲဒါက လူသာ သူ့ကိုယ်ကို ကျော်လွန်ပြီး စီမံဆောင်ရွက်မှုတွေလုပ်လိုက် ဆုံးရှုံးသွားလိုက်နှင့်ပဲ သူ့ကိုယ်သူ ဖြစ်တည်နေအောင်လုပ် ရတာပါ။ ပြီးတော့ တစ်နည်းအားဖြင့်ဆိုရရင် သူဟာ လောကီကိစ္စတွေကို ကျော်လွန်ပြီး လောကုတ္တရာ ရည်မှန်း ချက်တွေကို လိုက်စားရင် သူကိုယ်တိုင် ဖြစ်တည်နေနိုင်မှာ တွေကို ကြံရွယ်လုပ်ဆောင်နေရသူသာ ဖြစ်တယ်။ ဒီလို နဲ့ပဲ လူဟာ ကိုယ့်ကိုယ်ကို ကျော်ဖြတ်ဖို့လုပ်ရင်း သူ့ကိုယ် သူ ကျော်ဖြတ်သွားနိုင်ရေးနဲ့ ဆက်စပ်တာတွေကို ဆုပ်ကိုင် ရင်းပဲ သူဟာ သူ့ကိုယ်သူ လွန်မြောက်ရေးကို ဆောင်ရွက် နိုင်တဲ့ ဗဟိုချက်မဏ္ဍိုင် ဖြစ်လာရတာပါ။ လူသားရဲ့ စကြာဝဠာ လောကကလွဲပြီး ဘယ်စကြာဝဠာလောကမှ မရှိပါဘူး။

http://www.cherrythitsar.org



လူသားရဲ့ စကြာဝဠာဆိုတာကလည်း သူ့ရဲ့စိတ်ဆန္ဒရပ်ဝန်း ကို ပြောတာပါ။ ဒီလို လောကုတ္တရာရေး ဆက်နွှယ်မှုဟာ လူသားရဲ့ အဓိကကျတဲ့ လိုအပ်ချက်ဖြစ်တယ်။ (လောကုတ္တရာဆိုတာ ထာဝရ ဘုရားရှိနေတဲ့သဘောကို ပြောတာ မဟုတ်ဘူး။ မိမိကိုယ်ကို မိမိလွန်မြောက်အောင် လုပ်ခြင်း သဘောကို ပြောတာပါ)မိမိကိုယ်ကို မိမိလွတ်မြောက်အောင် မိမိစိတ်ဆန္ဒနဲ့ လုပ်တာဖြစ်လို့ ဒီသဘောမှာ လူသားကို မိမိကိုယ်ကို မိမိပိတ်ဆို့ထားတာ မဟုတ်တော့ဘဲ ထာဝရ လူသားစကြာဝဠာကြီးထဲမှာ ဖြစ်တည်နေတာ ဖြစ်တယ်) အဲဒီသဘောကိုသာ အကျွန်ုပ်တို့က ဖြစ်တည်ခြင်းပဓာနဝါဒ ရဲ့ လူသားပဓာနဝါဒ(Existential Humanism)လို့ခေါ်တာပါ။ အဲဒီ လူသားပဓာနဝါဒ(Humanism)ပါပဲ။ ဘာဖြစ်လို့လဲဆို တော့ အကျွန်ုပ်တို့ဟာ လူသားဘဝနဲ့ ဖြစ်တည်ဆဲဖြစ်ပြီး သူ့ကိုယ်သူပဲ စီမံသူဖြစ်တယ်။ တခြားက စီမံပြဋ္ဌာန်းသူ ဘယ်မှာမှ မရှိဘူး။ ဒီလိုနည်းနဲ့ စွန့်ပယ်ခံရတာ ဖြစ်တယ်။ သူ့အတွက် သူပဲ ဆုံးဖြတ်ရသူ၊ စီမံရသူ ဖြစ်လာတယ်။ ပြီးတော့ အကျွန်ုပ်တို့က သူ့ဘက်သူ နောက်ကြောင်းပြန် လှည့်တာ မဟုတ်ကြောင်းပြခဲ့ပြီး ဖြစ်တာကြောင့်။ ဒါပေမဲ့ အမြဲတမ်း သူ့ဘဝဖြစ်တည်မှုကို ကျော်လွန်ပြီး လွတ်မြောက်မှု ဝိမုတ္တိကို ရှာဖွေနေသူဖြစ်လို့ သို့မဟုတ် ထူးခြားတဲ့ သိမြင်မှု ဉာဏ်ထူးကို ရခြင်းအားဖြင့် လူသားဟာ သူ့ရဲ့ လူသားသစ္စာ (အဖြစ်မှန်ကို) သိမြင်နားလည်နိုင်ပါတယ်။

ဒီသုံးသပ်ချက်အနည်းငယ်ကို ကြည့်ခြင်းအားဖြင့်

http://www.cherrythitsar.org



ခင်ဗျားတို့အနေနဲ့ လူတွေက အကျွန်ုပ်တို့ကို ပြစ်တင်ရှုတ်ချနေကြတာလောက် မတရားတာ မရှိဘူးဆိုတာကို သိနိုင်မြင်နိုင်ပါတယ်။ ဖြစ်တည်ခြင်း ပဓာနဝါဒဆိုတာ ထာဝရဘုရားသခင်မရှိဘူးဆိုတဲ့ အမြင်ကနေပြီး ရှေ့နောက်ညီညွတ်တဲ့ ဆင်ခြင်တုံတရားရဲ့ ခိုင်မာမှုကနေ နိဂုံးချုပ်အမြင်ကို ရအောင် ထုတ်ယူဆင်ခြင်ထားတဲ့ ကြိုးပမ်းမှုတစ်ရပ်သာ ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ ဒီအယူဝါဒရဲ့ ရည်ရွယ်ချက်ကလူတွေကို စိတ်ပျက်အားငယ်အောင် ပစ်ချဖို့ လုံးဝမဟုတ်ဘူး။ တကယ်လို့ တစ်ယောက်ယောက်က စိတ်ပျက်အားငယ်ခြင်း (despair)ဆိုတဲ့ စကားကို ခရစ်ယာန်တွေပြောသလို မယုံကြည်မှုဘဲဆိုတဲ့ သဘောမျိုး အဓိပ္ပါယ်ကောက်ရင်တော့ ဖြစ်တည်ခြင်း ပဓာနဝါဒကပြောတဲ့ despair(စိတ်ပျက်အားငယ်ခြင်း)ဆိုတဲ့ စကားအဓိပ္ပါယ်နဲ့လုံးဝကွဲပြားခြားနားပါတယ်။ ဖြစ်တည်ခြင်းပဓာနဝါဒဟာ ထာဝရဘုရားမဲ့ဝါဒလို့ ပြောရမှာလည်း ဘုရားသခင်ဖြစ်တည်ခြင်းမရှိကြောင်းကို သရုပ်ပြတာနဲ့ပဲ ပြီးဆုံးသွားတဲ့ ဝါဒမဟုတ်ပါဘူး။ ဒီဝါဒက လူသိရှင်ကြားဖော်ထုတ်ကြေညာထားတာက ဘုရားသခင် တည်ရှိတယ်ဆိုရင်တောင်မှ ဘုရားသခင်ရှိလို့မို့ ဒီဝါဒီရဲ့ အယူအဆတွေကို ဘယ်လိုနည်းနဲ့မှပြောင်းလဲသွားစေမှာ မဟုတ်ပါဘူး။

အကျွန်ုပ်တို့အနေနဲ့ ထာဝရဘုရားသခင် ဖြစ်တည်နေတယ်ဆိုတာကို မယုံကြည်ရုံသာမက အကျွန်ုပ်တို့ယူဆတာက တကယ့်လူ့ပြဿနာဟာ ဘုရားရှိတာ မရှိတာနဲ့

http://www.cherrythitsar.org



ဘာမှ မဆိုင်ပါဘူး။ လူသားရဲ့ လိုအပ်နေတာက သူ့ရဲ့ ဖြစ်တည်နေပုံအမှန်ကို သူသိအောင် ပြန်ရှာဖို့ပဲ ဖြစ်တယ်။ သူ့ဘဝကို သူကလွဲပြီး ဘယ်သူကမှ မကယ်တင်နိုင်ဘူး (အတ္တာဟိအတ္တနောနထော)ဆိုတာကို သိမြင်ဖို့ပဲဖြစ်တယ်။ ထာဝရ ဘုရားသခင်ရှိကြောင်း အခိုင်အမာ တရားဝင် သက်သေပြထားတာလည်း မဟုတ်ဘူး။ ဤယူဆချက်တွင် ဖြစ်တည်ခြင်း ပဓာနဝါဒဟာ ဘဝအကောင်းမြင်ဝါဒ (Optimism)ဖြစ်တယ်။ ဒီအယူဝါဒဟာ ကမ္မဝါဒ ဖြစ်တယ်။ ကိုယ့်ကိုယ်ကို လိမ်လည် လှည့်ဖြားခြင်းအားဖြင့် သူတို့ရဲ့ စိတ်ပျက်အားငယ်မှုတွေနဲ့ အကျွန်ုပ်တို့ရဲ့ ဖြစ်တည်ခြင်းဝါဒကို ရှုပ်ထွေးအောင်လုပ်ပြီး ခရစ်ယာန်တွေက အကျွန်ုပ်ကို မျှော်လင့်ချက်မရှိတဲ့ ဝါဒလို့ ပြောဆိုပုတ်ခတ်နေကြတာသာ ဖြစ်ပါတယ် ခင်ဗျား။

ယန်းပေါ်ဆားတ်

http://www.cherrythitsar.org

# ဆွေးနွေးချက်

**❒ မေးခွန်းမေးသူ**

ခင်ဗျားက ဖြစ်တည်ခြင်း ပဓာနဝါဒကို နားလည်အောင်လို့ ရှင်းပြဖို့ ကြိုးစားတာဟာ ခင်ဗျားကို ပိုပြီးနားလည်စေမလား၊ လျော့ပြီးနားလည်စေမလားဆိုတာကိုတော့ ကျွန်တော် မပြောတတ်ဘူး။ ဒါပေမယ့် ကံသဘောကို ရှင်းပြချက်ကတော့ လူတွေကို ပိုပြီး နားလည်မှု လွဲမှားသွားစေနိုင်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ခင်ဗျားပြောတဲ့ 'စိတ်ပျက်အားငယ်ခြင်း'၊ 'စွန့်ပယ်ခြင်း' စတဲ့ စကားလုံးတွေဟာ ဖြစ်တည်ခြင်း ပဓာနဝါဒရဲ့ စကားစပ်များထဲမှာ ပိုပြီး ကျယ်ကျယ်လောင်လောင် အသံမြည် ဟိန်းနေပါတယ်။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ စိတ်ပျက်ခြင်း၊ ပရိဒေဝ ဒုက္ခ(anguish)ဆိုတဲ့ စကားတွေဟာ (ခင်ဗျားအတွက်ရော ပေါ့)လူသားအနေနဲ့ သူကလွဲပြီး သူ့မှာ ဘယ်သူကမှ ဆုံးဖြတ်ပေးနိုင်သူမရှိလို့ သူ့ဖာသာသူ ဆုံးဖြတ်ရလို့ ဖြစ်ပေါ်လာတဲ့ တာဝန်ရှိမှုထက်တောင်မှ ပိုပြီး အခြေခံကျသလို ဖြစ်နေတယ်။ ဒါဟာ စိတ်ဝိဉာဉ် ဖြစ်ပေါ်ပုံတစ်ခု (စိတ္တုပါဒ်)

http://www.cherrythitsar.org



တစ်ခုပဲ။ လူသားရဲ့ စိတ်မချမ်းသာမှု၊ ဆင်းရဲမှုကို သိမြင်တဲ့ စိတ်တစ်ခုပဲ။ ဒီစိတ်မျိုးကလည်း အချိန်တိုင်းမှာ ပေါ်ပေါက်နေတာ မဟုတ်ပါဘူး။ လူတစ်ယောက်က ရွေးချယ်စရာရှိလို့ ရွေးချယ်လိုက်ရတိုင်း လက်ခံလိုက်ရတိုင်း စိတ်ပျက်အားငယ်မှုဟာ ဒီရွေးချယ်မှုနဲ့ လိုက်ဖက်ညီစွာ ခါတိုင်းပေါ်ပေါက်တာမှ မဟုတ်ဘဲနဲ့။

**မစ္စတာသားတော်၏ (အဖြေ)**

ကျွန်ုပ်အနေနဲ့ ပန်းကိတ်နှင့် ချော့ကလက်ဝေဖာနဲ့ကြားမှာ ရွေးချယ်ရတဲ့အခါမှာလည်း စိတ်ဒုက္ခရောက်ရတယ်လို့ ဆိုလိုခြင်း မဟုတ်ဘူးဆိုတာတော့ ရှင်းပါတယ်။ စိတ်သောကရောက်ရမှု(Anguish)သဘောဟာ ဒီသဘောမျိုးနဲ့သာ အမြဲဖြစ်နေတာကို ပြောတာ ဖြစ်ပါတယ်။ ဘယ်လိုလဲဆိုတော့ အကျွန်ုပ်ရဲ့ မူလရွေးချယ်မှုကလည်း အမြဲဖြစ်တဲ့ သဘောမျိုးနဲ့ ဖြစ်တယ်။ ဒီစိတ်ဆင်းရဲမှု (Anguish)ဟာ အကျွန်ုပ်အမြင်မှာတော့ ဘာမှ ဘာကြောင့် ညာကြောင့် လုပ်ရတာပါလို့ အကြောင်းပြချက် မရှိနိုင်တဲ့အခါ တစ်ချိန်တည်းမှာပဲ လူဟာ လူတိုင်းနဲ့ ပတ်သက်ပြီး တာဝန်ယူရတဲ့ ကိစ္စမျိုးကြုံရတဲ့အခါ ဖြစ်ရတဲ့ စိတ်ဒုက္ခကို ဆိုလိုတာသာဖြစ်ပါတယ်။

http://www.cherrythitsar.org



❒ **မေးခွန်းမေးသူ**

'ကမ္ဘ'မဂ္ဂဇင်းထဲမှာ ဖော်ပြထားတဲ့ အမြင်တစ်ခုနဲ့ ပတ်သက်ပြီး ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးနားလည်နေတယ်။ အဲဒီအထဲမှာ ခင်ဗျားရဲ့ ကိုယ်ပိုင် ထင်မြင်ယူဆချက်ဟာ တော်တော်အားနည်းနေသလိုပဲလို့ ကျွန်တော်ထင်တာပဲ။

**မစ္စတာသားတ်၏အဖြေ**

ရှင်းရှင်းပြောရရင်တော့ 'ကမ္ဘ'ထဲမှာပါတဲ့ ကျွန်တော်ရဲ့ ရည်ရွယ်ချက် အားနည်းမှု ရှိတယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ တစ်ခါတရံ ကျွန်တော့်ကို လာပြီး မေးခွန်းမေးတဲ့ လူတွေက အဲဒီလောက် အရည်အချင်းမရှိကြပါဘူး။ အဲဒီအခါကျရင် ကျွန်တော့်စိတ်ထဲ ဒီလို ဖြေရမလား။ တိုတိုဖြေရမလား။ စိတ်နှစ်ခွ ဖြစ်တတ်ပါတယ်။ မေးခွန်းမေးတာကိုပဲ ငြင်းပစ်လိုက်ရမလား။ သူဆွေးနွေးတာကိုပဲ လက်ခံဆွေးနွေးရကောင်းမလား ဖြစ်ပါတယ်။ ဒုတိယ အချက်ကို ကျွန်တော်ရွေးတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ်တမ်းကျတော့ လူတစ်ဦးက သီဝရီတစ်ခုကို ဒဿနသင်တန်းထဲမှာ ပြောဆိုတင်ပြတဲ့အခါ ဒီလူဟာ နားလည်စေချင်တာကြောင့် အယူအဆဘက်မှာ အားနည်းအောင် လုပ်တာကို သဘောတူ လက်ခံတတ်ပါတယ်။ ဒါကလည်း ဒီလိုလုပ်တာဟာ အဆိုး မဆိုနိုင်ပါဘူး။ လူတစ်ယောက်ဟာ သီဝရီတစ်ခုကို လက်ခံထားပြီး ဖြစ်လို့ရှိရင်တော့ သူက ဒီသီဝရီကို တောက်

http://www.cherrythitsar.org



လျှောက်ခံယူပြီး ပြောဆိုမှာပဲ။ အကယ်၍ အမှန်အားဖြင့် ဖြစ်တည်ခြင်းပဓာနဝါဒ ဒဿနဟာ ဖြစ်တည်ခြင်းက အနှစ်သာရထက် အရင် ဖြစ်တယ်ဆိုတဲ့ အချက်ကို ပြောလို့ ရှိရင် အဲဒါ ခံယူချက်နဲ့ရိုးရိုးရှင်းရှင်း လက်ခံပြီး ပြောဆိုတာပဲ ဖြစ်တယ်။ ပြီးတော့ ဖြစ်တည်ခြင်း ပဓာနဝါဒကို လက်ခံကျင့် သုံးလို့ရှိရင် ဒီဒေသနာအတွက် ပေးဆပ်ဖို့ သဘောတူရ မယ်။ စာအုပ်ထဲ ထည့်ထားဖို့ မဟုတ်ပါဘူး။ တကယ်လို့ ခင်ဗျားက ဒီဒဿနအမြင်ကို ခံယူချက်လုပ်ထားရင် ခင်ဗျား အနေနဲ့ ဒီဝါဒသဘောတရားအချို့ကို ဆွေးနွေးချင်တဲ့လူတွေ နဲ့ နိုင်ငံရေးကိစ္စ၊ ကိုယ်ကျင့်တရားကိစ္စတွေမှာ လက်ခံပြော ဆိုရမှာပဲ။

ခင်ဗျားက အကျွန်ုပ်ကို 'လူသားပဓာနဝါဒ'ဆိုတဲ့ စကားလုံးကို သုံးလို့ ပြစ်တင်ဝေဖန်တယ်။ အဲဒီအခါ အကျွန်ုပ်က ခင်ဗျားနဲ့ လက်ခံဆွေးနွေးမှာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီနည်းဖြင့်သာ ပြဿနာကပေါ်လာမှာကိုး။ လူ တစ်ယောက်ဟာ အယူဝါဒတစ်ခုကို ဒဿနအဆင့်မှာပဲ တိတိကျကျထိန်းသိမ်းထားရပြီး အခါအခွင့်ကိုလိုက်ပြီး ဒီကိစ္စ အပေါ် အရေးယူဆောင်ရွက်ရတယ်။ ဒါမှ မဟုတ်ရင်တော့ ဒီလူဟာ တခြားကိစ္စတွေကို တောင်းဆိုနေတာလားဆိုတာ ကို အခြေအနေကြည့်ပြီး၊ ပြီးတော့ သူ့ရည်ရွယ်ချက်ဟာ လည်း ခံယူချက် ဖြစ်နေလို့ရှိရင် အဲဒီကိစ္စကို ပိုပြီးလူတိုင်း နားလည်ရလွယ်ကူအောင်လို့ လုပ်ဖို့ သဘောတူရမှာပဲ။ တကယ်လို့ ဒီလူက ဒီကိစ္စလွဲချော်သွားအောင် မလုပ်ခဲ့လို့

http://www.cherrythitsar.org



❐ **မေးခွန်းမေးသူ**

ခင်ဗျားကိုနားလည်ချင်တဲ့ လူပဲ ခင်ဗျားကိုနားလည်မှာပဲ၊ ခင်ဗျားကို နားမလည်ချင်သူကတော့ ခင်ဗျားကို နားလည်မှာ မဟုတ်ဘူး။

**မစ္စတာသားတင်၏အဖြေ**

ခင်ဗျားကို ကြည့်ရတာဖြင့် ဒီခေတ်ယဉ်ကျေးမှုထဲမှာ အဖြစ်အပျက်တွေကြောင့် ခေတ်မစားတော့တဲ့သဘောနဲ့ ဒဿနပညာဟာ တစ်ခန်းတစ်ကဏ္ဍ ပါဝင်နေတယ်လို့ နားလည်နေဟန်တူတယ်။ မကြာခင်ကာလအထိ ဒဿန ပညာရှင်တွေဟာ တခြားဒဿနပညာရှင်တွေရဲ့ တိုက်ခိုက်ခြင်းကိုပဲ ခံခဲ့ကြရတယ်။ သာမန်လူတွေကလည်း ဒဿန ပညာရှင်တွေ ဘာတွေ ပြောဆိုတိုက်ခိုက်နေကြသလဲဆိုတာ နားလည်း မလည်ဘူး။ ဂရုလည်း မစိုက်ကြဘူး။ ဒါပေမဲ့ ခုကျတော့ လူတွေက ဒဿနပညာကို ဈေးထဲရောက်တဲ့အထိ လုပ်ခဲ့ကြပြီးပြီ။ မာ့က်(စ်)ကိုယ်တိုင်က သူ့အတွေးအခေါ်ကို မရပ်မနား လူတကာ နားလည်အောင် ဆောင်ရွက်ခဲ့တယ်။ ကွန်မြူနစ်ကြေညာစာတမ်းတွေဟာ သူ့အတွေး အခေါ် (ဒဿန)ကို လူတိုင်းနားလည်အောင် လုပ်ခဲ့တဲ့စာတမ်းတစ်ခုပဲဗျ။

http://www.cherrythitsar.org



❒ **မေးခွန်းမေးသူ**

မာ့က်(စ)ရဲ့ မူလ အခြေခံရွေးချယ်မှုကိုက တော်လှန်ရေးကိုး။

**မစ္စတာသားတ်၏အဖြေ**

မာ့က်(စ)ဟာ ဒဿနပညာရှင် မဖြစ်ခင်ကတည်းက တော်လှန်ရေးသမားဖြစ်ခဲ့တယ်လို့ ပြောတဲ့အကောင်ဟာ ကောက်ကျစ်စဉ်းလဲလို့ ပြောတာပဲ ဖြစ်ရမယ်။ ဒါမှမဟုတ် ဒဿနပညာရှင်က အရင်ဖြစ်တာ။ နောက်ကျမှ တော်လှန်ရေးသမားဖြစ်တာပါလို့ ပြောရင်လည်း စဉ်းလဲတာပဲ။ သူဟာ ဒဿနပညာရှင် တော်လှန်ရေးသမားတစ်ယောက်လို့ လုံးဝ ဥဿုံခြုံပြောမှ မှန်မယ်။ ဒီတော့ သူ့ကိုယ်သူ တော်လှန်ရေးသမားအဖြစ် ပထမ ရွေးချယ်ခဲ့တာ ပြောတာ။ အဲဒါ ဘာကို ဆိုလိုတာလဲ။

❒ **မေးခွန်းမေးသူ**

ကွန်မြူနစ် ကြေညာ စာတမ်းကို ဖတ်ရတာ ကျွန်တော့်စိတ်ထဲတော့ လူတိုင်း နားလည်လွယ်အောင် လုပ်ထားတာလို့ မခံစားရပါဘူး။ ဒါဟာ စစ်လက်နက်တစ်ခုလို့ပဲ ခံစားရတယ်။ ဒါဟာ ယုံကြည်ချက် ခံယူချက်တစ်ခု မဟုတ်ဘူးလို့ ကျွန်တော်တော့ မယုံကြည်နိုင်ဘူး။

မာ့က်(စ)က တော်လှန်ရေးဟာ လုပ်ကို လုပ်ရမယ်။ မဖြစ်မနေလုပ်ရမည့်အရာလို့ ပြောကတည်းက သူ့ရဲ့ ပထမ

http://www.cherrythitsar.org



ပြုတဲ့ကံဟာ ကွန်မြူနစ်ကြေညာစာတမ်းပဲ။ အဲဒါ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ကံပဲ။ ကွန်မြူနစ် ကြေညာစာတမ်းဟာ မာ့က်(စ)ဝါဒ ဒဿနနဲ့ သူ့ရဲ့ ကွန်မြူနစ်ဝါဒကြားထဲက နှောင်ကြိုးပဲ၊ ဝန်ခံကတိပဲ ခင်ဗျားက ဘာကိုယ်ကျင့်တရားပဲ လက်ခံ လက်ခံ တစ်စုံတစ်ဦးကတော့ အဲဒီကိုယ်ကျင့်တရားနဲ့ ခင်ဗျားရဲ့ ဒဿနနဲ့ ကြားထဲမှာ ယုတ္တိရှိတဲ့ ဆက်စပ်မှုမျိုး ကွန်မြူနစ် ကြေညာစာတမ်းနဲ့ မာ့က်(စ)ရဲ့ ဒဿနကြားမှာ ရှိတဲ့ ဆက်စပ်မှုမျိုးရှိတယ်လို့ မခံစားရဘူး။

**မစ္စတာဘားတ်၏အမြင်**

အကျွန်ုပ်တို့က လွတ်မြောက်ခြင်းနဲ့ ပတ်သက်တဲ့ ကိုယ်ကျင့်တရားကို စဉ်းစားတာပါ။ အဲဒီ ကိုယ်ကျင့်သီလ အမြင်နဲ့ အကျွန်ုပ်တို့ရဲ့ ဒဿနအမြင်ကြားထဲမှာ ဝိရောဓိ ဖြစ်တာ ပဋိပက္ခဖြစ်တာ မရှိသရွေ့ ဒီထက်ပိုပြီး ဘာမှမလို တော့ပါဘူး။ လူတွေရဲ့ ခံယူချက်ဟာ ခေတ်တစ်ခေတ်နဲ့ နောက်တစ်ခေတ်မတူဘဲ တစ်မူ ကွဲပြားတတ်ကြပါတယ်။ ခံယူချက်က တော်လှန်ရေးလုပ်ရမယ်ဆိုတာ ဖြစ်တဲ့အခါ သူက ကွန်မြူနစ်ကြေညာစာတမ်းကို ရေးရတော့တာပေါ့။ အကျွန်ုပ်တို့လို လူတွေရဲ့ခေတ်ရောက်တော့ ပါတီတွေက လည်း စုံလို့ဆိုတော့ ပါတီတိုင်းကလည်း သူ့နည်းနဲ့သူ တော်လှန်ရေးသဘောတရားတွေကို ကြေညာနေကြတာ ဆိုတော့ အဲဒီပါတီတွေထဲ ဝင်ဖို့ကိစ္စမှာ ခံယူချက်မပါတော့ ဘူး။ ဒါပေမယ့် ကိုယ့်အယူအဆကို ပိုရှင်းအောင်လုပ်ဖို့နဲ့

ကွဲပြားခြားနားတဲ့ တော်လှန်ရေးပါတီတွေအပေါ် ကိုယ်က ဩဇာလွှမ်းမိုးနိုင်အောင် လုပ်ဖို့ကိစ္စ ဖြစ်သွားတယ်။

❐ **မေးခွန်းမေးသူ မစ္စတာနာပီးလ်**

လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို မေးရမည့် မေးခွန်းက (ခင်ဗျားခုနကပြောတဲ့အမြင်အရ ပေါ်လာတာက) ဒီလိုပါ။ ခင်ဗျားရဲ့ ဖြစ်တည်ခြင်းပဓာနဒဿနအမြင်ဟာ ခုလို အလုံးစုံပြောင်းလဲရေးဆိုရှယ်လစ်ဝါဒဆိုတဲ့(radical socialism) ရှင်ပြန်ထမြောက်စပြုလာတဲ့ကာလကို ကိုယ်စားပြုနေတယ်လို့ မပြောနိုင်ဘူးလား။ ဒီအချက်ဟာ စိတ်ကူးယဉ်သလိုတော့ ဖြစ်နေတယ်။ ဒါပေမဲ့ ဒီနည်းအတိုင်းပဲ တစ်ယောက်ယောက်က သူမေးမယ့် မေးခွန်းကို ကြံစည်ဘောင်ခတ်ပြီး မေးရမှာပဲ။ စကားမစပ်ပြောရရင် ခင်ဗျားက ခင်ဗျားကိုယ်ခင်ဗျား ရှုထောင့်မျိုးစုံအပေါ်မှာ တည်ထားသလို ဖြစ်နေတယ်။ ဒါပေမဲ့ တစ်စုံတစ်ယောက်က တကယ့် ရှုထောင့်မျိုးစုံ ဆုံချက်နေရာကို ကြည့်လိုက်ရင် ဒီဆုံချက်နေရာကိုပဲ ဖြစ်တည်ခြင်း ပဓာနဝါဒအတွေးအခေါ်တွေက အဲဒီဆုံချက်ကို ဦးတည်နေတယ်လို့ ပြောလိုက်ရင် အဲဒီအတွေးအခေါ်က မဟုတ်တော့ပြန်ဘူး။ လစ်ဘရယ်ဝါဒ ပြန်လည်ထွန်းကားတဲ့ဘက်ဆီ ရောက်သွားပြန်ရောလို့ ကျုပ်စိတ်ထဲ ထင်မိတယ်။ ခင်ဗျားရဲ့ အတွေးအခေါ်ဟာ ကျုပ်တို့ခေတ်ကာလသမိုင်းကြောင်းရဲ့ ထူးခြားတဲ့အခြေအနေတွေအရ အလုံးစုံပြောင်းလဲရေး ဆိုရှယ်လစ်ဝါဒအတွက်

http://www.cherrythitsar.org



လည်း ပဓာနကျတဲ့ အခြေအနေတွေပေါ် မူတည်ပြီး လစ်ဘရယ်လူသားပဓာနဝါဒကို ပြန်လည်ဆန်းသစ်ဖို့ ကြိုးစားနေတာ ဖြစ်နေတယ်။ ဒီမှာပါလာတဲ့ ထူးခြားတဲ့လက္ခဏာက ကမ္ဘာကြီးရဲ့ လူမှုရေး အကြပ်အတည်းတွေက လစ်ဘရယ်ဝါဒဟောင်းကြီးရဲ့ ရှေ့ကို အဝေးကြီးရောက်နေပြီဆိုတော့ ဒီကမ္ဘာ့အခြေအနေတွေက လစ်ဘရယ်ဝါဒဟောင်းကို ကောင်းကောင်းနှိပ်စက်နေပြီ။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲရောက်အောင် လုပ်နေပြီ။ ဒီအကဲဖြတ်မှုအတွက် လူတစ်ယောက်အနေနဲ့ အကြောင်းပြချက်တွေ ပိုပြီးလေးနက်တဲ့ အကြောင်းပြချက်တွေ အများကြီးရနိုင်တယ်။ ဒီသုံးသပ်ချက်ပေါ်လာရတာက မျက်မှောက်ကာလဖြစ်တည်ခြင်း ပဓာနနဲ့ ပတ်သက်တဲ့ ဖွင့်ဆိုချက်အရ ပေါ်ပေါက်လာတာ ဖြစ်တယ်။ ခု ဖြစ်တည်ခြင်း ပဓာနဝါဒက လူသားပဓာနဝါဒဖြစ်တယ်။ လွတ်မြောက်ခြင်း ဝိမုတ္တိ ဒဿနဖြစ်တယ်လို့ ဟောနေပြန်တယ်။ အောက်ထစ်ဆုံးပြောထားရရင် ဒါတွေဟာ ကြိုတင်ခံယူထားချက်တွေ ဖြစ်နေတယ်။ ပြီးတော့အဲဒါက အဓိပ္ပါယ်အတိအကျ မသတ်မှတ်ရသေးတဲ့ ရည်ရွယ်ချက်တစ်ခုပဲ။ ခင်ဗျားကလည်း တခြားလူတွေလိုပဲ လူ့ဂုဏ်သိက္ခာ (dignity of man)တို့ ကိုယ်ရည်ကိုယ်သွေးရဲ့ လေးစားထိုက်တဲ့ တန်ဖိုး(eminent value of personality)တို့ကို ဆိုတာတွေကို ရှေ့တန်းတင်ထားတယ်။ ဒီရည်မှန်းချက်တွေဟာ ရှေးကျတဲ့ လစ်ဘရယ်ဝါဒဟောင်းကြီးထဲကဟာတွေနဲ့ သိပ်မခြားနားလှပါဘူး။ ဒီသဘောတရားတွေကို အကြောင်းပြဖို့အတွက်

http://www.cherrythitsar.org



ခင်ဗျားက လူသားရဲ့အခြေအနေ (condition of man)ကို အဓိပ္ပါယ် နှစ်မျိုးနှစ်စားခွဲခြားပြတယ်။ ပြီးတော့ ဝေါဟာရ အမျိုးမျိုးကြားက အဓိပ္ပါယ်နှစ်မျိုးကွဲပြားပုံတွေကို ပြတယ်။ ဒီဝေါဟာရတွေဟာ လူတွေကြားထဲမှာ သုံးစွဲပြောဆိုနေကြ စကားတွေပါပဲ။ ဒီဝေါဟာရတွေရဲ့ အကျိုးသက်ရောက်မှုဟာ သမိုင်းတစ်လျှောက်လုံးရှိတယ်။ ဒီ ဝေါဟာရတွေရဲ့ အဓိပ္ပါယ်နှစ်ခွသက်ရောက်တဲ့ သဘောလက္ခဏာဟာလည်း တိုက်ဆိုင်လို့ ကြုံကြိုက်ပြီး ဖြစ်လာကြတာမဟုတ်ဘူး။ ဒီစကားလုံးတွေကို သုတ်သင်ကယ်တင်ဖို့ဆိုရင် ဒီစကားလုံးတွေအတွက် ခင်ဗျားက အဓိပ္ပါယ်သစ်တွေကို တီထွင်ပေးရမယ်။ ဒီကိစ္စကြောင့် ပေါ်ပေါက်လာတဲ့ ဒဿနအထူးပြဿနာတွေကိုတော့ ကျုပ် ကျော်လွှားသွားခဲ့တော့မယ်။ အရေးကြီးပြီး စိတ်ဝင်စားဖို့ကောင်းတာတော့ မှန်ပါရဲ့။ ခုမကြာခင်ကမှ ကြားလိုက်ရတဲ့ဝေါဟာရ စကားလုံးတွေလောက်ကိုပဲ ကျုပ်က ပိုင်းမေးပြီး ပြောပါတော့မယ်။ အဓိကကျတဲ့ ကိစ္စကိုပဲ ကိုင်စွဲပြီးပြောပါ့မယ်။ အဲဒီအချက်က ခင်ဗျားအနေနဲ့ လူသားပဓာနဝါဒကို အဓိပ္ပါယ်နှစ်မျိုးခွဲခြားပြခဲ့စေကာမူ အဆုံးသတ်ကျတော့ ဒါလည်း အမြင်ဟောင်းကြီးပါပဲ။

လူသားဟာ သူ့ကိုယ်သူ ရွေးချယ်နေရတဲ့ ပုဂ္ဂိုလ်ဖြစ်နေတယ်ဆိုတဲ့ကိစ္စ။ ကောင်းပြီ သူဟာ ပထမရှေးဦးစွာ မျက်မှောက်ကာလမှာ ဖြစ်တည်နေရတဲ့ အချက်ပဲ။ သူဟာ သဘာဝပြဋ္ဌာန်းမှု (natural determinism)ရဲ့ အပြင်ဘက်ကို

http://www.cherrythitsar.org



ရောက်နေတယ်။ သူ့မှာ ကြိုတင်အဓိပ္ပါယ် သတ်မှတ်ထား တာ ဘာမှ မရှိဘူး။ သူဟာ ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ ပစ္စုပ္ပန်မှာ လုပ်ကိုင် ဆောင်ရွက်နေတာတွေပဲ ရှိတယ်။ သူ့မှာကြိုတင်ပြဋ္ဌာန်းထားတဲ့ လူ့သဘာဝဆိုတာလည်း ဘာမှမရှိဘူး။ လတ်တလော မျက်မှောက်ပြုနေတဲ့ ကာလမှာ သီးခြားဖြစ်တည်နေတာပဲ ရှိတယ်။ ဒီနေရာမှာ ကျုပ်ကို ကျုပ်မေးကြည့်မိတယ်။ 'ဒါဆို အဲဒီသဘောနဲ့ ဖော်ပြတဲ့ ဖြစ်တည်ခြင်း သဘောကိုယ်နှိုက်က လူ့သဘာဝတစ်မျိုးပဲလို့ မဆိုနိုင်ဘူးလား' ဆိုပြီး မေးမိတယ်။ အဲဒါဟာလည်း သမိုင်းအကြောင်းပြချက်အရ ရှေးကနဲ့မတူတဲ့ သွင်ပြင်တစ်ခုအဖြစ်ပေါ်လာတာပဲ။ အဲဒါကကော မြင်လိုက်တာနဲ့ပဲ လူ့သဘာဝကို မြင်ရတာဟာ ၁၈ ရာစုခေတ်တုန်းက အဓိပ္ပါယ် သတ်မှတ်ခဲ့ကြတာနဲ့ကော ဆင်တူ မနေဘူးလား။ ခင်ပျားက ငြင်းတော့ ငြင်းထားတာပေါ့။ ဒီ လူ့သဘာဝဟာ ခင်ဗျား ဖြစ်တည်ခြင်းဝါဒမှာ အကျယ်တဝင့်ပြောဆိုနေတဲ့ လူသားရဲ့ အခြေအနေ (the condition of man)ဆိုတဲ့ဖော်ပြချက်အဖြစ်နဲ့ ပြန်ပေါ် လာတာပဲ။ ခင်ဗျားပြောတဲ့ လူသားရဲ့အခြေအနေဆိုတဲ့ စကားဟာ တကယ်တော့ လူ့သဘာဝဆိုတာကို အစားထိုးတဲ့စကားပဲ။ ခင်ဗျားက နေ့စဉ် အတွေ့အကြုံဆိုတဲ့ စကားလုံးကို ဖြစ်တည်ခြင်း အတွေ့အကြုံ သို့မဟုတ် သိပ္ပံနည်းကျ စမ်းသပ်အတွေ့အကြုံဆိုတဲ့စကားနဲ့ အစားထိုးသလိုပဲပေါ့။ တကယ်လို့ လူ့အခြေအနေ X လို့ (အဓိပ္ပါယ် သတ်မှတ်ထားတဲ့ အခြေအနေလို့ )သဘောထားလိုက်ရင် အဲဒါဟာ

http://www.cherrythitsar.org



ပြုသူ ကတ္တားရဲ့ အတွေ့အကြုံ Xပဲ၊ သဘာဝပတ်ဝန်းကျင်ရဲ့ အတွေ့အကြုံ မဟုတ်တော့ဘူး။ ဖြစ်နိုင်တဲ့ ပြဿနာချက်တစ်ခုက ပြဿနာလိုက်တဲ့ အခြေအနေ မဟုတ်တော့ဘူး။ ဒါဆိုရင် တစ်စုံတစ်ယောက်သော သူဟာ လူ့သဘာဝကို အခြားပုံစံတစ်မျိုးနဲ့ စဉ်းစားနေတာပဲ ဖြစ်တယ်။ အဲဒါက သဘာဝအခြေအနေ(nature condition)လို့ ခင်ဗျားကြိုက်ရင် ခေါ်ပေါ့။ အဲဒီအခြေအနေဟာ သဘာဝတရားကို ထုတ်ပြီး အဓိပ္ပါယ်လွယ်လွယ်သတ်မှတ်လို့ရတဲ့ အခြေအနေမဟုတ်တော့ဘူး။ ဒါကပိုပြီး ခက်ခက်ခဲခဲ အဓိပ္ပါယ်ဖွင့်ရမည့်အခြေအနေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အမြင်ပြောရရင်တော့ ဒါကသမိုင်းကြောင်းထဲက အခြေအနေဖြစ်သွားလို့ပဲ။ ခုခေတ်ခုကာလမှာတော့ လူ့သဘာဝကို ပြောကြတဲ့အခါတိုင်း လူမှုအဖွဲ့အစည်းဘောင်ထဲမှာပဲ ဖော်ပြတတ်ကြတယ်။ ဒီလူမှုအဖွဲ့အစည်းဘောင်ကလည်း ယေဘုယျအားဖြင့် လူမှုရေးအစီအစဉ်တွေ၊ လူမှုရေး အဆင့်အတန်းသတ်မှတ်မှုတွေ ပြုပျက်ပြောင်းလဲနေလို့ ပဋိပက္ခတွေလည်း ဖြစ်နေကြလို့ပဲ။ အဲဒီ ပဋိပက္ခတွေကို ကျော်ဖြတ်ပြီး လူမျိုးအချင်းချင်း၊ နိုင်ငံအချင်းချင်း ပူးပေါင်းဖို့ကိုပါ လှုံ့ဆော်နေကြပြီ။ ဒီအချိန်မျိုးမှာ တပြေးညီ စီမံချက်ကျ လူ့သဘာဝ (uniform and schematic human nature)မျိုးကတော့ ၁၈ ရာစုတုန်းက ဖြစ်ခဲ့သလိုမျိုး ယေဘုယသဘောလက္ခဏာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ဖို့တော့ မလွယ်ကူတော့ဘူး။ ဟိုတုန်းဟိုခေတ်ကတော့ ဆက်တိုက် ဖြစ်ပေါ်နေတဲ့ တိုးတက်မှုအပေါ်တည်

http://www.cherrythitsar.org



ပြီး အဓိပ္ပါယ်သတ်မှတ်လို့ရတဲ့ခေတ်ကိုး။ ခုလို အချိန်မှာတော့ လူ့သဘာဝကို ဖော်ပြမှုနဲ့ ပတ်သက်လာတဲ့အခါ အတွေးအခေါ် ပြည့်စုံသူတွေ ရိုးသားဖြောင့်မတ်တဲ့ လူတွေက လူ့သဘာဝ (human nature)ကို လူသားရဲ့ အခြေအနေ (the condition of man)လို့ပဲ ခေါ်နေကြတော့တယ်။ ဒီတင်ပြချက်ကလည်းမရှင်းလင်းဘူး၊ မထင်ရှားဘူး၊ ဗလုံးရှုပ်ထွေးဖြစ်နေတယ်။ အထူးသဖြင့် အပိုင်းတစ်ပိုင်းမှာ မရှင်းမလင်း ဗလုံးရှုပ်ထွေးဖြစ်နေတာ ဖြစ်တယ်။ အဲဒါတော့ ထူးခြားမှတ်သားဖွယ်ကောင်းတဲ့ အပိုင်းဖြစ်တယ်။ ပတ်ဝန်းကျင်က ပြဋ္ဌာန်းတဲ့ အပိုင်းဖြစ်တယ်။ ပြီးတော့ ဒီယေဘုယျ လူ့အခြေအနေကို သူတို့က အကျိုးသက်ရောက်မှုရှိတဲ့ အခြေအနေတွေက ဘာလဲဆိုတဲ့ ပြဋ္ဌာန်းခြင်းသဘောကို စူးစမ်းတဲ့အထိ ဆိုက်ရောက်မသွားစေချင်လို့ သူတို့ဟာ လူ့သဘာဝနဲ့ ဆင်တူတဲ့ ပုံစံ၊ စီမံချက်ရဲ့ တရားကိုယ်သဘောဖော်ပြချက်လောက်မှာတွင် ဆက်ပြီးနေနေကြတယ်။

ဒီဖြစ်တည်ခြင်း ပဓာနဝါဒဟာ လူ့သဘာဝဆိုတဲ့ အယူအဆအပေါ်မှာပဲ အခြေခံထားတယ်။ ဒါပေမဲ့ ဒါဟာလည်း ကြောက်စရာကောင်းတဲ့ မသေချာမရေရာတဲ့ စိတ်ပျက်စရာကောင်းတဲ့ ကိစ္စတစ်ခုပါပဲ။ ဒါပေမဲ့ ဖြစ်တည်ခြင်း ပဓာနဝါဒီတွေက လူ့သဘာဝကို မပြောဘဲ လူ့အခြေအနေလို့ပြောတော့လည်း ဒီအထဲမှာ သူက ဖြစ်တည်ခြင်း ပဓာနဝါဒီတွေပြောတဲ့ ရည်ရွယ်ချက်နဲ့ စပ်လျဉ်းတဲ့ ခံယူချက်မပါပြန်ဘူး။ ပြီးတော့ အဲဒါကလည်း နောက်

http://www.cherrythitsar.org



ဆိုးပိတ်ကျတော့ ကြိုတင်မှာယူထားတဲ့အခြေအနေ(pre-condition)ဖြစ်နေပြန်ရော။ ဒီနေရာမှာ ကျုပ်တို့မှာ ကြိုတင်ပြုလုပ်ထားတဲ့ ဆက်ဆံရေး၊ စေ့စပ်ရေးသဘောရှိနေပြန်တယ်။ ခံယူချက် တစ်ခုလည်း မဟုတ်သေးဘူး။ တကယ့်အစစ်အမှန်အခြေအနေလည်း မဖြစ်သေးဘူး။ ဒါဟာ မတော်တဆကြုံကြိုက်လို့ ဖြစ်လာတာ မဟုတ်ရင် အဲဒါဟာလည်း 'လူသားရဲ့ အခြေအနေ'ပဲပေါ့။ ဒါကို အခြေခံမူအရ သူ့ရဲ့ လူသားပဓာနယေဘုယျ လက္ခဏာအရ အဓိပ္ပါယ်သတ်မှတ်လို့ရတယ်။ အတိတ်ကာလတုန်းက လူတစ်ယောက်က လူ့သဘာဝအကြောင်းကို ပြောတဲ့အခါ သူ့စိတ်ထဲမှာ ကျယ်ပြန့်တဲ့ ယေဘုယျ လူ့သဘာဝကို ဆင်ခြင်ပြီး ပြောတာ မဟုတ်ဘဲ အကန့်အသတ်ရှိတဲ့ လူ့သဘာဝကို ဆင်ခြင်ပြီး ပြောတာသာ ဖြစ်တယ်။ 'သဘာဝ' ဆိုတာက တခြားတစ်ခုပဲ။ ဒါဟာ တစ်နည်းအားဖြင့် အခြေအနေဆိုတာထက်ပိုပြီး ကျယ်ဝန်းပါတယ်။ လူ့သဘာဝဟာ လူ့အခြေအနေဆိုတဲ့ ဟန်ပန်နမူနာ ပုံစံတစ်ခုမျှ မဟုတ်ပါဘူး။ ဒီအကြောင်းကြောင့် ကျုပ်အမြင်ကို ပြောရရင် လူသားပဓာနဝါဒလို့ ပြောတာထက် သဘာဝပဓာန (naturalism) လို့ပြောတာက ပိုတောင် ကောင်းသေးတယ်လို့ ထင်တယ်။သဘာဝပဓာနဝါဒဆိုတဲ့ စကားက လူသားပဓာနဝါဒဆိုတဲ့ စကားထက် အစစ်အမှန်ပရမတ်တရားကို ရည်ညွှန်းပြောဆိုရာမှာ ပိုပြီးယေဘုယျကျတယ်လို့ ထင်တယ်။ အနည်းဆုံးတော့ ခင်ဗျားက လူသားပဓာနဝါဒဆိုတဲ့

http://www.cherrythitsar.org



စကားကိုယူပြီး ပြောတဲ့နေရာမှာပါ။ ကျုပ်တို့က ပရမတ်ကျ ကျပြောနေတာပါ။ လူ့သဘာဝအကြောင်းပြောရာမှာ ဆွေးနွေးတဲ့ဘောင်ကို ချဲ့ဖို့လိုလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သမိုင်းအချက်အလက်တွေကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုလို့ပါ။ မူလအခြေခံပရမတ်တရားက သဘာဝတရားပဲ။ အဲဒီအထဲမှာ လူသားနဲ့ဆိုင်တဲ့ ပရမတ်သဘောက ကိစ္စတစ်ရပ်အဖြစ်သာ ပါဝင်တာဖြစ်တယ်။ ဒါပေမယ့် အဲဒီကိစ္စအတွက်မှာပင်လျှင် သမိုင်းသစ္စာတရားရှိသေးတယ် ဆိုတာကို ဝန်ခံရဦးမယ်။ ဖြစ်တည်ခြင်းပဓာနဝါဒီကတော့ ဝန်ခံမှာမဟုတ်ဘူး။ အမှန်ကတော့ သဘာဝယေဘုယျသမိုင်းထက် လူ့သမိုင်းရဲ့သစ္စာတရားကို ဝန်ခံကြရတယ်။ မည်သို့ပင်ဆိုစေ လူပုဂ္ဂိုလ်ကိုပြုပြင်တာဟာ သမိုင်းပဲ။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့လက်ငင်းကြုံတွေ့ရတဲ့ သမိုင်းဟာ သူတို့ပဋိသန္ဓေနေစဉ်ကာလ သူတို့မမွေးခင် လူမဖြစ်တည်ခင်ကတည်းက စတင်လာခဲ့တာဖြစ်တယ်။ အဲဒီသမိုင်းဟာ တရားကိုယ်သဘောအရ လူသားရဲ့အခြေအနေအဖြစ် တည်ရှိနေခဲ့ပြီဖြစ်တယ်။ အဲဒီ သူတို့ရဲ့ သမိုင်းကြောင်းအရ သူတို့ဟာ လောကထဲမှာ သူတို့ဟာ အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့တာဖြစ်တယ်။ အဲဒီသမိုင်းကြောင်းက သူတို့ရဲ့အခြေအနေကို ဖန်တီးပြုပြင်တာဖြစ်တယ်။ အဲဒီအခြေအနေပေါ်မူတည်ပြီးသာလျှင် သူတို့က သူတို့ရဲ့ အကျိုးပြုမှုတွေကို လုပ်ဆောင်ကြရတာ ဖြစ်တယ်။ ဒီနည်းနဲ့မိခင်က သားသမီးကို အကျိုးပြု၊ သားသမီးက မိခင်ကို ပဋိသန္ဓေ တည်စ

http://www.cherrythitsar.org



ကိုယ်ဝန်ဆောင်စကတည်းက ပြုပြင်လာတာဖြစ်တယ်။ အဲဒီရှုထောင့်ကနေပြောရင် လူသားရဲ့ အခြေအနေဟာလည်း အခြေခံကျတဲ့ပရမတ်တရား၊ အစစ်အမှန်တရားတစ်ခုဖြစ်တယ်လို့ ပြောခွင့်ရှိပါတယ်။ ပြောသင့်တာကတော့ မူလအခြေခံပရမတ်တရားဟာ သဘာဝအခြေအနေလို့ ပြောသင့်တယ်။ ဒါက လူ့အခြေအနေ မဟုတ်သေးပါဘူး။ ဒါတွေဟာ လတ်တလောဖြစ်နေတဲ့ လူတိုင်းနဲ့ဆိုင်တဲ့ ထင်မြင်ယူဆချက်တွေမို့ ကျူပ်က ထပ်တလဲလဲပြောနေရတာပါ။ ဒါပေမယ့် ကျူပ်ရှုမြင်နိုင်သလောက်တော့ဖြင့် ဖြစ်တည်ခြင်းပဓာနဝါဒရဲ့ ဘယ်ဆင်ခြေကမှ ဒီအခြေအနေသဘောတွေကို ငြင်းနိုင်မှာမဟုတ်ပါဘူး။ ပြီးတော့ တကယ်လို့ တရားကိုယ်သဘောအရ လူ့သဘာဝမရှိဘူးဆိုတာသာ ကျိန်းသေဖြစ်လို့ရှိရင် လူသားရဲ့ ယေဘုယျအခြေအနေ ဆိုတာလည်း ရှိတော့မှာ မဟုတ်တော့ပါဘူး။ ခင်ဗျားက လူ့အခြေအနေဆိုတာကို တစ်စုံတစ်ခုသော လက်ဆုပ်လက်ကိုင်ပတ်ဝန်းကျင်အခြေအနေကို ပြောတာလို့ဆိုရင်လည်း အဲဒါလည်း မရှိနိုင်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားရဲ့အမြင်မှာ ဒီအချက်တွေကို ရှင်းရှင်းလင်းလင်း ဖော်ပြမထားလို့ ပြောတာပါ။ ဘာပဲပြောပြော ဒီအကြောင်းအရာမှာတော့ မာ့က်(စ)ဝါဒမှာတော့ ကွဲပြားတဲ့ အယူအဆရှိသေးတယ်။ လူသားထဲမှာ သဘာဝတရားရှိပြီး သဘာဝတရားထဲမှာ လူသားရှိနေခြင်းပါပဲ။ အဲဒါကို ပုဂ္ဂိုလ်ရေးရှုထောင့်က အဓိပ္ပါယ်ဖွင့်ဟထားတာပဲ ရှိတယ်။

http://www.cherrythitsar.org



အဲဒါက လူသားအပေါ်မှာ ဖြစ်ပေါ်နေတဲ့ တခြား သိပ္ပံဘာသာရပ်တွေမှာလိုပဲ ဥပဒေသတွေရှိတယ်လို့ ဆိုလိုတာပဲဖြစ်တယ်။ ဒီစကားရဲ့အဓိပ္ပါယ်အပြည့်အဝကတော့ သူ့ရဲ့သဘောသဘာဝပဲဖြစ်တယ်။ သဘာဝဆိုတာကလည်း အမျိုးမျိုးကွဲပြားနေတယ်။ ဒါပေမယ့် အနည်းအကျဉ်း သဏ္ဍါရဓမ္မဝါဒ (Phenomenology) နဲ့ ဆင်တူတာမျိုးတော့ ရှိပါရဲ့။ အဲဒါက တွေ့ကြုံသိ (ဝိညာဏစိတ်) ဖြစ်တိုင်းမှာ ဖသာပါတယ်။ ကိုယ်တွေ့သိမြင်ခြင်းသဘောပေါ့။ အဲဒါ လူတိုင်း သာမန်လူရဲ့ အတွေ့အကြုံမှာလည်း အတူတူပဲဖြစ်တယ်။ ဒါ တွေးခေါ်ရှင်မှာလည်းဖြစ်တာပဲ။ ဒီအတိုင်း နားလည်ရတာက ၁၈ရာစုက လူတွေ သိခဲ့ကြတဲ့ လူ့သဘာဝအယူအဆဟာ ယုံမှားဖွယ်မရှိအောင်ဘဲ မာ့က်(စ) သိခဲ့တဲ့ လူ့သဘာဝအယူအဆနှင့် ပိုပြီး နီးစပ်တာ တွေ့ရတယ်။ အဲဒါက ဖြစ်တည်ခြင်းပဓာနဝါဒက လူ့သဘာဝ ဆိုတဲ့ စကားကို အစားထိုးတဲ့ လူ့အခြေအနေထက် ပိုနီးစပ်တယ် ပြောတာပါ။ အဲဒီလူ့အခြေအနေ (the condition of man) ဆိုတာ လူ(ရုပ်နာမ်ဓမ္မ)ရဲ့ သဏ္ဍါရအခြေအနေ သက်သက်ကိုပြောတာထက်စာရင်ပေါ့လေ။

ဒီခေတ် ဒီအခါမှာတော့ ကံဆိုးချင်တော့ လူသား ပဓာနဝါဒဆိုတဲ့စကားဟာ ဒဿနဆရာတွေရဲ့ သဘောထားတွေအတွက် အသုံးချခံရတဲ့ စကားလုံးဖြစ်နေတယ်။ သဘောနှစ်မျိုးမက သုံးမျိုး၊ လေးမျိုး၊ ငါးမျိုး၊ ခြောက်မျိုး၊ အမျိုးမျိုး အသုံးချခံနေရတယ်။ ဒီတော့ မာ့က်(စ)ဝါဒီတွေ

http://www.cherrythitsar.org



အပါအဝင် လူတိုင်း လူသားပဓာနဝါဒီချည်းဖြစ်ကုန်တော့တာပေါ့ဗျာ။

ဂန္ထဝင်ဆင်ခြင်တုံတရားဝါဒီ (Classical rationalist) ဆိုတဲ့ ကျုပ်တို့ကို မကျေမနပ် (အချဉ်ပေါက်နေတဲ့) လူတွေကလည်း သဘောတစ်မျိုးအားဖြင့်ပြောရင် သူတို့လည်း လူသားပဓာနဝါဒီတွေပဲ။ လွန်ခဲ့တဲ့ရာစုခေတ်က ပေါ်ပေါက်ခဲ့တဲ့ လစ်ဘရက်ဝါဒက ဆက်နွယ်ပြီးဖြစ်လာတဲ့ အယူအဆတစ်ခုပဲ။ မျက်မှောက်ခေတ် အကြပ်အတည်းတစ်လျှောက်လုံး အမြင်ရှုံ့စောင်းနေခဲ့ကြတဲ့ လစ်ဘရယ်ဝါဒဆိုတာလေ။ တကယ်လို့ မာ့က်(စ)ဝါဒီတွေလည်း လူသားပဓာနဝါဒီတွေပဲလို့ ယူဆနိုင်ရင် ဘာသာ အယူဝါဒအမျိုးမျိုး ဖြစ်တဲ့ ခရစ်ယာန်၊ ဟိန္ဒူနဲ့ တခြားဘာသာအယူဝါဒ အများအပြားလည်း သူတို့လည်း လူသားပဓာနဝါဒီတွေလို့ပဲ ကြေညာနိုင်တာပဲ။ ဒီအတိုင်းပဲ ဖြစ်တည်ခြင်းပဓာနဝါဒီတွေရော၊ ယေဘုယျအားဖြင့် ဒဿနပညာအားလုံးဟာလည်း အကုန်လူသားပဓာနဝါဒီတွေလို့ပဲ ပြောရတော့မှာပေါ့ဗျ။ တကယ့်တကယ်ဆို နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ကန့်ကွက်ပြောဆိုနေကြတာတွေ အားလုံးဟာလည်း လူသားပဓာနဝါဒီချည်းပါပဲ။ ဒီထက်တော့မလျော့ပါဘူး။ ဒါက ဘာသဘောအထိဆိုက်ရောက်စေသလဲဆိုတော့ ဒဿနပညာကို ရာထူးကျသွားတာကို ပြန်ပြီးရာထူးခန့်ထားဖို့ ကြိုးပမ်းချက်တစ်ခုပဲဖြစ်တယ်။ အဲဒီဒဿနက အဖက်ဖက်က နိုင်ငံရေးဘက်၊ လူမှုရေးဘက်အပါအဝင် ပိုပြီးနက်နဲတဲ့ ဒဿနသဘောအရ

http://www.cherrythitsar.org



ဘက်ကပါ။ ကိုယ့်ကိုယ်ကို ခံယူချက်ရှိဖို့ ငြင်းဆန်ခဲ့တဲ့ ဒဿနကိုပြောတာ။ အားလုံးထက်စောစောစီးစီး ခရစ်ယာန် ဘာသာက သူတို့ဘာသာဟာ လူသားပဓာနဝါဒီပါလို့ လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့တုန်းက အဲဒါ သူ့ကိုသူ ခံယူချက်ရှိဖို့ ငြင်းဆန်ခဲ့တဲ့အတွက်ကြောင့် ပြောခဲ့တာပဲ။ အဲဒါက ပဋိပက္ခထဲမှာ တိုးတက်တဲ့ အင်အားစုတွေဖက်က လိုက်ဖို့ မတတ်နိုင်ခဲ့လို့ တော်လှန်ရေးမျက်နှာစာမှာ ဖောက်ပြန်ရေးဆန့်ကျင်ရေးအမြင်ကို စွဲကိုင်ထားလို့ပဲ ဖြစ်တယ်။

မာ့က်(စ)ဝါဒီအရ (pseudo marxists)တွေ သို့မဟုတ် လစ်ဘရယ်တွေကျတော့ အရာရာရဲ့ထိပ်မှာ ကိုယ်ရည် ကိုယ်သွေးအခွင့်အရေး (the right of personality) ဆိုတာကို တင်ထားတယ်။ ဒါကလည်း ဘာကြောင့် ဖြစ်ရသလဲဆို တော့ သူတို့က မျက်မှောက်ခေတ် ကမ္ဘာ့အခြေအနေအရ မလွှဲမရှောင်သာလုပ်ရမည့်ကိစ္စတွေနဲ့ ကြုံလာတဲ့အခါ တွန့် ခွေသွားကြလို့ပဲဖြစ်တယ်။ ခု ဖြစ်တည်ခြင်းပဓာနဝါဒီတွေ လည်း လစ်ဘရယ်တွေဖြစ်ခဲ့ကြတဲ့အတိုင်း ဖြစ်တာပဲဗျ။ ကမ္ဘာ့အဖြစ်အဖြစ်အလိုက် လိုအပ်သလို အခြေအနေကို ဖော်ဆောင်နိုင်စွမ်းမရှိလို့ လူသားဝါဒဆိုပြီး ယေဘုယျလူကို ဖော်ထုတ်လာပြန်တာပဲဗျ။ ဒီအထဲမှာ တိုးတက်မှုအရှိဆုံး အခြေအနေတစ်ခုကတော့ မာ့က်(စ)ဝါဒတစ်ခုသာလျှင် ခေတ်တစ်ခေတ်ရဲ့ တကယ့်ပြဿနာအစစ်အမှန်ကို ဖော် ထုတ်နိုင်ခဲ့တယ်။

http://www.cherrythitsar.org



လူသားမှာ လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိတယ် ဆိုတာလည်း မမှန်ကန်ဘူး။ ဒီလို ရွေးချယ်လိုက်လို့ သူ့ရဲ့ လုပ်ဆောင်ချက်အပေါ် ဒီအဓိပ္ပါယ် တခြားအဓိပ္ပါယ်မဟုတ် ကြောင်း ပြောဆိုနေရကတည်းက လွတ်လပ်တဲ့ ရွေးချယ်မှု မဖြစ်နိုင်တော့ဘူး။ လူသားအနေနဲ့ လွတ်လပ်ခွင့်အတွက် အားထုတ်လုပ်ကိုင်နိုင်စွမ်းရှိတယ်ပြောတာကလည်း မလုံ လောက်သေးဘူး။ မပြည့်စုံသေးဘူး။ အဲဒီအချက် (အသိ အမှတ်ပြုမှု)နဲ့ ပတ်သက်ပြီး အပြည့်စုံဆုံးဖြစ်အောင် ကျုပ် တို့က အဓိပ္ပါယ်ပေးရလို့ရှိရင် အဲဒါဆိုလိုချက်က လူသား ဟာ မိမိကို နှိပ်ကွပ်အနိုင်ကျင့်နေတဲ့အကြောင်းတစ်ခုကို တွန်းလှန်ဖို့ ကြိုးစားရာမှာ ပါဝင်နေခြင်းပဲဖြစ်တယ်လို့ ဆိုရ မယ်။ ဆိုလိုတာက သူတို့ဟာ မိမိတို့ထက် ပိုမိုကျယ်ဝန်း တဲ့ ဘောင်တစ်ခုထဲမှာ ပါဝင်လှုပ်ရှားနေတာ ဖြစ်တယ်။ ကိုယ့်ရဲ့ ရှိရင်းစွဲအနေအထား(ဘောင်)ထဲမှာ လှုပ်ရှားနေတာ မဟုတ်ဘူးဆိုတဲ့သဘောပဲ ဖြစ်တယ်။

ဘာကြောင့်လဲဆိုတော့ အဆုံးကျရင် လူသား အနေနဲ့ သူလုပ်နေတာ ဘာမှန်းမသိဘဲ လွတ်လပ်မှုအတွက် ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုရင် တိတိကျကျ ရှင်းမပြ တတ်ဘဲနဲ့ လုပ်နေလို့ရှိရင် သူ ဘယ်လိုဘယ်လို ရှေ့ရှုလုပ် ဆောင်နေတယ်၊ သူလုပ်နေတာ ဘာအကျိုးသက်ရောက်မှု ရှိတယ်ဆိုတာ ဘယ်နည်းနဲ့ သိနိုင်ပါ့မလဲ။ သူ့လုပ်ဆောင် ချက်တွေက ဆက်တိုက် အကျိုးရလာဒ်တွေပေါ်ထွက်လာ တဲ့အခါကျတော့ အဲဒါတွေက အကြောင်းတရားကွန်ယက်

http://www.cherrythitsar.org



ကြီးကို ရောယှက်သွားတဲ့အခါကျတော့ သူလည်း အကျိုး ရလာဒ်တိုင်းကို ဆုပ်ဆုပ်ပိုင်ပိုင် သိနိုင်တော့မှာမဟုတ်တော့ ဘူး။ ဒါပေမယ့် ဒါတွေအားလုံးဟာ တခြားလူတွေရဲ့ လုပ် ဆောင်ချက်နှင့်အတူ လုပ်ဆောင်ခြင်းအားဖြင့် သူ့လုပ် ဆောင်ချက်တွေကို ပြည့်စုံစေပြီး အဓိပ္ပါယ်တစ်ခုကိုလည်း ဖြစ်စေခဲ့တယ်။

ဒါပေမယ့် ဒီလူတွေ လုပ်ဆောင်ခဲ့ချက်အားလုံးဟာ သဘာဝပတ်ဝန်းကျင်ထဲမှာ လုပ်ဆောင်ခဲ့ကြတာချည်းပါပဲ။ ဒါပေမယ့် ခင်ဗျားရဲ့ရှုထောင့်က ကြည့်ရင်တော့ ဒီရွေးချယ် မှုဟာ ကြိုတင်ရွေးချယ်မှု (pre-choice) တစ်ခုပဲဖြစ်နေမှာပဲ။ အဲဒီကြိုတင်ရွေးချယ်မှု အမျိုးအစားထဲမှာ လူတစ်ယောက် က လွတ်လပ်ခွင့်နှင့် ပတ်သက်တယ်။ အဲဒီလွတ်လပ်ခွင့် က ကြိုတင်ဥပေက္ခာပြုမှုဖြစ်တယ်။ ဒါပေမယ့် ခင်ဗျားရဲ့ အခြေအနေဆိုတဲ့ အယူအဆနဲ့ လူသားရဲ့ လွတ်လပ်ခွင့် ဆိုတဲ့ အယူအဆတွေကို ရည်ရွယ်ချက်တစ်ခုရဲ့ အဓိပ္ပါယ်နဲ့ ချိတ်ဆက်ထားတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်မှာ ပြောစရာစကားတစ်လုံးတော့ ရှိတယ်။ အဲဒါက ခင်ဗျား အနေနဲ့ အရာရာရဲ့ အခြေခံပြုထားတဲ့ ဒီအထည်ဒြပ်တွေ တည်ရှိတဲ့လောကကို အသုံးချစရာတွေလို့ သတ်မှတ် ထားတဲ့ ခင်ဗျားရဲ့ အယူအဆပဲဖြစ်တယ်။ အဆက်အစပ် ပြတ်နေတဲ့အထဲမှာ ဖြစ်တည်နေခြင်းသဘောပုံရိပ်တစ်ခုက နေ ခင်ဗျားက အဆက်အစပ်မရှိတဲ့ ဒြပ်လောကပုံကားချပ် ကို ဖန်တီးတယ်။ အဲဒီအထဲမှာ ကြောင်းကျိုးနိယာမလည်း

http://www.cherrythitsar.org



မရှိဘူး။ အမျိုးမျိုးအဖုံဖုံ ကြုံရာ အကြောင်းအကျိုးဆက်စပ်မှုဆိုတဲ့ အသုံးကျမှုကလွဲလို့ ဘာမှမပါဘူး။ ခင်ဗျား ဖန်တီးယူတဲ့ ပုံကားချပ်ကလည်း လှုပ်ရှားပြုပြင်ခြင်းကင်းတဲ့ နားလည်ရခက်တဲ့၊ ရှုံ့ရှာစက်ဆုပ်စရာကောင်းတဲ့ ပုံကားချပ်မျိုးပဲဖြစ်တယ်။ ဒီလိုအသုံးချကိရိယာတွေနဲ့ တပ်ဆင်ထားတဲ့ မသန့်ရှင်းတဲ့ အတားအဆီးတွေနဲ့ ငြိတွယ်ပြီး စိတ်ကူးယဉ်ဆန္ဒတွေ တစ်ခုအပေါ်တစ်ခုထပ်ဆင့်နေတဲ့ တစ်ခုကိုတစ်ခုက လုပ်ကျွေးသမှုပြုနေရတဲ့ လောကကြီးထဲမှာ ဒါပေမယ့် ဝိဉာဏဝါဒီ (idealist) တွေရဲ့အမြင်မှာ မဟိဒ္ဓအမြင်လို့ခေါ် တဲ့ အပြင်ပန်းမှာ အသေပျက်စရာ အမှတ်တံဆိပ်တွေ ခပ်နှိပ်ထားလို့ ကြောက်စရာကြီးလို့ မြင်နေတဲ့ ကမ္ဘာထဲမှာ ဖြစ်တည်ခြင်းပဓာနဝါဒလူသားဟာ ခလုတ်တိုက်ပြီး မှောက်လဲတဲ့ကိန်း ဆိုက်တော့တာပဲ။ ဒါပေမယ့် ဒီအသုံးချကိရိယာဆန်တဲ့ ပြဋ္ဌာန်းချက်သဘောက ကြောင်းကျိုးဆက်နွယ်မှု သဘောကိုဆောင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို ကမ္ဘာကြီးဟာ ဘယ်ကစလို့ ဘယ်မှာဆုံးမယ်ဆိုတာရဲ့ အဓိပ္ပါယ်သတ်မှတ်ချက်ဟာလည်း လုံးဝအဓမ္မသဘောရှိပြီး ခေတ်သစ်သိပ္ပံပညာရဲ့ တွေ့ရှိချက်တွေနဲ့လည်း မကိုက်ညီဘူး။ ကျုပ်တို့အလိုပြောရရင်တော့ ဒီကမ္ဘာလောကကြီးဟာ အစလည်းမရှိဘူး။ အဆုံးလည်းမရှိဘူး။ ဘာကြောင့်လဲဆိုတော့ ဖြစ်တည်ခြင်းပဓာနဝါဒီတွေက ထိခိုက်အောင် လုပ်ခဲ့ကြတဲ့ ခွဲခြားမှုဟာ သဘာဝနဲ့ခွဲခြားခဲ့တာလည်း ဖြစ်တယ်။ လူသားရဲ့ အခြေအနေနဲ့ပါ ကွဲပြားသွားအောင်ပြု

http://www.cherrythitsar.org



လုပ်ခဲ့ကြတာဖြစ်လို့ အဲဒါဟာ မစစ်မှန်အောင် လုပ်လိုက်သလို ဖြစ်သွားတယ်။ ဒီလောကမှာ ကမ္ဘာကြီးဟာ တစ်ခုဆို တစ်ခုတည်းပဲရှိတာပါ။ လူတွေရော အရာဝတ္ထုတွေရော အားလုံးပဲ။ ဒီကမ္ဘာလောကကြီးကို ခင်ဗျားက ဒီလိုခွဲခွဲခြားခြားလုပ်လို့ရှိရင် ပြောင်းလဲနေတဲ့ အခြေအနေတွေထဲမှာတောင်မှ ဓမ္မဓိဋ္ဌိသဘောနဲ့ မြင်နိုင်သေးတယ်။ ကြယ်တာရာများရဲ့အသုံးဝင်မှု၊ ဒေါ်သရဲ့အသုံးဝင်မှု၊ ပန်းတစ်ပွင့်ရဲ့အသုံးဝင်မှု ဘာရှိသလဲ။ အဲဒီလို အကြောင်းအရာတွေနဲ့ပတ်သက်ပြီး ကျုပ်က စောဒကမတက်လိုပါဘူး။ ဒါပေမယ့်ကျုပ်မြင်တာကတော့ ခင်ဗျားပြောတဲ့ လွတ်လပ်ခွင့်တို့ခင်ဗျားရဲ့ ဝိညာဏဝါဒတို့ဟာ အရာရာကို အထင်သေးအမြင်သေးမှုက အဓမ္မ မတော်မတရားလုပ်ယူထားတဲ့အမြင်တွေပဲလို့ ယူဆတယ်။ တကယ်တန်းကျတော့ ကိစ္စရပ်တွေဟာ ခင်ဗျား သရုပ်ဖော်ပြတာတွေနဲ့တော့ သိပ်ကိုကွာခြားပါတယ်။ ခင်ဗျားကတော့ ဒီအရာဝတ္ထုတွေရဲ့ ဖြစ်တည်မှုတွေလည်း သူတို့ဖာသာသူတို့ ဖြစ်တည်နေနိုင်ကြကြောင်း ဝန်ခံထားတာတော့ရှိပါတယ်။ ခုထိတော့ သိပ်လည်းမဆိုးပါဘူးလို့ လက်ခံထားတယ်။ ဒါပေမယ့် အဲဒီဖြစ်တည်မှုဟာ လုံးဝရှေးကျတဲ့ ဖြစ်တည်မှုတစ်ခုပဲ ဖြစ်တယ်။ အမြဲတမ်းရန်သတ္တရုအသွင်ကိုဆောင်နေတဲ့ ပဋိပက္ခတစ်ခုလည်း ဖြစ်နေတယ်။ ရုပ်ပိုင်းစကြဝဠာ၊ သတ္တဇီဝပိုင်းစကြာဝဠာသည် ခင်ဗျားအမြင်မှာ ဘယ်တော့မှ အခြေအနေတစ်ရပ်သို့ မဖြစ်၊ ပြုပြင်မှုတစ်ခုရဲ့အစ မဖြစ်နိုင်ဘူးလို့မြင်ထားတယ်။ ဒီစကားရပ်ရဲ့

http://www.cherrythitsar.org



အဓိပ္ပါယ်အသွားအလာက 'အကြောင်းအချက်' တစ်ခု မဖြစ်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်ထက် ဘာမှမပိုပါဘူး။ ဒါကြောင့် ဖြစ်တည်ခြင်းပဓာနဝါဒီအတွက် ဓမ္မဒိဋ္ဌာန်ကျဖြစ်နေတဲ့ စကြဝဠာကြီးသည်ပင်လျှင် အငြင်းအခုံဖြစ်အောင် ဆွပေးနေတဲ့ ဖြစ်ရပ်တစ်ခု၊ ရှောင်တိမ်းမှုတစ်ခု၊ အခြေခံအားဖြင့် မသိကျိုးနွံပြုမှုတစ်ခု၊ ဆက်တိုက် ဖြစ်နိုင်ချေသာရှိတဲ့ တကယ်ဖြစ်တယ်လို့ မပြောနိုင်တဲ့ ဖြစ်စဉ်တစ်ခုသာ ဖြစ်တယ်လို့ ယူဆကြတယ်။ အကျဉ်းချုပ် ပြောရရင် မာ့က်(စ)ရဲ့ ရုပ်ဝါဒနဲ့တော့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ အမြင်တစ်ခုပဲ ဖြစ်တယ်။

ဒီအကြောင်းကြောင်းတွေနဲ့ တခြားအကြောင်းတွေကြောင့် ခင်ဗျားအနေနဲ့ ဒဿနဆိုင်ရာခံယူချက်ကို အဓမ္မဆုံးဖြတ်ချက်၊ ယူဆတာဖြစ်တယ်။ အဲဒါကို ခင်ဗျားက လွတ်လပ်မှုလို့ ဖော်ပြတာဖြစ်တယ်။ ခင်ဗျားဟာ သမိုင်းဖြစ်စဉ်ရဲ့ ပကတိသတ္တာကို ပြောင်းလဲသွားစေတယ်။ မာ့က်(စ)ဝါဒအမြင်ရဲ့ ပကတိသဘောကိုရော ပြောင်းလဲသွားစေတယ်။ ခင်ဗျားက မာ့က်(စ)ဟာ ဒဿနပညာကို ကောက်ကြောင်းဆွဲရုံပဲ ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အဲဒီအမြင်ကို ခံယူထားလို့ပဲဖြစ်တယ်ဆိုတဲ့ အမြင်နဲ့ ပြောခဲ့တာကိုး။ တခြားတစ်နည်းပြောရရင် ခံယူချက်ပဲဆိုဆို လူမှုရေးနဲ့နိုင်ငံရေး လုပ်ဆောင်ချက်ပဲပြောပြော သူဟာသူ့ အတွေးအခေါ်ရဲ့ ပိုင်းခြားကန့်သတ်ချက်ဖြစ်တယ်။ သူဟာ အတွေကအကြုံများစွာအပေါ် မူတည်ပြီး သူ့ရဲ့အယူဝါဒကို

http://www.cherrythitsar.org



စီစစ်ယူခဲ့တာဖြစ်တယ်။ ကျုပ်စိတ်ထဲ ထင်ရှားပြီး မြင်သာတာ ကတော့ မာ့က်(စ)ရဲ့ ဒဿနအတွေးအခေါ် တိုးတက်ဖြစ်ထွန်းမှုဟာ သိစိတ်နှင့်ယှဉ်တွဲဆက်စပ်တဲ့ လူ့ဘောင်အဖွဲ့အစည်းနဲ့ နိုင်ငံရေးဖြစ်ထွန်းမှုအပေါ်မှာ အခြေတည်ပြီးဖြစ်ပေါ်လာတာဖြစ်တယ်လို့ မြင်တယ်။ ဒါဟာလည်း အနည်းထက်အများဆိုသလို ရှေးကဖြစ်ပေါ်ခဲ့တဲ့ ဒဿနပညာရှင်အားလုံးလည်းပဲ ဒီအတိုင်းဖြစ်ခဲ့ကြတာချည်းပါပဲ။ ကန့်ဟာ စည်းစနစ်ကျနတဲ့ ဒဿနပညာရှင်ကြီးပါ။ သူကတော့ နိုင်ငံရေးလုပ်ဆောင်မှုတွေနဲ့ မပတ်သက်အောင် ထိန်းချုပ်ခဲ့တယ်။ ပြီးတော့ ဒေးကားရဲ့ခေတ်ကို ဥပမာအားဖြင့် ဝန်ခံပြောဆိုရရင် ဒဿနပညာရဲ့ဖြစ်ထွန်းမှုဟာ နိုင်ငံရေးကိစ္စထဲ မပါခဲ့ပါဘူး။ အဲဒီအမြင်ဟာလည်း တကယ်တော့ မှားတဲ့အမြင်ပါ။ လွန်ခဲ့တဲ့ရာစုလောက်ကတည်းက ဒေးကားနဲ့ပတ်သက်ပြီး သူ့ဒဿနဟာ နိုင်ငံရေးနဲ့မပတ်သက်ဘူးလို့ မပြောနိုင်တော့ပါဘူး။ အဲဒီကာလတုန်းက မာ့က်(စ)ဝါဒ ရှေးကပေါ်ပေါက်ခဲ့တဲ့ ဒဿနတွေကို ပြန်လည်ဖွဲ့စည်း တည်ဆောက်ဖို့ ကြိုးပမ်းချက်မှန်သမျှဟာ ကျုပ်ကတော့ အလုံးစုံမြေလှန်ပြောင်းလဲရေးဆိုရှယ်လစ်ဝါဒ (radical socialism) ဆီကို ပြန်သွားကြတာချည်းပဲလို့ဆိုမယ်။ ဖြစ်တည်ခြင်းပဓာနဝါဒကလည်း တော်လှန်ရေးကို ဖော်ဆောင်ဖို့ ဆန္ဒရှိတဲ့ အပိုင်းကိုပြောရရင် ဒါကြောင့် ကိုယ့်ကိုယ်ကို ဝေဖန်ရေးကို ပထမဆောင်ရွက်ခြင်းဖြစ်တယ်။ ဒီကိစ္စကို အောင်အောင်မြင်မြင် ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်ခဲ့တယ်လို့တော့

http://www.cherrythitsar.org



ကျုပ် သိပ်ပြီးမထင်မိပါဘူး။ ဒါပေမယ့် ဒီကိစ္စဟာ လုပ်ကို လုပ်ရမှာပဲ။ ဒီအယူဝါဒကိုထောက်ခံတဲ့ လူတွေရဲ့စိတ်ထဲမှာ ဒီကိစ္စဟာ အကြပ်အတည်း ဖြစ်လာလိမ့်မယ်။ ဒါဟာ ဒိုင်ယာလက်တစ် အကြပ်အတည်း (a dialectical crisis) တစ်ခုပဲ။ အကယ်၍ ဒီအကြပ်အတည်းဟာ ဆက်ပြီး တည်ရှိနေဦးမယ်ဆိုရင် သဘောတစ်မျိုးအားဖြင့်တော့ တန်ဖိုးမဲ့ မဟုတ်တဲ့ ဒီအခြေအနေကို ဒီဝါဒဘက်တော်သားတွေက ဆက်လက်ဆုပ်ကိုင်ထားကြဦးမှာပဲ။ ဘာကြောင့်လဲဆိုတော့ တချို့လူတွေက ဖြစ်တည်ခြင်းပဓာနဝါဒဘက်ကနေပြီး မငြိမ်မသက်ဖြစ်နေတဲ့ လူမှုရေးသဘောထားများအပေါ် ဆင်ခြေတက်နေကြတာကို ကျုပ် တွေ့မြင်နေရတယ်။ တကယ်ပဲ အထင်အရှားကိုပဲ တွန့်ဆုတ်တွန့်ဆုတ် လုပ်နေကြတာတွေ့ရတယ်။ အဲဒီအထဲက တစ်ယောက်က ရေးသားခဲ့တယ်။ နောက်ဆုံးပိတ် စီစစ်လိုက်လို့ရှိရင် ဒီသဒ္ဒါရဓမ္မဝါဒက ဒီခေတ်ရဲ့ လူမှုရေးအထူးဝန်ဆောင်မှုကို လုပ်ဆောင်နိုင်ကြလိမ့်မယ်။ လူလတ်တန်းစား ဘူဇွာလူတန်းစားကို နိုင်ငံတကာတော်လှန်ရေးလှုပ်ရှားမှုတွေမှာ တစ်ဦးကနေ ပါဝင်လာအောင် လုပ်စေနိုင်တဲ့ ဒဿနတစ်ခုကို ရရှိစေလိမ့်မယ်။ ဒီလိုသတိရှိတဲ့ ရည်ရွယ်ချက်ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ တစ်ယောက်ယောက်က လူလတ်တန်းစား ဘူဇွာတွေကို သူတို့ရဲ့ဖြစ်တည်မှုနဲ့ဆိုင်တဲ့ ဒဿနအမြင်တစ်ခုကို ပေးနိုင်လိမ့်မယ်။ အဲဒီဒဿနအမြင်က နိုင်ငံတကာတော်လှန်ရေးလှုပ်ရှားမှုရဲ့ တိုးတက်တဲ့တပ်ဦး ဖြစ်လာလိမ့်

http://www.cherrythitsar.org



မယ်။ ဒါကို ကျုပ်ဖော်ပြနေတာက ဥပမာအနေနဲ့ ဖော်ပြတာပါ။ ပြီးတော့ တခြားဒီသဘောမျိုးရှိတဲ့ အခြားအမြင်တွေကိုလည်း ခင်ဗျားကို ကျုပ်ပေးနိုင်ပါသေးတယ်။ အဲဒီလူတွေကို ပိုပြီးတောင် နက်နက်နဲနဲခံယူချက်ရှိကြသူတွေဖြစ်တယ်။ ဒီလူတွေဟာ ပိုပြီးလည်း ဖြစ်တည်ခြင်းပဓာနဝါဒရဲ့ ရည်ရွယ်ချက်တွေနဲ့ နီးကပ်မှုရှိကြတယ်။ သူတို့က သူတို့ရဲ့အမြင်ကို နိုင်ငံရေးသဘောတရား သီဝရီဖြစ်အောင် စတင်လုပ်ကိုင်နေကြပြီ ဖြစ်ပါတယ်။ ကျုပ်က စတင်ဆောင်ရွက်စပဲရှိသေးတယ်လို့ပြောတာက ဒီသီဝရီတွေကို လစ်ဘရယ်ဝါဒသစ် (Ne-Libralism) လို့ အရောင်ဆိုးထားကြတာတွေကိုပြောတာပါ။ အမြစ်လှန်ပြောင်းလဲရေး ဆိုရှယ်လစ်ဝါဒသစ် (neo radical socialism) လို့ခေါ်ထားကြတာတွေလည်းရှိကြသေးတယ်။ ဒါဟာ တကယ့်ကို အန္တရာယ်ကြီးဖြစ်ပါတယ်ဗျာ။ ကျုပ်တို့ အဓိကစိတ်ဝင်စားတာက ဖြစ်တည်ခြင်းပဓာနဝါဒက ထိတွေ့လေ့လာတဲ့ နယ်ပယ်တွေအချင်းချင်းဒိုင်ယာလက်တစ် သဟာဇာတဖြစ်မှု၊ ကိုက်ညီမှုရှိသလားမရှိဘူးလားဆိုတာကို သုတေသနပြုမှုမဟုတ်ဘူး။ ဒါပေမယ့်ဒီကိစ္စတွေရဲ့ ဦးတည်ရည်ရွယ်ချက်ကို သိဖို့ကိုပဲ လိုလားတယ်။ တဖြည်းဖြည်း နည်းနည်း နည်းနည်းစီ သူတို့ရဲ့ကာကွယ်သူတွေကို မသိစေဘဲ စုံစမ်းမှုတစ်ခု လုပ်ပြီးသူတို့ရဲ့သီဝရီတစ်ခု၊ သဘောထားတစ်ခု၊ သူတို့ရှေ့ရှုမှုတစ်ခုကို သိအောင်လုပ်ဖို့ပဲဖြစ်တယ်။ စိတ်ငြိမ်အောင်လုပ်ပြီးနှုတ်ပိတ်ရေငုံနေဖို့ မဟုတ်ပါဘူး။ ဒီခေတ်ဒီအခါမှာ ကိုယ့်

http://www.cherrythitsar.org



စိတ်ကို ငြိမ်အောင်ထားဖို့ ပြောနေတာဟာ ပြိုင်ပွဲမှာ အရှုံး ပေါ်ဖို့ပဲရှိတယ်။ မဖြစ်နိုင်တဲ့ကိစ္စပဲ ဖြစ်တယ်။ ဒါပေမယ့် သတိထားရေးဝါဒ (attentism) တော့ရှိဖို့လိုတယ်။ ဒါဟာ လူပုဂ္ဂိုလ်ရဲ့ ပုဂ္ဂလိကခံယူချက်နဲ့လည်း ဆန့်ကျင်ဘက် မဖြစ်ပါဘူး။ ဒါပေမယ့် စုပေါင်းထားတဲ့တန်ဖိုး (collection value) ကို သုတေသနပြုမှုနဲ့တော့ ကဏ္ဍကောဇဖြစ်တယ်။ အထူးသဖြင့် ယုံကြည်မှုသြဇာသက်ရောက်တဲ့ တန်ဖိုးထားမှုနဲ့တော့ ဖီလာကန့်လန့်ဖြစ်တာ အမှန်ပဲ။ ဘာဖြစ်လို့ဖြစ်တည်ခြင်းပဓာနဝါဒက လမ်းညွှန်ဦးတည်ချက် မပေးနိုင် တာလဲ။ လွတ်လပ်ခြင်းအတွက်ကြောင့်လား။ သို့သော် အကယ်၍သာ ဆား ပြညွှန်တဲ့ဘက်ဆီကို ဒီဒဿနအမြင်က ရှေ့ရှုလိုရင်းမှန်ခဲ့ရင် ဒီဝါဒက လမ်းညွှန်ချက်တွေပေးသင့်တာပေါ့။ ၁၉၄၅ နှစ်ကတုန်းကတည်းက ကျုပ်တို့ကို Union Des Socialistes Republications (ဆိုရှယ်လစ်သမ္မတနိုင်ငံ သမဂ္ဂ UDSR) ကို ဝင်သင့်တယ်။ ဆိုရှယ်လစ်ပါတီကို ဝင်သင့်တယ်။ ကွန်မြူနစ်ပါတီကိုဝင်သင့်တယ်၊ ဒါမှမဟုတ် တခြား တစ်ခုကို ဝင်သင့်တယ်လို့ လမ်းညွှန်ချက်အတိအကျ ပေးသင့်တာပေါ့။ ဒါဟာ အလုပ်သမား လူတန်းစားဘက်ဖြစ်တယ်။ ဒါကတော့ လူငယ်တန်းစား ဘူဇွာများဘက်ပဲလို့ ခွဲခြားပြီး လမ်းပြသင့်တာပေါ့ဗျာ။

http://www.cherrythitsar.org



**မစ္စတာဆားတ်ခါအဖြေ**

ခင်ဗျားကို အပြည့်အစုံအဖြေပေးဖို့တော့ တော်တော်ခဲယဉ်းပါလိမ့်မယ်။ ခင်ဗျားက ပြောခဲ့တာတွေက များလွန်းအားကြီးနေတယ်။ ဒါပေမယ့် တချို့အချက်အလက်အနည်းအကျဉ်းလောက်တော့ဖြင့် အကျွန်ုပ် မှတ်ထားတေးထားမိသလောက်ကိုတော့ ဖြေပါ့မယ်။ ပထမအချက်အနေနဲ့ အကျွန်ုပ်ပြောရမှာဖြင့် ခင်ဗျားက လေ့နံ့ခါးထစ်အယူအဆကို ဆုပ်ကိုင်ထားတယ်။ ခင်ဗျားကပြောတယ်။ အကျွန်ုပ်တို့က မာ့က်(စ)ဝါဒရဲ့ ရှေ့ကို ရောက်နေတဲ့အနေအထားကို ယူထားတယ်လို့ဆိုတယ်။ ဒီလိုဆိုတော့ ကျွန်ုပ်တို့ဟာ နောက်ကိုဆုတ်သွားနေတယ်ဆိုတဲ့သဘောမျိုး ဖြစ်နေတယ်။ ခင်ဗျား သက်သေပြဖို့လိုတာက အကျွန်ုပ်တို့ဟာ နောက်မှဖြစ်တဲ့ မာ့က်(စ)ဝါဒမဟုတ်ဘူးဆိုတာကို သက်သေပြရမယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အကျွန်ုပ်က စောဒကမတက်ချင်ပါဘူး။ မေးချင်တာကတစ်ခုပဲ ရှိတယ်။ အဲဒီဘယ်နည်းနဲ့ခင်ဗျားဟာ သစ္စာဆိုက်တဲ့အမြင်ဖြစ်တယ်လို့ ဆိုနိုင်မလဲ။ ခင်ဗျားစိတ်ထဲမှာ အကြွင်းမဲ့မှန်တဲ့ ပရမတ္ထသစ္စာတရားမျိုးလည်း ရှိတယ်လို့ စဉ်းစားထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက ခင်ဗျားရဲ့ကန့်ကွက်ချက်ကို မုချအမှန်ပဲလို့ စိတ်ချလက်ချပြောနေတယ်။ ဒါပေမယ့် ခင်ဗျားပြောသလို လူအားလုံးဟာ အရာဝတ္ထုတွေလို့ဆိုရင် အဲဒီလို ကျိန်းသေအမှန်လို့ စိတ်ချလက်ချ ရှာပြောနိုင်တာ ဘယ်ကရတာလဲ။ အဲဒါ လူ့ဂုဏ်သိက္ခာနဲ့ဆိုင်တဲ့သဘောပဲ။ လူဟာ သူ့ကိုယ်သူ ဝတ္ထုပစ္စည်း

http://www.cherrythitsar.org



တစ်ခုလို့ သဘောထားရင် ငြင်းမှာပဲဆိုတဲ့ သဘောနဲ့ပြော ထားတာဖြစ်တယ်။ အဲဒါမှားတာပေါ့။ ဒဿနအမြင် ယုတ္တိ အမြင်အကြောင်းကြောင့်မှားတာ။ အကယ်၍ ခင်ဗျားက ဝတ္ထုပစ္စည်းတွေချည်းတည်ရှိတဲ့ စကြဝဠာတစ်ခုကို မှန်းဆ တွေးတောကြည့်လိုက်ရင် အမှန်သစ္စာတရားလည်း ပျောက် ကွယ်သွားတယ်။ ဝတ္ထုပစ္စည်းချည်းတည်ရှိတဲ့ စကြဝဠာ ဆိုတာက တကယ်ရှိတဲ့ စကြဝဠာမဟုတ်ဘူး။ ဖြစ်နိုင်တဲ့ စကြဝဠာပဲဖြစ်တယ်။ ခင်ဗျားအနေနဲ့ အသိအမှတ်ပြုသင့် တာက သိပ္ပံသီဝရီပဲဖြစ်ဖြစ်၊ ဒဿနသီဝရီပဲဖြစ်ဖြစ်ဟာ ဖြစ်ခွင့်ဖြစ်လမ်းရှိတဲ့သဘောပဲ။ ကေန္တမုချဖြစ်တဲ့ သဘော မဟုတ်ဘူး။ ဒါကို သက်သေပြတာက သိပ္ပံနှင့်သမိုင်းအယူ အဆတွေ ပြောင်းလဲထွေပြားနေခြင်းပဲဖြစ်တယ်။ ဒါကြောင့် သီဝရီတွေဟာ အနုမာနမျက်ရမ်းမှန်းဆသဘောမျိုးနဲ့လုပ် ထား ကြတာပဲ ဖြစ်တယ်။ အကယ်၍ အကျွန်ုပ်တို့က ဒိဋ္ဌဓမ္မ လောကရှိတယ်လို့ ဝန်ခံရင် အဲဒီလောကဟာလည်း ဖြစ်နိုင်ချေရှိတဲ့ အနန္တစကြဝဠာတစ်ခုထက် ဘာမှ မပို နိုင်ဘူး။ အဲဒီကိစ္စမှာ ဖြစ်နိုင်ချေဆိုတာကလည်း အကျွန်ုပ် တို့ရထားတဲ့ မှန်ကန်ချက်သစ္စာတွေအပေါ်မှာ တည်ပြီး လုပ် ထားတာဖြစ်တော့ ဘယ်ကလာပြီး ကျိန်းသေဖြစ်မယ်လို့ စိတ်ချလက်ချ ပြောနိုင်ပါ့မလဲ။ အကျွန်ုပ်တို့ရဲ့ ပုဂ္ဂလဓိဋ္ဌာန် အယူကတောင် ကျိန်းသေ စိတ်ချလက်ချ ပြောလို့ ရ တာ ရှိသေးတယ်။ အဲဒါကြောင့် အကျွန်ုပ်တို့ အနေနဲ့ ဖြစ်နိုင်ချေပဲရှိတယ်ဆိုတဲ့ အဆင့်မှာ ခင်ဗျားတို့နဲ့ ပြန်ပြီး

http://www.cherrythitsar.org



ပူးပေါင်းလို့ရနိုင်သေးတယ်။ အဲဒီနည်းအားဖြင့် ခင်ဗျား တစ်လျှောက်လုံးပြောသွားတဲ့ တစ်ယူသန်လှေနံဓားထစ်ဝါဒ ကိုတောင် ခင်ဗျားနေရာက ကြည့်ရင်တောင် နားလည်ရ ခက်ပေမယ့် ခွင့်လွှတ်ပြီး လက်ခံကြည့်လို့ ရပါသေးတယ်။ အကယ်၍ ခင်ဗျားက သစ္စာသဘောကို အဓိပ္ပါယ်မဖွင့်ရင် မာ့က်(စ)ရဲ့ သီဝရီကို အယူဝါဒတစ်ခုအဖြစ် ပေါ်လွင်တာ မပေါ်လွင်တာ ပြုပြင်ထားတာ အပြင်သဘောတရားရေး တန်ဖိုးကလွဲပြီး ဘာမှမပိုဘူးဆိုတာတွေကို ခင်ဗျားအနေနဲ့ ဘယ်လိုလုပ်ပြီး စဉ်းစားလို့ရပ့ါမလဲ။ တကယ်လို့ လူတစ် ယောက်အနေနဲ့ စည်းမျဉ်းဥပဒေသတွေကို စတင်တွေးဆ ထားခြင်းမရှိဘဲနဲ့ ဘယ်လိုလုပ်ပြီး ဒိုင်ယာလက်တစ် သမိုင်းဖြစ်စဉ်ကို ဖန်တီးလို့ရမလဲ။ အကျွန်ုပ်တို့က ဒီတွေး တောမှု စည်းမျဉ်းစည်းကမ်းတွေကို ဒေးကားရဲ့ "Cogeto" သဘောတရားက ထုတ်ယူ ဆင်ခြင်ခြင်းအားဖြင့် ရခဲ့တာ ဖြစ်တယ်။ အဲဒီဆင်ခြင်ပုံ စည်းမျဉ်းစည်းကမ်းတွေကို ပုဂ္ဂလ မိဋ္ဌာန်ဆန္ဒအပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်ခြင်းအားဖြင့် ရှာတွေ့ခဲ့တာဖြစ်တယ်။ အကျွန်ုပ်တို့က ဘယ်တုန်းကမှ လူဟာ လူသားအတွက် ရည်မှန်းချက်စိတ်ဆန္ဒတစ်ခုတည်း ပဲရှိတာယ်။ (man is an object to man) ဆိုတဲ့အချက်အပေါ် မှာ ဆက်တိုက်အငြင်းမပွားခဲ့ဘူး။ ဒါပေမယ့် အပြန်အလှန် အညမည သဘောအားဖြင့်တော့ အဲဒီ ရည်မှန်းချက် စိတ်ဆန္ဒကို ဆုပ်ဆုပ်ပိုင်ပိုင် သိနားလည်ဖို့အတွက်တော့ ဒီနေရာမှာ သူ့ဖာသာ ကံပြုသူအဖြစ်ကို ရောက်လာတဲ့

http://www.cherrythitsar.org



အကြောင်းအရာတစ်ခု ပုဂ္ဂိုလ်သတ္တဝါတစ်ခုတော့ ရှိရမှာပေါ့။

နောက်ပြီး ခင်ဗျားက လူသားရဲ့အခြေအနေ (condition of man) အကြောင်းကိုလည်း ပြောခဲ့သေးတယ်။ အဲဒီဟာကို ခင်ဗျားက တစ်ခါတစ်ရံ ကြိုတင် အခြေအနေ ကြိုတင်လိုအပ်ချက် (pre-condition) ဆိုပြီးလည်း ခေါ်ဝေါ်သုံးနှုန်းထားတယ်။ ဒါကိုပဲ ခင်ဗျားကကြိုတင်ပြဋ္ဌာန်းထားချက် (pre-determination) လို့လည်း ပြောခဲ့သေးတယ်။ ခင်ဗျား ဒီနေရာမှာ ဂရုပြုမိဖို့ လက်လွှတ်သွားခဲ့တာက အကျွန်ုပ်တို့အနေနဲ့ မာ့က်(စ)ရဲ့ သရုပ်ဖော်ချက်မှာပါတာတွေကို စွဲစွဲမြဲမြဲ လက်ခံထားခဲ့တယ်ဆိုတဲ့အချက်ပဲ။ ခင်ဗျား က ၁၈ရာစုကို လူတွေကို ဝေဖန်သလိုမျိုး အကျွန်ုပ်ကို ဝေဖန်လို့ မရဘူး။ အဲဒီလိုတွေက ခု အကျွန်ုပ်တို့ ပြောနေတဲ့ ပြဿနာတစ်ခုံးလုံးကို ဘာမှမသိခဲ့ကြသေးဘူး။ ခင်ဗျား အကျွန်ုပ်တို့ကို ပြောဆိုနေခဲ့တဲ့ ပြဋ္ဌာန်းခံဝါဒ (determination) တွေအကြောင်းကို ကျွန်ုပ်တို့ သိခဲ့ပြီးတာဖြင့် ကြာလှပါပကောဗျာ။ အကျွန်ုပ်တို့ရဲ့ တကယ့်ပြဿနာအစစ်က တစ်လောကလုံးနဲ့စပ်ဆိုင်တဲ့ တစ်လောကလုံး အကျုံးဝင်တဲ့ သဘော (university) တည်ရှိနိုင်တဲ့အခြေအနေအချက်အလက်တွေကို အဓိပ္ပါယ်သတ်မှတ်ရေးကိစ္စပဲ ဖြစ်တယ်။ လူ့သဘာဝ (human nature) ဆိုတာ မရှိလေတော့ ဆက်တိုက်ပြောင်းလဲနေတဲ့ သမိုင်းကြောင်းတစ်လျှောက်မှာ ဥပမာ သူ့ခေတ်သူ့အခါရဲ့ ထင်သာမြင်သာတဲ့အခြေအနေတွေကို အနည်းအကျဉ်း နားလည်စေနိုင်တဲ့ စပါးတကပ်(စ်)ရဲ့

http://www.cherrythitsar.org



အကြောင်းဟာ လူတိုင်းနဲ့ သက်ဆိုင်တဲ့အခြေခံမူ သဘော တရားတွေအဖြစ် အပြည့်အဝ ဘယ်နည်းနဲ့ အဓိပ္ပါယ်ဖွင့်ဆို နိုင်ပါ့မလဲဗျ။ ဒီအချက်အပေါ်မှ အကျွန်ုပ်တို့က သဘောတူ ကြတယ်။ ဒါကဘာလဲဆိုတော့ လူ့သဘာဝဆိုတာ မရှိဘူး ဆိုတာပဲ။ တခြားစကားနဲ့ ပြောရရင် ခေတ်တစ်ခေတ်တိုင်း ဟာ ဒိုင်ယာလက်တစ်နိယာမအတိုင်း ဖြစ်ထွန်းကြတာချည်း ပဲ။ လူတွေကလည်း ခေတ်အပေါ်မှာပဲမူတည်ပြီး ပြောင်း လဲကြတာပဲ။ လူ့သဘာဝအပေါ် မူတည်ပြီး ပြောင်းကြတာမှ မဟုတ်တာဘဲ။ ခင်ဗျားက အဓိပ္ပါယ်ဖွင့်ဆိုဖို့ကြိုးစားရာ မှာ ပြောထားတာက 'အဲဒီလို ဖြစ်ရတာဟာ သီးခြား အခြေအနေတွေနဲ့ ဆက်ဆံနေကြရလို့ပဲ ဖြစ်တယ်'လို့ ဆို ထားတယ်။

အကျွန်ုပ်တို့ဘက်အပိုင်းမှာတော့ ခေတ်တစ်ခေတ် ရဲ့ လူမှုဘဝထဲမှာ တူညီတာတွေ ကွဲပြားတာခြားနားတာ တွေကို စဉ်းစားတဲ့အခါ အကျွန်ုပ်ခေတ်နဲ့ နှိုင်းယှဉ်ပြီးပဲ စဉ်းစားတယ်။ တစ်နည်းပြောရဦးမယ်ဆိုရင် အကျွန်ုပ်တို့က တူညီနေတာတွေကိုလည်း ခွဲခြမ်းစိတ်ဖြာကြည့်ဖို့ ကြိုးစား တယ်။ တခြားတရားကိုယ်သဘောဖြစ်တာတစ်ခုခုရဲ့ အစိတ် အပိုင်းတစ်ခုအဖြစ် စဉ်းစားတယ်။ အဲဒီတော့ အကျွန်ုပ်တို့က ဘယ်ကိုမှမရောက်တော့ဘူး။ အကယ်၍ ခင်ဗျားက ခန့်မှန်း ပြီး နောက်အနှစ်နှစ်ထောင်ကြာရင် လက်ရှိခေတ်ကို လူတွေ ရဲ့ ယေဘုယျအခြေအနေကို စူးစမ်းလေ့လာတာကလွဲပြီး လူတစ်ယောက်အနေနဲ့ ခွဲခြမ်းစိတ်ဖြာနိုင်ဖို့ နည်းလမ်းမရှိ

တော့ဘူးလို့ဆိုရင် ဘယ်လိုလုပ်ပြီး နောက်ကြောင်းပြန်ခွဲခြမ်းစိတ်ဖြာနေလို့ကော ရပ့်မလားဗျာ။ အဲဒါ မလုပ်နိုင်ပါဘူး။ အကျွန်ုပ်တို့အနေနဲ့ ခွဲခြမ်းစိတ်ဖြာမှု (ဝိဘဇ္ဇ)သဘောလိုအပ်တယ်ဆိုတာကိုတော့ သံသယလုံးဝမရှိပါဘူး။ လူသားရဲ့အခြေအနေကိုပဲဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်တစ်ဦးရဲ့ ရည်ရွယ်ချက်တွေကိုပဲဖြစ်ဖြစ်ပေါ့ဗျာ။ အဲဒါကို အကျွန်ုပ်တို့ အတိအကျခေါ်တာက ဖြစ်တည်ပုံအနေအထားဟာ အခြေအနေတစ်ခုလုံးပဲဖြစ်တယ်လို့ပြောတာ ဖြစ်တယ်။ ရုပ်ပိုင်းအခြေအနေသာမက စိတ်ခွဲခြမ်းလေ့လာမှုအပိုင်း (psycho-analytic) အဲဒါက အဲဒီစဉ်းစားနေတဲ့ခေတ်မှာရှိတဲ့ အနေအထားကိုပဲ တစ်ခုလုံးခြုံပြီး အဓိပ္ပါယ်သတ်မှတ်တာပဲ။

**မစ္စတာနာဗီးလ်**

ခင်ဗျားရဲ့ အဓိပ္ပါယ်သတ်မှတ်ချက်ဟာ ခင်ဗျားဟောတဲ့တရားနဲ့ ကိုက်ညီမှုရှိတယ်လို့ ကျုပ်မထင်ဘူး။ ထားပါတော့၊ သိသာထင်ရှားပေါ်လွင်နေတာကတော့ ခင်ဗျားယူဆတဲ့အနေအထားဟာ မာ့က်(စ)ဝါဒီတွေရဲ့ အယူအဆနဲ့ ဘယ်နည်းနဲ့မှ တစ်ထပ်တည်းမကျဘူး၊ သိပ်အလှမ်းဝေးပါတယ်။ ခင်ဗျားအထဲမှာက ကြောင်းကျိုးနိယာမတရားကိုငြင်းပယ်ထားတယ်။ ခင်ဗျားရဲ့ အဓိပ္ပါယ်သတ်မှတ်ချက်က တိကျမှုလည်းမရှိဘူး။ မကြာခဏအနေအထားတစ်ခုကနေ တခြားတစ်ခုကို လိမ်မာပါးနပ်စွာ လွတ်ထွက်သွားတတ်တယ်။ အကြမ်းဖျဉ်း ပြည့်စုံမှုရှိအောင်တောင် အဓိပ္ပါယ်

http://www.cherrythitsar.org



မသတ်မှတ်နိုင်ဘူး။ ကျုပ်တို့အတွက်တော့ဖြင့် အနေအထား တစ်ခုဆိုတာဟာ အလုံးစုံတည်ဆောက်ထားတဲ့ သဘော တစ်ခု (a totality that is constructed)ပဲ ဖြစ်တယ်။ ပြီးတော့ အဲဒီအခြေအနေကလည်း ဆုံးဖြတ်ပြဋ္ဌာန်းချက်အားလုံးက တည်ဆောက်ထားတာပဲ ဖြစ်တယ်။ ဒီပြဋ္ဌာန်းချက်တွေ ဟာလည်း ကြောင်းကျိုးဆက်နွယ်မှုရှိတယ်။ ပြီးတော့ ဒီ ကြောင်းကျိုးဆက်သဘောကလည်း စာရင်းဇယားသဘော အရပဲ ဖြစ်တယ်။

**မစ္စတာသားတ်၏အဖြေ**

ခင်ဗျားက စာရင်းဇယားအရ ကြောင်းကျိုးဆက် သဘောကိုပြောတယ်။ အဲဒါ ဘာအဓိပ္ပါယ်မှ မရှိဘူး။ ခင်ဗျား အကျွန်ုပ်ကို တိတိကျကျ ရှင်းရှင်းပြောစမ်းပါ။ ခင်ဗျားက ကြောင်းကျိုးတရားဆိုတာကို ဘယ်လိုများနားလည်ထားတာ လဲလို့။ မာ့က်(စ)ဝါဒီတစ်ယောက်က နေ့စဉ် ဘဝထဲက မာ့က်(စ)ဝါဒီတို့ရဲ့ ကြောင်းကျိုးဆက်တရားအကြောင်းကို အကျွန်ုပ်ကို ရှင်းပြနိုင်ရင် အကျွန်ုပ်က ယုံကြည်မယ်။ လူ တစ်ယောက်က ခင်ဗျားကို လွတ်လပ်ခွင့်နှင့်အကြောင်းကို ပြောမယ်လုပ်တိုင်း ခင်ဗျားက ‘ခွင့်ပြုပါခင်ဗျာ၊ ဒီကိစ္စမှာ အကြောင်းရှိပါတယ်’လို့ ပြောပြီးအချိန်ဖြုန်းနေတာပဲ ရှိတာ ပဲ။ ဒါပေမယ့် ဒီလျှို့ဝှက်တဲ့အကြောင်းတရား၊ အဓိပ္ပါယ် ဘာမှမရှိတဲ့ စကားအတွက် ဟေဂယ်ကလွဲပြီး ခင်ဗျားမှာ အထောက်အထားမရှိဘူး။ မပြနိုင်ဘူး။ ခင်ဗျားက မာ့က်(စ)

http://www.cherrythitsar.org



ဝါဒီတွေပြောတဲ့ အကြောင်းတရားဆိုတာကို စိတ်ကူးယဉ်ပြီး ပြောနေတာသာဖြစ်တယ်။

❒ **မစ္စတာနာပီးလ် မေး**

ခင်ဗျားအနေနဲ့ သိပ္ပံနည်းကျ အမှန်သစ္စာသဘောကို လက်ခံသလား၊ မုချမှန်တယ်လို့ ကြိုတင်ဟောဟိန်းထုတ်လို့မရတဲ့နေရာဟာ သိပ္ပံနယ်ပဲဖြစ်တယ်။ ဒါပေမယ့် ဝတ္ထုဒြပ်တွေ တည်ရှိတဲ့လောက ဒါကိုတော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် ခင်ဗျား လက်ခံမှာပါ။ အဲဒီလောကနဲ့ သိပ္ပံပညာဟာ ပတ်သက်နေတယ်။ ဒီတော့ကာ ခင်ဗျားအတွက်တော့ ဒီကမ္ဘာကြီးဟာ ဖြစ်ချေပဲရှိတဲ့ ကမ္ဘာကြီးဖြစ်နေမှာပေါ့။ သစ္စာဆိုက်တဲ့အထိ ဘယ်ရောက်တော့မှာလဲ။ အထည်ဒြပ်ဝတ္ထုပစ္စည်းများတည်ရှိရာ ဒီကမ္ဘာဟာ သိပ္ပံပညာရဲ့ကမ္ဘာပါ။ ဒါကြောင့် အကြွင်းမဲ့မှန်တဲ့ ပရမတ္ထသစ္စာကို လက်မခံဘူး။ ဒါက သမုတိသစ္စာနယ်ပဲ ဖြစ်တယ်။ ခု ခင်ဗျားက သိပ္ပံပညာက အကြောင်းတရားအဖြစ်ကို အသုံးပြုနေတာကြောင့် ခင်ဗျားအနေနဲ့လည်း ကြောင်းကျိုးနိယာမတရားကို လက်ခံနိုင်ပါလိမ့်မယ်။

**မစ္စတာသားတ်ဓ် အဖြေ**

လုံးဝ လက်မခံဘူး။ သိပ္ပံပညာဆိုတာက တရားကိုယ်သဘောတွေ ဖြစ်တယ်။ သူတို့က အကြောင်းအချက်ကွဲပြားခြားနားမှုဆိုတာတွေကို စူးစမ်းလေ့လာကြတာ။ ဒါ

http://www.cherrythitsar.org



ကြောင့် တရားကိုယ်သဘောပဲ ဖြစ်တယ်။ တကယ့် အကြောင်းအကျိုးအစစ် မဟုတ်ဘူး။ အကျွန်ုပ်တို့နဲ့ ပတ်သက်တာက တစ်လောကလုံးနဲ့ဆိုင်တဲ့ အကြောင်းအချက်တွေ (အဲဒီနယ်မှာ သူတို့ရဲ့ ဆက်နွယ်မှုတွေကို အမြဲတမ်း လေ့လာလို့ရတယ်။ မာ့က်(စ)ဝါဒထဲမှာတော့ တစ်စုံတစ်ယောက်ဟာ ကေဉသုံ (single totality) ကို လေ့လာရာမှာ သူက ကြောင်းကျိုးဆက်နွယ်မှုကို ရှာတာ ဖြစ်တယ်။ ဒါပေမယ့် ဒါဟာ သိပ္ပံပညာကပြောတဲ့ ကြောင်းကျိုးတရားနဲ့ လုံးဝမတူပါဘူး။

❒ **မစ္စတာနာပီးလ် မေး**

ခင်ဗျား ဟောပြောတဲ့အထဲမှာ ခင်ဗျားကို လာတိုင်ပင်တဲ့လူငယ်တစ်ယောက်ကို ဥပမာပြုပြီး သူ့အကြောင်းကို အကျယ်တဝင့် ပြောသွားခဲ့တယ်။

**မစ္စတာဆားတ်ရ်၏ အဖြေ**

အဲဒါက လွတ်လပ်ခွင့်ပြဿနာပဲ မဟုတ်လား။

http://www.cherrythitsar.org



**❒ မစ္စတာနာပီးလ် မေး**

သူ့ကိုတော့ အဖြေပေးသင့်တယ်။ ကျုပ်ဆိုရင် သူ့ရဲ့စွမ်းဆောင်အားတွေ သူ့အသက်အရွယ် သူ့ရဲ့ငွေရေးကြေးရေးအခြေအနေရင်းမြစ် စသည်တွေကို သေချာပေါက်သိအောင် ကြိုးပမ်းမိမှာပဲ။ ပြီးတော့ သူ့မိခင်နဲ့ သူ့ဆက်နွယ်မှုကိုလည်း ပြည့်ပြည့်စုံစုံနားလည်အောင် ကြိုးစားမယ်။ ကျုပ်အနေနဲ့တော့ အဖြစ်နိုင်ဆုံး အကြံဉာဏ်ထင်မြင်ချက်ကို ပေးကောင်းပေးနိုင်မယ်။ ဒါပေမယ့် တိကျတဲ့အမြင်(ထင်မြင်ချက်)ကို ရအောင်တော့ သေချာပေါက်ကြိုးစားကြည့်မှာပဲ။ တကယ်လုပ်ကြည့်တဲ့အခါ မှားချင်လည်းမှားပါစေ။ ကျုပ်ကတော့ သေချာပေါက် တစ်ခုခုလုပ်ဖို့ တိုက်တွန်းမှာပဲ။

**မစ္စတာဘားတ်ဒေါ် အဖြေ**

တကယ်လို့ သူက ခင်ဗျားထံ အကြံဉာဏ်တောင်းဖို့လာလို့ရှိရင်လည်း အဲဒါ သူ့မှာ အသင့်ရွေးချယ်ပြီးသားအဖြေ ပါလာမှာပဲ။ လက်တွေ့အားဖြင့်တော့ အကျွန်ုပ်က သူ့ကို အကြံဉာဏ်အချို့ ပေးနိုင်ပါတယ်။ ဒါပေမယ့် သူရှာနေတာက လွတ်လပ်ခွင့်ဖြစ်တော့ကာ အကျွန်ုပ်က သူ့ကို သူ့ဖာသာသူပဲ ဆုံးဖြတ်ခွင့်ပေးလိုက်တာဖြစ်တယ်။ ပြီးတော့ သူ ဘာဆက်လုပ်မယ်ဆိုတာလည်း အကျွန်ုပ်က သိတယ်။ သူလည်း အဲဒီအတိုင်းလုပ်တာပါပဲဗျာ။

ပြီးပါပြီ။

http://www.cherrythitsar.org

